မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့ — ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့။

**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဒေသခံပြည်သူများအသိဆုံးဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်တို့ လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မြောက်ဦးမြို့သို့ရောက်ရှိ၍ မြို့တည်ငြိမ်အေးချမ်းမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြောက်ဦးမြို့ နဝရတ်ဟိုတယ်ဧည့်ခန်းမ၌ မြောက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦးတို့က မြောက်ဦးမြို့သို့ နှစ်အလိုက် ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုအခြေအနေနှင့် လေယာဉ်ကွင်းတည်ဆောက်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ

စာမျက်နှာ ၉ ကော်လံ ၁ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းနှင့်ဆောင်ရွက်မှုအခြေအနေကို သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး
ပူးပေါင်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၁/၂၀၁၃)

**၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃ ရက်
၁၃၇၅ ခု တော်သလင်းလပြည့်ကျော် ၁၄ ရက်**

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းနှင့်
ဆောင်ရွက်မှုအခြေအနေကို သတင်းထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် (၂၃-၈-၂၀၁၃) ရက်နေ့တွင် တစ်ကြိမ်၊ (၃၀-၉-၂၀၁၃) ရက်နေ့တွင်တစ်ကြိမ် အစည်းအဝေးကိုနှစ်ကြိမ်ကျင်းပ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသော အောက်ပါဦးတည်ချက် (၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာစေရေး၊

(ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး။

စာမျက်နှာ ၅ ကော်လံ ၄ ▲

ယနေ့ **မာတိကာ**

ရွာမ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်း၌ (၁၂၀) မဂ္ဂါဝပ်ဓာတ်အားပေးစက် (၂)လုံး တည်ဆောက်လျက်ရှိ *စာမျက်နှာ -၄*

မိကျောင်းကန် မြေယာအငြင်းပွားမှုနှင့်ပတ်သက်ပြီး ဆန္ဒပြမှု ထပ်မံဖြစ်ပွား *စာမျက်နှာ -၆*

ရာဖေးလ်နာဒယ် ကမ္ဘာ့နံပါတ်တစ် ဖြစ်နိုင် *စာမျက်နှာ -၁၄*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်နှင့် အင်တာနက်ကဖေး

အင်တာနက်ကဖေးဟူသော စကားလုံးကို ကြားဖူးခဲ့တာ တော့ကြာပါပြီ။ ဤစကားလုံးသည် အနောက်နိုင်ငံများမှ ပျံ့ပွားလာခြင်းဖြစ်သည်။ အမှန်စင်စစ် ထိုစကားလုံးသည် အင်တာနက်ဆိုင်များ ကဖေးဆိုင်များကဲ့သို့ အများအပြားရှိပြီး လူဝင်လူထွက်များ၍ တင်စားခေါ်ဝေါ်ခဲ့ခြင်းပင် ဖြစ်သည်။

ယနေ့ခေတ်တွင်မူ ထိုသို့တင်စားခေါ်ဝေါ်ခြင်း မဟုတ်တော့ပါ။ အမှန်တကယ်ပင် အင်တာနက်ကဖေးဆိုင်များ ဖြစ်လာကြပါပြီ။ အဘယ်ကြောင့်ဟူမူ ကျွန်ုပ်တို့နိုင်ငံတွင် လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ စားသောက်ဆိုင်တို့က စားသုံးသူများကို Wi-Fi အခမဲ့သုံးနိုင်အောင် ဆွဲဆောင်လာကြခြင်းကြောင့် ဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အချို့သော ကဖေးဆိုင်များ၌ Wi-Fi သုံးနိုင်အောင် စီမံထားပြီး လူငယ်လူရွယ်များကို ဆွဲဆောင်နေကြပြီ ဖြစ်ပါသည်။

လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်တို့၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ကက်ဆက်ခေတ်တွင် ကက်ဆက်များဖွင့်၍လည်းကောင်း၊ ဗွီဒီယိုတိပ်ခွေခေတ်တွင် ဗွီဒီယိုတိပ်ခွေများ တပ်ဆင်၍လည်းကောင်း၊ ဗွီစီဒီ၊ ဒီဗွီဒီခေတ်တွင် ဗွီစီဒီ၊ ဒီဗွီဒီများဖွင့်၍လည်းကောင်း၊ ရုပ်ရှင်ဇာတ်လမ်းတွဲ၊ မီဒီယို၊ အားကစား၊ ဘောလုံးပြိုင်ပွဲ အစရှိသောဖျော်ဖြေရေးများဖြင့် စားသုံးသူများကို ဆွဲဆောင်ခဲ့ကြပါသည်။ ယနေ့ခေတ်တွင်မူ Wi-Fi များအခမဲ့သုံးစွဲနိုင်အောင် တပ်ဆင်၍ ဆွဲဆောင်နေကြပြီ ဖြစ်ပါသည်။ ယနေ့အချိန်အခါသည် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အင်တာနက်ယဉ်ကျေးမှု ထွန်းကားလာသော ခေတ်ဟု ဆိုရပေလိမ့်မည်။ လူငယ်အများစုလက်ထဲတွင် အင်တာနက်ချိတ်ဆက်ထားသော ဟန်းဖုန်းများ၊ တက်ဘလက်များ ကိုင်တွယ်အသုံးပြုနေကြသည်ကို တွေ့ရပေသည်။ လူငယ်အများစုသည် Wi-Fi အခမဲ့အသုံးပြုနိုင်သော လက်ဖက်ရည်ဆိုင်တို့တွင် ဟန်းဖုန်းကိုယ်စီဖြင့် အလုပ်များနေကြသည်။ Skype, Go Chat, tango, Viber အစရှိသော လူငယ်ဝက်ဘ်ဆိုက်များပေါ်တွင် Chatting ဝင်ခြင်းဖြင့် အလုပ်များနေကြခြင်းပင်ဖြစ်သည်။ အွန်လိုင်းမီဒီယာခေတ်ကြီးတွင် လူငယ်အများစု အင်တာနက်အသုံးပြုလာနိုင်ခြင်းသည် ကောင်းပါသည်။ အင်တာနက်မှပေးသော ဗဟုသုတမြောက်မြားစွာလည်း အမှန်ပင်ရပါသည်။

အင်တာနက်စာမျက်နှာများပေါ်တွင် ဖတ်၍မကုန်နိုင်လောက်အောင် သတင်းအချက်အလက် မြောက်မြားစွာရှိပါသည်။ ဂျာနယ်၊ မဂ္ဂဇင်းများဝယ်ဖတ်စရာမလိုအောင် ဖတ်စရာ မှတ်စရာများရှိပါသည်။ အကယ်၍များ Chatting ဝင်ပြီး အချိန်ကုန်စေမည့်အစား ဖတ်မကုန်နိုင်သော အကျိုးရှိသောသတင်းများကို ဖတ်ရှုလေ့လာမှတ်သားကြမည်ဆိုလျှင် ဗဟုသုတကြွယ်ဝသော လူငယ်လူရွယ် အများအပြား ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ လေ့လာဖတ်ရှုဆည်းပူးမှုတိုင်းသည် ဗဟုသုတကို ပို၍ပို၍ တိုးပွားစေပါသည်။ အသိဉာဏ်ကို ရှင်သန်ကြီးထွားစေပါသည်။ ထို့ကြောင့် လူငယ် လူရွယ်တို့အနေဖြင့် အင်တာနက်ကဖေးဆိုင်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ဥတ္တရသီရိမြို့နယ်ရှိ ဧက ၉၀၀ စိုက်ကွင်း၌ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရန် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းများ စိုက်ပျိုးအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်း၌ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချရန် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းများနှင့် ပျိုးဥယျာဉ်ရှိ ပျိုးခင်းများကို ကြည့်ရှုအားပေးပြီး ကိုးရွာသပြေကုန်းကျေးရွာမှ ရပ်မိရပ်ဖ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများအတွက် လက်တွေ့ဝင်ငွေတိုးတက်စေရေး ရည်မှန်းချက်ဖြင့် စပါးအပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအမယ်မျိုးစုံကို ဂျပန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နာနတ်စိုက်ကွင်း၊ ပိန်းဥစိုက်ကွင်းများနှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး၌ ဂျုံမြစ်ပင်များ စိုက်ပျိုးထားမှုနှင့် မျိုးသန့်မြေပဲစိုက်ကွင်းနှင့် နုတ်သိမ်းပြီး မျိုးမြေပဲများကိုကြည့်ရှု၍ ဆောင်းရာသီအချိန်ကိုက် တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျုံမြစ်များကို အဆင့်မြှင့်တင်ပို့နိုင်ရေး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အခြောက်ခံစက်များကို စစ်ဆေးပြီး စက်များကို ကိုရီးယားပညာရှင်များဖြင့် တပ်ဆင်၍ ထွက်ရှိလာသော ဂျုံမြစ်များနှင့် ဟင်းသီးဟင်းရွက်များကို ကိုရီးယားဈေးကွက်သို့ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်လိုအပ်ချက် တန်ချိန်အလုံအလောက် တင်ပို့နိုင်ရေး၊ အရည်အသွေးအာမခံနိုင်ရေးအတွက် ပညာရှင်များက စီးပွားဖြစ်စိုက်ပျိုးသော တောင်သူများကို တစ်ချိန်တည်း တစ်ပြိုင်တည်း မျိုးပွားစိုက်နည်းစနစ်များ၊ အရည်အသွေးထိန်းသိမ်းရေးနည်းစနစ်များ လေ့ကျင့်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

RBE အဲယားကွန်း လှည်းတန်းမှာလည်းရပ်ပေးစေချင်

ရန်ကုန်မြို့တွင် RBE အဲယားကွန်း မြို့ပတ်ရထား စမ်းသပ်ပြေးဆွဲခြင်းနှင့် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ရန် တစ်နေ့ ခရီးစဉ် ရှစ်ကြောင်း ပြေးဆွဲမည်ဆိုခြင်းသည် မြန်မာ့မီးရထား၏ တစ်ခေတ်ဆန်းစေမည့် ကြိုးပမ်းမှုအဖြစ် ရထားဖြင့် ခရီးသွားလာမှုများအတွင်း ရှုမြင်နေမှုရှိကြောင်း၊ လူတန်းစား တစ်ရပ်အတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ လူတန်းစားအလွှာပေါင်းစုံ ခရီးသွားအထောက်အကူပြုမှာဖြစ်ကြောင်း၊ ဆင်ခြေဖုံးမြို့လယ်ကောင်၊ မြို့တွင်းလမ်းယာဉ်ကြောသိပ်ကာ ဝန်ထမ်းများ၊ ခရီးသွားများ ခရီးပန်းလူပန်းအပြင် လမ်းများပေါ် လိုင်းကားများအပေါ် အချိန်ဖြုန်းတီးပြီး ရန်ကုန်မြို့၏ မွန်းကျပ်ပိတ်ဆို့မှု ခံစားနေကြရခြင်းကို သက်သာရာရစေမည့် မြန်မာ့မီးရထား၏ အစီအစဉ်ကောင်းတစ်ခု ဖြစ်သည်ဟုလည်း ပြောကြားနေကြသည်။

စက်တင်ဘာ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် RBE အဲယားကွန်း မြို့ပတ်ရထား၏ သမိုင်းကြောင်းနှင့်တန်ဖိုး၊ တစ်နေ့ရှစ်ကြောင်း ပြေးဆွဲပြီး ငွေကျပ် တစ်သိန်းလမ်းကြောင်း တစ်ကြောင်းကို အရှုံးခံပြီး ပြေးဆွဲပေးမည့် မြန်မာ့မီးရထား၏ စေတနာ၊ လက်ရှိ ရထားစီးသူများအပြင် မီးရထားဆီ ပြောင်းလဲစီးနင်းလာမည့် ခရီးသည်များကိုလည်း စွဲမက်စရာ ဆွဲဆောင်မှုတစ်ရပ်အဖြစ်လည်း ပေါ်လွင်နေကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ RBE အဲယားကွန်း မြို့ပတ်ရထား စတင်ပြေးဆွဲချိန်တွင် မိသားစုများဖြင့် လိုက်ပါအားပေးကာ ရန်ကုန်တစ်ပတ် အဲယားကွန်းရထားဖြင့်ဇိမ်ယူမည်ဟု အားခဲကြိုးဝါးထားသည့် ကမာရွတ်မြို့နယ် လှည်းတန်းဘူတာ၏ ရထားစီးခရီးသွားများ အဖို့ "ခဲလေသမျှ၊ သဲရေကျ"အပြင် ယင်းရထား လှည်းတန်းဘူတာဖြတ်သွားချိန်တွင် "မြင်သာ မြင်ရ၊ မကြင်ရ မောင့်ဘဝ" နှယ် အဖြစ်ဆိုးကြုံတွေ့နေရကြောင်း၊ အကြောင်းမှာ RBE အဲယားကွန်းမြို့ပတ်ရထား ရပ်နားမည့် ဘူတာစဉ်တွင် လှည်းတန်းဘူတာမပါရှိသည့်အတွက်ဖြစ်ကြောင်း၊ RBE အဲယားကွန်းမြို့ပတ်ရထား၏ မြို့ပတ်လမ်းကြောင်း နှစ်ကြောင်းစလုံးတွင် လှည်းတန်းဘူတာတွင် ရပ်တန့်မှုစာရင်းမပါကြောင်း သိရသည်။

အဆိုပါရထားကို မိသားစုအလိုက် အားပေးရန် အားခဲထားသူအမျိုးသမီးတစ်ဦးက "လှည်းတန်းဘူတာသည် အထင်ကရဖြစ်ကြောင်း၊ ဘူတာဝင်ငွေသည် တစ်နေ့ ငွေကျပ် တစ်သိန်းနီးပါး ရှိသည်သိရကြောင်း၊ အထူးသဖြင့် ကမ္ဘာလှည့် နိုင်ငံခြားခရီးသွားများ နှစ်ဦးသုံးဦးမှ အုပ်စုအလိုက် လှည်းတန်းမှအင်းစိန်၊ လှည်းတန်းမှ ဘုရားလမ်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်ဘူတာကြီးဆီ နေ့စဉ်နီးပါး စီးနင်းနေတာတွေ့ရကြောင်း၊ ယင်း RBE အဲယားကွန်း မြို့ပတ်ရထား ရပ်တန့်မည့် ဘူတာစဉ်တွင် လှည်းတန်းဘူတာ မပါဝင်ခြင်းကို စဉ်းစားမရနိုင်ကြောင်း မိမိတို့က မိသားစုအလိုက် အဲဒီရထားကို အားပေးမှာဖြစ်ပေမယ့် ကြည့်မြင်တိုင် ဘူတာ၊ ကမာရွတ်ဘူတာဆီသွားစီးဖို့ အဆင်မပြေကြောင်း၊ ဒါကြောင့် ယင်းရထား လှည်းတန်းဘူတာတွင် ရပ်တန့်ပေးဖို့ မြန်မာ့မီးရထားကို တောင်းပန်တင်ပြကြောင်း" ပြောကြားကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

သီတဂူရွှေပြည်ဟိန်းစက္ခုဓါနဆေးရုံ(ရန်ကုန်) ၂၈-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

Dr.Mya Aung ကြီးကြပ်မှုနှင့် Dr.Yi Yi Aung, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr. Kyaw Min Lwin, Dr. Aung Cho Htwe, Dr. S J Lwin, Dr. Thein Than Htike, Dr. Hla Hla Than, Dr. Win Mar, Dr. Tin Tin Linn, Dr. Kyawt Kyawt Naing, Dr. Nu Nu Yin, Dr. Yanmin Han အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဓါနဆေးရုံ၌ စက်တင်ဘာလ(၂၈)ရက်၊ (၂၇)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၄၇၀၀)ဦးတို့အား၊ စစ်ဆေးကုသခြင်းနှင့် (၃၃၂၅)ဦးအား ခွဲစိတ်ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ အောက်တိုဘာလ (၂၈၊၂၃)ရက်များတွင် ဦးရေ(၃၄၂၅ ပြည့်) (၂၈)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ အောက်တိုဘာလ (၇)ရက် တစ်ရက်တည်းသာ လက်ခံစစ်ဆေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Harvard Kennedy ကျောင်းအုပ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု Harvard Kennedy ကျောင်းအုပ်ကြီး Mr.David T. Ellwood နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

နယူးဇီလန် လွှတ်တော်ဥက္ကဋ္ဌ Rt.Hon. David Cater နှင့်အဖွဲ့ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ (Yangon Heritage Trust) တွင် ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၃

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နယူးဇီလန် လွှတ်တော်ဥက္ကဋ္ဌ Rt.Hon.David Cater နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust) သို့ရောက်ရှိရာ ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးနှင့်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြကြသည်။

နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ချစ်ကြည်ရေးအဖွဲ့အား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

မြန်မာတစ်နိုင်ငံလုံးတွင် လုပ်ငန်းကဏ္ဍအသီးသီး၌ အလုပ်လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်၍ ယနေ့ကျင်းပခဲ့သည်။

ပါဝင်တက်ရောက်

အဆိုပါအစည်းအဝေးကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျွမ်းကျင်သူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ ကျွမ်းကျင်သူများ၊ MDRI မှ ကျွမ်းကျင်သူများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော UNDP,IOM,FES စသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရာ၌ နိုင်ငံတကာမှ အနည်းဆုံး အခကြေးငွေ သတ်မှတ်ဆောင်ရွက်နေမှုများ၊ အားနည်းချက်နှင့် အားသာချက်များအပြင် မည်သည့်လုပ်ငန်းကဏ္ဍများတွင် စတင်သတ်မှတ်သင့်သည်၊ မည်သည့်ပုံစံဖြင့် သတ်မှတ်သင့်သည်၊ ထိုသို့သတ်မှတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို မည်သို့အစပျိုးဆောင်ရွက်သင့်သည် စသည်တို့ကို ကျွမ်းကျင်သူများက နိုင်ငံတကာတွင် ကျင့်သုံးမှုစနစ်နှင့် အတွေ့အကြုံများအရ အကြံပြုဆွေးနွေးခဲ့ကြသည်။ ကျွမ်းကျင်သူများနှင့် ဆွေးနွေးမှုရလဒ်များအရ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားရန်ရှိကြောင်း သိရှိရသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေ၏ နည်းဥပဒေများကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီစည်းဝေး

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ ပူးပေါင်းကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အမှာစကားပြောကြားပြီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးနှင့် ပူးပေါင်းကော်မတီဝင်များ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်တို့က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား IDLO မှ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးဌာနမှူး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား ရောမမြို့ အခြေစိုက် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖွဲ့ (IDLO) မှ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးဌာနမှူး Mr.Erwin Van Der Borght ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏လုပ်ငန်းတာဝန်များ၊ ခုံရုံး၏ဆောင်ရွက်ချက်များနှင့် ခုံရုံးဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စများ မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းကျော်၊ ဦးမြသိန်း၊ ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုရင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

mDrive

mDrive မှ Apple products ကို ရောင်းချခွင့်ရရှိခြင်းနှင့် mDrive ဆိုင်ဖွင့်လှစ်နိုင်ခြင်းတို့အတွက် mDrive နှင့် ထပ်တူထပ်မျှ အတိုင်းမသိ ဝမ်းသာဂုဏ်ယူဖြစ်ရပါကြောင်းနှင့် ကုမ္ပဏီအတွက် လိုက်လိုက်လှဲလှဲ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

AYA Bank

ပြည်တွင်းသတင်း

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သံတွဲမြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ကျေးရွာများအား သွားရောက်ကြည့်ရှုစစ်ဆေး

မွန်မြတ်သည့် သာသနာ့အလံကို အကြမ်းဖက်မှုများတွင် လွဲမှားစွာအသုံးချရန်ဦးဆောင်ခဲ့သူများအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေးသည့် နိုင်ငံတော်သမ္မတခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့နှင့်အတူ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် သံတွဲမြို့နယ် သဗြုချိုင်ကျေးရွာ၊ ပေါက်တောကျေးရွာ၊ မဲကျွန်းကျေးရွာ၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့ကို လှည့်လည်သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေအိမ်အချို့ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် အဖွဲ့သည် သဗြုချိုင်ကျေးရွာတွင် နေအိမ်များ မီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှ ဒေသခံများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဖြစ်စဉ်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ဒေသခံများက ၎င်းတို့၏ အခြေအနေနှင့်လိုအပ်ချက်များကို တင်ပြရာ ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို ထိထိရောက်ရောက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်အပေါ် အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများကို ထောက်ပံ့ပေးအပ်သည်။

သဗြုချိုင်ကျေးရွာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပဏာမစုံစမ်းဖော်ထုတ်ချက်အရ သံတွဲမြို့နယ် ရွှေလှေကျေးရွာအုပ်စု သဗြုချိုင်ကျေးရွာနေ အစ္စလာမ်ဘာသာဝင်များ၏ နေအိမ်များအား ဆင်ခေါင်း၊ ညောင်ခြေထောက်နှင့် အင်ဒိုင်းကြီးကျေးရွာသားအချို့က ၂၀၁၃ခုနှစ် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်နှင့် မွန်းလွဲ ၂ နာရီခွဲတို့တွင် ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ရာ အိမ်ခြေ ၅၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အစ္စလာမ်ဘာသာဝင်လူမျိုး အမျိုးသမီးတစ်ဦးနှင့် အမျိုးသားလေးဦး စုစုပေါင်းငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

သဗြုချိုင်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင်တိုင်းရင်းသား ကမန်လူမျိုးများအနေဖြင့် ဒေသခံရခိုင်လူမျိုးများနှင့် နှစ်ပေါင်းရှည်ကြာစွာ အတူတကွနေထိုင်ခဲ့ရာ ပြဿနာဖြစ်ပွားမှုမရှိဘဲ ဆင်ခေါင်း၊ ညောင်ခြေထောက်နှင့် အင်ဒိုင်းကြီးကျေးရွာများသို့ ပြောင်းရွှေ့လာခဲ့ကြသည့် ပုံကျလုပ်သားများကြောင့် ယခုကဲ့သို့ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း။

သဗြုချိုင်ကျေးရွာ အပါအဝင် ကျေးရွာများတွင် အကြမ်းဖက်မီးရှို့ သတ်ဖြတ်မှုများ ဆောင်ရွက်ရာတွင် ကြိုတင်၍ သာသနာ့အလံငယ်များ လွှင့်ထူထားသည့် နေအိမ်များမှာ ဖျက်ဆီးမှုမှ လွတ်မြောက်ကြောင်း သိရှိရသည်။

အဆိုပါ သာသနာ့အလံကိစ္စနှင့် ပတ်သက်ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်းက နိုင်ငံတော် ဗုဒ္ဓဘာသာနေ့ဟု ဗီနိုင်းစများဖြင့် ရပ်ကွက်၊ ကျေးရွာများတွင်ချိတ်ဆွဲခြင်း၊ သာသနာ့အလံများအား လမ်းများ၊ အိမ်များတွင် လွှင့်ထူခြင်းများ ပြုလုပ်ခဲ့ပြီးနောက် သာသနာ့အလံငယ်များအား အကြမ်းဖက်မှုများ အပြန်အလှန်ဆောင်ရွက်ရာတွင် ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာ ကွဲပြားမှုရှိစေရန် အသုံးပြုဆောင်ရွက်လာခဲ့ပါကြောင်း။

ဒေသခံများအနေဖြင့် အကြမ်းဖက်မှုများတွင် မိမိနေအိမ်ဖျက်ဆီးမခံရစေရေးအတွက် သာသနာ့အလံငယ်များဝယ်ယူခြင်း၊ အဖွဲ့အစည်း အချို့ကလည်း လိုက်လံရောင်းချခြင်းများ ဆောင်ရွက်လာခဲ့ကြကြောင်း၊ အကြမ်းဖက်မှုမပြုမီ မိမိတို့နေအိမ်များ၌ သာသနာ့အလံများလွှင့်ထူထားရန် ကြိုတင်အသိပေးလေ့ရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ မွန်မြတ်သည့် သာသနာ့အလံကို အကြမ်းဖက်မှုများတွင် လွဲမှားစွာအသုံးချရန် ဦးဆောင်ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သဗြုချိုင်ကျေးရွာ၌ အကြမ်းဖက်မှုကြောင့် နေအိမ်အချို့ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သဗြုချိုင်ကျေးရွာ၌ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဗြုချိုင်ကျေးရွာရှိ နေအိမ်တစ်လုံး၌ သာသနာ့အလံလွှင့်ထူထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်း၌ ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်နှစ်လုံးတည်ဆောက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွာမ သဘာဝဓာတ်အားပေးစက်ရုံသို့ သွားရောက်ရာ အစည်းအဝေးခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းဓာတ်ငွေ့/ရေနွေးစက်ရုံများဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမြင့်က ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်သော ဓာတ်ငွေ့ တာဘိုင် ၁၂၀ မဂ္ဂါဝပ် နှစ်လုံး တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် စက်များ အချိန်မီတပ်ဆင်ပြီးစီး၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စက်စတင်လည်ပတ်နိုင်ရန် လိုအပ်ကြောင်း၊ Turbine စက်များတပ်ဆင်ပြီးစီးချိန်နှင့် Gas Pipe Line များတပ်ဆင်ခြင်းလုပ်ငန်းတစ်ပြိုင်တည်းပြီးစီးရန် လိုအပ်ကြောင်း၊ စက်တည်ဆောက်တပ်ဆင်ခြင်းအပိုင်းတွင် အင်ဂျင်နီယာပိုင်းစသည့် လုပ်ငန်းများ စျေးနှုန်း တိကျမှန်ကန်မှုရှိစေရေး ပြန်လည်စစ်ဆေးရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း(သို့) အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် စစ်ဆေးရန်လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ထိုင်းနိုင်ငံ STF , EGATနှင့် မိမိတို့ ဝန်ကြီးဌာနတို့ လုပ်ဆောင်ရမည့် လုပ်ငန်းများ ခွဲခြားလုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းတာဝန်များ ရောထွေးမှုမရှိစေရေးအား အလေးထားဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ယခု စက်ရုံတည်ဆောက်ပြီးစီးလျှင် ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို လိုင်းသာယာ ၂၃၀ ကေဗွီဓာတ်အားခွဲရုံမှတစ်ဆင့် Grid အတွင်းသို့ ထည့်၍ ဓာတ်အားဖြန့်ဖြူးမည်ဖြစ်သောကြောင့် ရွာမ-လှိုင်သာယာ မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် လိုင်းလုပ်ငန်းများသည် စက်တည်ဆောက်ခြင်း လုပ်ငန်းထက် ကြိုတင်ပြီးစီးရန်လိုအပ်ကြောင်း၊ စက်ပစ္စည်းများ ဝယ်ယူရာတွင် ပြည်တွင်းကုမ္ပဏီများကိုသာမက နိုင်ငံတကာ ကုမ္ပဏီများကိုလည်း တင်ဒါများခေါ်ယူရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ကြိုက်နှစ်သက်ရာကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း စက်တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို နေ့/ည ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားပြီး ဓာတ်အားပေး စက်ရုံဝင်းအတွင်း ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေး စက်နှစ်လုံးတည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ထစ်ချုန်းမိုး

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ပြည်တွင်းသတင်း

စိန်ခေါ်မှုတွေကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်တဲ့စိတ်ဓာတ်နဲ့ ရင်ဆိုင်ကျော်လွှားသွားရမှာဖြစ်

စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တင်ပြသည့် စာတမ်း

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ခင်ဗျာ-

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ကိုယ်စားပြု တင်ပြသွားမယ့် ဗဟိုကော်မတီဝင် ဦးမြင့်ဦးဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နဲ့အညီ ဖွဲ့စည်းတည်ဆောက်ခဲ့ရာ သက်တမ်းအားဖြင့် သုံးနှစ်တာကာလအတွင်း ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

အခြေခံဥပဒေကို မဏ္ဍိုင်ပြုပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာရပ်တွေကို အပြန်အလှန်ထိန်းကျောင်းရေးမူနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လာခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုတွေ ရရှိနေပါတယ်။ ဒီအချက်တွေကို နိုင်ငံတကာကလည်း အသိအမှတ်ပြုလာကြတာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဟာ သက်တမ်းအားဖြင့် နုနယ်ပါသေးတယ်။ စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲဖော်ဆောင်ရာမှာ ကာလတစ်ရပ်အထိ သင့်တော်တဲ့အချိန်ကို ယူရမှာဖြစ်ပါတယ်။ မျှော်မှန်းသည့်အတိုင်း ပုံပေါ်လာအောင် အမျိုးသားရေးအင်အားစုအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ပြည်တွင်း/ပြည်ပ စိန်ခေါ်မှုတွေ ရှိနေတာဖြစ်တဲ့အတွက် ဒီစိန်ခေါ်မှုတွေကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်တဲ့စိတ်ဓာတ်နဲ့ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားသွားကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အောင်မြင်စွာပေါ်ထွန်းလာရေးအတွက် ဖော်ဆောင်ကြရာမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ပဓာနဖြစ်တဲ့ "တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာတည်ဆောက်ရေး"၊ ပြည်တွင်း/ပြည်ပ နိုင်ငံရေးဖြစ်စဉ်များနဲ့အညီ မြန်မာနိုင်ငံမှာ "ဒီမိုကရေစီ" နိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်ရေး "လူအများကောင်းစားရေးကို ဆောင်ကြဉ်းနိုင်တဲ့" "လူမှုသဟဇာတမျှတတဲ့ စီးပွားဖွံ့ဖြိုးမှုဖြစ်ပေါ်ရေး" စတဲ့ အမျိုးသားရေး ဦးတည်ရည်မှန်းချက်များကို ချမှတ်ဖော်ဆောင်ဖို့ လိုအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ခိုင်ခိုင်မာမာ ရှင်သန်ရပ်တည်နိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပဓာနလိုအပ်ချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်နိုင်ရေးပဲဖြစ်ပါတယ်။

ဒီလိုတည်ဆောက်ရာမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းအကျိုးနဲ့ တစ်မျိုးသားလုံးရဲ့ အကျိုး၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းနဲ့ ပြည်ထောင်စုကြီးရဲ့ အကျိုးကို မှန်ကန်မျှတစွာ ပေါင်းစပ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို မှန်ကန်မျှတစွာ ပေါင်းစပ်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ ပြည်နယ်များနဲ့တကွ ဒေသအသီးသီးမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ပိုင်ခွင့် အခွင့်အလမ်းများကို ထိုက်တန်မှန်ကန်စွာ ရရှိနိုင်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။

တိုင်းရင်းသားများရဲ့ အုပ်ချုပ်ရေးနဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ လုပ်ပိုင်ခွင့်များကို ပိုမိုတိုးမြှင့်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုတွေအတွက် များစွာအထောက်အကူဖြစ်စေမယ်လို့ အလေးအနက်ယုံကြည်ထားပါတယ်။

မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားဒေသအချို့မှာဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းကင်းစင်ပြီး လုံးဝ အပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေး ရရှိရေးကို ပြည်သူ သန်း ၆၀ ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးအားလုံးက ဆန္ဒပြင်းပြစွာ လိုလားနေကြပါတယ်။ အခုအချိန်မှာ အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ငြိမ်းချမ်းရေးရောင်ခြည်သန်းလာတာကို တွေ့ရတဲ့အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေကြတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေနဲ့ကလည်း တိုင်းရင်းသားပြည်သူ သန်း ၆၀ ကို ဗဟိုပြုဆောင်ရွက်ကြမှာဖြစ်လို့ ထာဝရငြိမ်းချမ်းရေးရရှိမယ်လို့ ယုံကြည်ထားပါတယ်။

ဒီကနေ့ နိုင်ငံတော်မှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တစ်မျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ တစ်မျိုးသားလုံးရဲ့ "ဘုံ" ရည်မှန်းချက်တွေဖြစ်တဲ့အတွက် နိုင်ငံရေးအင်အားစုများအားလုံးနဲ့ အမျိုးသားရေးအင်အားစုများအားလုံးတို့က စဉ်ဆက်မပြတ် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီလို တစ်မျိုးသားလုံးနဲ့ အကျိုးစီးပွားအတွက် ဦးတည်ရည်မှန်းဆောင်ရွက်ရာမှာ တိုင်းပြည်ရဲ့ လူအများစုကြီးဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အင်အားစုကြီးများဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားနဲ့ အမျိုးသမီးများရဲ့အခန်းကဏ္ဍကို ချန်လှပ်ထားလို့ ရမှာမဟုတ်ပါဘူး။ ဒီအင်အားတွေရဲ့ ဥပဒေပါ ရပိုင်ခွင့်တွေကို ရရှိခံစားနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဦးတည်ဖော်ဆောင်ရာမှာ ပါတီစုံဒီမိုကရေစီ ရှင်သန်တိုးတက်ရေး ရွေးကောက်ပွဲတွေမှာ ပြည်သူများအနေဖြင့် မိမိတို့၏ဆန္ဒကို လွတ်လပ်တရားမျှတစွာ ဖော်ထုတ်နိုင်ရေးနှင့် ပြည်သူတို့၏ဆန္ဒကို မှန်ကန်စွာထင်ဟပ်နိုင်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်မယ့် တစ်မျိုးသားလုံး ပြန်လည်စည်းလုံးညီညွတ်သင့်မြတ်ရေးကို ဖြစ်စေမယ့် ရွေးကောက်ပွဲစနစ်ပြင်ဆင်ကျင့်သုံးရေးတို့ကို အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းကြတဲ့အခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မဏ္ဍိုင်ပြုတဲ့ နိုင်ငံရေးလမ်းကြောင်းမှာ အမျိုးသားအင်အားစုများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပိုမိုကောင်းမွန်သင့်မြတ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တည်ရေးကို ရှေးရှုဆောင်ရွက်ရေးဟာ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ စိန်ခေါ်မှုဖြစ်နေပါတယ်။ ဒီစိန်ခေါ်မှုကို ဖြတ်ကျော်ရာမှာ ရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်နဲ့ ရယူကြိုးပမ်းနေမှုတွေကို မပျက်ယွင်းစေဘဲ အဆင့်ဆင့်တိုးတက်မှုများ ဖြစ်ပေါ်လာရေးကို ဦးတည်ရှေးရှုဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ။

မဇ္ဈိမဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း (၁၁) ကျောင်းနှင့် တက္ကသိုလ် (၈) ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် အပါး ၃၇၀နှင့် ဝေးလံခေါင်းပါးသော အာသံ တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် ၄၂၈ ပါးတို့အတွက် မဇ္ဈိမဒေသ (၃၆) ကြိမ်မြောက် ကထိန်သင်္ကန်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် နောက်ဆုံးထား၍ အောက်ပါ တယ်လီဖုန်းအမှတ်နှင့် လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

❖ မဇ္ဈိမဒေသ သာသနာပြုအဖွဲ့
အမှတ် (၁၃-က)၊ ငါးထပ်ကြီးဘုရားလမ်း၊ (ရုပ်ရှင်အစည်းအရုံးအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊

❖ ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့ (ရွှေမြင်တင် ဦးညို)
အမှတ် (၁၂)၊ မြို့သစ် (၁) လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၄၂၂၃၆

❖ ဒါန ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
YUZANA BUSINESS TOWER အခန်း(၁၀၃)၊၃-လွှာ ဓာတ်လှေကား အမှတ် (၂)
ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၁၆၁၄၈၊ ၀၁-၅၁၇၇၀၇၊ ၀၁-၅၁၇၇၀၈

▲ **ရှေ့ဖုံးမှ**

၃။ ဤသို့ဆောင်ရွက်ရာတွင် အများပြည်သူ၏ သဘောထားကို ကျယ်ပြန့်စွာသိရှိနိုင်ရန်အလို့ငှာ မိမိတို့ကော်မတီသည် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များထံမှ ၎င်းတို့၏ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် တောင်းခံသွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များထံမှ အကြံပြုချက်များကို သက်ဆိုင်ရာပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံမှတစ်ဆင့်လည်းကောင်း(သို့မဟုတ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ အတွင်းရေးမှူးထံသို့ လိပ်မူ၍လည်းကောင်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီပေးပို့နိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပေးပို့ရန်လိပ်စာ- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ
လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီရုံး
ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

ပူးပေါင်းကော်မတီ

စာပေမြင့်မှ လူမျိုးတင့်မည်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ ကိုဘန်နီချစ်

၄-၁၀-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သာယာချမ်းမြေ့ ကျန်းမာပျော်ရွှင်စွာဖြင့် ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အန်ကယ်ဦးစန်းရင်
စိန်ဂေါ်လီ၊ ကလေးမြို့

ဆီးဂိမ်းအကြိုဖူဆယ်ပြိုင်ပွဲတွင် ထိုင်းအမျိုးသားနှင့် ဗီယက်နမ်အမျိုးသမီးတို့ဗိုလ်စွဲ

နေပြည်တော် အောက်တိုဘာ ၃

ဆီးဂိမ်းအကြိုအာဆီယံဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ တတိယနေ့ရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိဖူဆယ် အားကစားရုံ၌ကျင်းပရာ ဗီယက်နမ်အမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့ ဗိုလ်စွဲသွားသည်။

အနိုင်ရရှိ

အမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲတွင် အိမ်ရှင်မြန်မာအသင်းက ခြေစွမ်းပြပြီး မလေးရှားအသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ မလေးရှားအသင်းကို အုပ်စုတွင်း တွေ့ဆုံစဉ်ကလည်း ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ယခုပွဲတွင် ထပ်မံအနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက အာဆီယံထိပ်သီး ထိုင်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်အသင်းမှာ အုပ်စုတွင်းတွေ့ဆုံစဉ်က ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် ခြေစွမ်းပြပြီး ပြန်လည်အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ဗီယက်နမ်က ပထမ၊ ထိုင်းက ဒုတိယ၊ မြန်မာက တတိယတို့ရရှိပြီး အသန့်ရှင်းဆုံးအသင်းဆုကို မလေးရှားက ရရှိခဲ့သည်။

ဗိုလ်လုပွဲ

အမျိုးသားပြိုင်ပွဲတတိယနေရာလုပွဲတွင် မြန်မာ(က)အသင်းက မြန်မာ(ခ)အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာ(က)အသင်းမှာအုပ်စုပွဲစဉ်တွင်လည်း အနိုင်ရရှိခဲ့ပြီး ယခုထပ်မံအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက မလေးရှားအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ အသန့်ရှင်းဆုံးအသင်းဆုကို မြန်မာ(ခ) အသင်းက ရရှိခဲ့သည်။

ဆုများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း(ဝဲပုံ)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဆုများချီးမြှင့်ခဲ့သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိကျောင်းကန် မြေယာအငြင်းပွားမှုနှင့် ပတ်သက်ပြီး ဆန္ဒပြမှုထပ်မံဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် ပြည်သာယာလမ်းထောင့်ရှိ မိကျောင်းကန်အပိုင်း(၁၊၂၃)မြေနေရာနှင့်ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပွားလျက်ရှိရာ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီမှစ၍ လူအင်အား ၃၀၀ ခန့်က ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မြို့တော်ခန်းမရှေ့တွင် **(အောက်ပုံ)** ဆန္ဒထုတ်ဖော်မှု ပြုလုပ်လျက်ရှိကြောင်း ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မိကျောင်းကန်မြေနေရာနှင့်ပတ်သက်ပြီး ဆန္ဒပြဖော်ထုတ်သူအများစုသည် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုအများစုဖြစ်ကာ အချို့မှာ ကျန်းမာရေးမကောင်းသူများ ပါဝင်နေသောကြောင့် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းမှစတင်၍ ဆန္ဒဖော်ထုတ်သူ မကျန်းမမာဖြစ်နေသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ရန် မြို့နယ်ဒေသန္တရ ကျန်းမာရေးဦးစီးဌာန မြို့တော်ခန်းမအတွင်း၌ ယာယီဆေးပေးခန်း ထားရှိပေးခြင်း၊ ဆန္ဒပြသူများ၏ ယာယီတဲစခန်းများအနီးတွင် လူနာတင်ယာဉ်တစ်စီးနှင့် ဆေးအဖွဲ့ထားရှိပေးကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်ပြီး “ဒါဟာ လူမှုရေးရှုထောင့်အရ ကူညီပေးနေတယ်လို့ မြင်ပါတယ်” ဟု လာရောက်ကြည့်ရှုသူတစ်ဦးက ဆိုသည်။

“သူတို့ ဒီတစ်ခါဆန္ဒပြတာ ခွင့်ပြုချက်တောင်းခံခြင်းမရှိပါဘူး။ အဲဒီအပြင် မွန်းလွဲ ၂ နာရီလောက်က မဟာဗန္ဓုလပန်းခြံ ခြံစည်းရိုးသံဆန်ခါဘေးပလက်ဖောင်းပေါ်မှာ ယာယီတဲတွေကိုပါ ဆောက်လုပ်ခဲ့တယ်” ဟု ကျောက်တံတားမြို့နယ် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုခိုင်လုံကြောင်း စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ပါက သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်ထံတင်ပြခြင်း၊ မြေယာစိစစ်ရေးကော်မတီမှတစ်ဆင့် တရားဥပဒေနှင့်အညီ ဖြစ်စေရန် လွှတ်တော်သို့ ဆက်လက်တင်ပြခြင်းများ ပြုလုပ်ပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ပြောကြားခဲ့သည်။

“ဒီဆန္ဒထုတ်ဖော်မှုကို ဦးဆောင်သူကိုယ်စားလှယ်အဖွဲ့နဲ့လည်း ကျွန်တော်တို့ တွေ့ဆုံပြီး ညှိနှိုင်းခဲ့ပါတယ်။ အမှန်တကယ် ပိုင်ဆိုင်ခြင်းမရှိဘူး၊ ပိုင်ဆိုင်မှု အထောက်အထားတွေ ပြသနိုင်ခြင်းမရှိဘူးဆိုရင် ခွင့်ပြုချက်မယူဘဲ ဒီလိုသပိတ်စခန်းဖွင့်ဆန္ဒဖော်ထုတ်မှုအပေါ်မှာ ဥပဒေအရ ဆောင်ရွက်သွားမှာပါ” ဟု ဗိုလ်မှူးကြီး တင်ဝင်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် ပြည်သာယာလမ်းထောင့်ရှိ ၃၃. ၈၅၅ ဧကအကျယ်ရှိ မိကျောင်းကန် အပိုင်း (၁၊၂၃)သည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေအဖြစ် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က အမိန့်ပြန်တမ်းဖြင့် တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုအချိန်က မိကျောင်းကန်မြေယာအတွင်း နေထိုင်သူများမှ အချို့ကို ကွန်ဒိုတိုက်ခန်းများ အစားထိုးပေးအပ်ခြင်း၊ အချို့ကို ကာလတန်ကြေးအတိုင်း လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီး အေးမြသာယာနှင့် အေးသုခတွင် မြေအစားထိုးပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်(သတင်းစဉ်)**

ခွေးရူးရောဂါကာကွယ်ရေး ပူးပေါင်းကူညီဆောင်ရွက်ပေး

သွန်းဖြိုးအောင်(ရောမြေ)

စက်တင်ဘာ ၂၈ ရက်သည် World Rabies Day ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ဖြစ်ပြီး ၄င်းနေ့မှစတင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့ ပူးပေါင်းပြီး ခွေး၊ ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး၊ အခမဲ့ထိုးပေးမည်ဖြစ်ကြောင်း သတင်းကို သတင်းစာတွင်ဖတ်ရှုရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။ ၄င်းအစီအစဉ်မှ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါကာကွယ်တားဆီးတိုက်ဖျက်ရန်နှင့် ခွေးရူးရောဂါကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကွက်ပြည့်ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၏ ပထမအဆင့် စီမံချက်ဖြစ်ကြောင်း သိရှိရပြီး နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဒုတိယအဆင့်စီမံချက်ကိုလည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောပြချက်အရ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါတားဆီးတိုက်ဖျက်ရန်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)မှ ပထမအဆင့်တွင် ကာကွယ်ဆေးလုံးရေ နှစ်သိန်းကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ၄င်းဆေးများကို အထက်တွင် ဖော်ပြခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ် ၁၇၂ ခုသို့ ဖြန့်ဝေပေးပြီး အခမဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွက် လိုအပ်ပါက ကာကွယ်ဆေးများထပ်မံပံ့ပိုး၍ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆရာဝန်များအသင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် ဖွဲ့စည်းထားသော YVCDF အဖွဲ့၊ ALT အဖွဲ့တို့နှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်သည် ရန်ကုန်မြို့တွင်နေထိုင်သူတစ်ဦးဖြစ်ရာ ခွေးရူးရောဂါအန္တရာယ်ကင်းရှင်းရေး လေလွင့်ခွေးများလျော့နည်းပပျောက်ရေးလုပ်ငန်းများအတွက် စိတ်ဝင်စားသူတစ်ဦးဖြစ်၍ ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ အခြားပြည်တွင်းပြည်ပ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များ၊ သတင်းစာ၊ ဂျာနယ်များတွင် ရေးသားသည့် ခွေးရူးရောဂါအန္တရာယ်ဆောင်းပါးများ၊ သတင်းစာများကို ဖတ်ရှုမှတ်သားပြီး ၄င်းကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်မှုရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနများမှ မိတ်ဆွေများ၊ တာဝန်ရှိသူများကို တွေ့ဆုံ၍ သိလိုသည်များမေးမြန်းခြင်း၊ အကြံပြုခြင်း၊ ပြည်သူများသို့တင်ပြခြင်းများ ဆောင်ရွက်လေ့ရှိပါသည်။ ထို့ကြောင့် ၂၆-၁၂-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ “ချစ်တတ်ကြသည်ဆိုရာဝယ်” ခေါင်းစဉ်ဖြင့် ကျွန်တော်တို့နိုင်ငံတွင် လေလွင့်ခွေးပေါများရသည့်အကြောင်းရင်း၊ လေလွင့်ခွေးများအပါအဝင် တိရစ္ဆာန်များပေါ်တွင် ထားရှိပြုမူတတ်သည့် ကျွန်တော်တို့ လူမျိုးများ၏စိတ်ဓာတ်နှင့်ပြုမူဆောင်ရွက်ချက်များ၊ လေလွင့်ခွေးများအပါအဝင် တိရစ္ဆာန်များမှလူသို့ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဆောင်ရွက်မှုအခြေအနေများ၊ ကျွန်တော်အပါအဝင်မြို့နေပြည်သူများမှ လိုက်နာသင့်သောအချက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုအပ်ချက်များကို လေ့လာသိရှိရသမျှ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ခွေးရူးရောဂါကာကွယ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံတစ်ခုတည်းတွင်မဟုတ်၊ နိုင်ငံတကာတွင်ဆောင်ရွက်နေရသည့် ကိစ္စဖြစ်ပါသည်။ ဩဂုတ် ၂၉ ရက်နေ့ထုတ် ပေါ်ပြူလာနယူးစ်ဂျာနယ်တွင် သတင်းဆောင်းပါးရှင်ကျော်ရဲလင်းနှင့် ရန်နိုင်တို့၏ လေလွင့်ခွေးများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံရှိ လေလွင့်ခွေးများအခြေအနေကို ဖော်ပြထားပြီး အမေရိကန်နိုင်ငံ ဒက်ထရွိုက်မြို့တစ်မြို့တည်းတွင် လေလွင့်ခွေးကောင်ရေငါးသောင်းခန့်ရှိကြောင်း ဖတ်ရှုရသည့်အပြင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင် လေလွင့်ခွေးရှင်းလင်းရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေမှု၊ လေလွင့်ခွေးများထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ခွေးချစ်သူများက ကြိုးပမ်းဆောင်ရွက်နေမှုများကို သိရှိခဲ့ရပါသည်။

ခွေးရူးရောဂါ အန္တရာယ်နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းချက်အပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်၊ ကျင်းပလျက်ရှိသော ပထမအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ကို တိုင်းဒေသကြီးအစိုးရ လူမှုရေးဝန်ကြီး၏ ဖြေကြားချက်များတွင် ခွေးရူးရောဂါဖြစ်ပွားမှုအခြေအနေ၊ ခွေးရူးရောဂါကြောင့် သေဆုံးသူများအခြေအနေနှင့် ခွေးရူးရောဂါကာကွယ်ဆေးများ ထုတ်လုပ် ဖြန့်ဝေပေးမှု အခြေအနေများကို အသေးစိတ်သိရှိခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးတို့၏ ဖြေကြားချက်များနှင့် ခွေးရူးရောဂါအန္တရာယ်နှင့် ဂရုပြုကာကွယ်ရန်နည်းလမ်းများကို ဆရာဝန်များ၊ အတွေ့အကြုံဗဟုသုတရှိသူများ၏ ရေးသားတင်ပြချက်များတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့နိုင်ငံဒေသများ၌ လေလွင့်ခွေးများ ပေါများရသည့်အကြောင်းအရင်း၊ ကျွန်တော်တို့လူမျိုးများ၏ဓလေ့ထုံးစံအရ လမ်းဘေးတွင်ပေါက်ဖွားသောခွေး၊ ကြောင်နှင့်ငှက်များကို ကရုဏာတရားဖြင့် အစာကျွေးတတ်ပုံအကြောင်းများကို သိရှိခဲ့ရပါသည်။

လေလွင့်ခွေးများလျော့နည်းပပျောက်စေရန် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန်နည်းလမ်းများကို သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှဆရာဝန်များ၊ တာဝန်ရှိသူများကို ဆက်သွယ်စုံစမ်းလေ့လာရာတွင် လေလွင့်ခွေးများလျော့နည်းပပျောက်စေရန်အတွက် လေလွင့်ခွေးပွားများမှုကို ထိန်းချုပ်သည့်နည်းလမ်း၊ လက်ရှိကောင်ရေကို လျှော့ချရန်နှင့် ခွေးရူးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် ရှင်းလင်းသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပြီး၊ မျိုးပွားမှုကို ထိန်းချုပ်ရန်နည်းလမ်းမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန်လိုအပ်၍ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့များပူးပေါင်းညှိနှိုင်း၍ ယခုမှစတင်စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအန္တရာယ်မဖြစ်စေရန်နှင့် ကောင်ရေလျှော့ချရန်အတွက် ရှင်းလင်းသည့်နည်းလမ်းကိုသာ အဓိကထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လေလွင့်ခွေးရှင်းလင်းရာတွင် အသားလုံးပစ်သည့် နည်းလမ်းကိုသာ အဓိကထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ၄င်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ဌာနမှ ဖွဲ့စည်းထားသည့် ဝန်ထမ်းများအနေဖြင့် ဥပုသ်၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှအပ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များမှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ အပတ်စဉ် လေ့လွင့်ခွေး ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုံမှန်ရှင်းလင်းမှုကိုသာမက တစ်ပတ်တစ်ကြိမ်စုပေါင်း၍ ရှင်းလင်းလျက်ရှိသည့်အပြင် ရပ်ကွက်၊ ကျောင်း၊ ဆေးရုံနှင့်ဌာနများ ဆက်သွယ်အကူအညီ တောင်းခံလာပါကလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လစဉ် လေလွင့်ခွေးကောင်ရေ ၃၀၀၀ ကျော်ခန့် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၃ ခုနှစ် ဧပြီလမှဩဂုတ်လအထိ လေလွင့်ခွေး ၁၅၅၂၄ ကောင် ရှင်းလင်းနိုင်ခဲ့ကြောင်း ၂၀၁၂ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအထိ ကာလအတွင်းကလည်း လေလွင့်ခွေး ၃၅၀၀၀ ကျော် ရှင်းလင်းပေးခဲ့ကြောင်း သိရှိရပါသည်။

အခြားနည်းလမ်းဖြစ်သော ပွားများမှုကို ထိန်းချုပ်ရန်နည်းလမ်းကို တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များပါဝင်သည့် Yangon Vets Clinical Development Foundation (YVCDF)၊ တိရစ္ဆာန်ချစ်သူများအသင်း Animal Lover's Team (ALT) တို့အပါအဝင် တိရစ္ဆာန်များ ကယ်တင်ထိန်းသိမ်းစောင့်ရှောက်လိုသူများတို့နှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း၊ စက်တင်ဘာ ၂၈ ရက်နေ့မှ စတင်ဆောင်ရွက်မည့် ခွေးရူးရောဂါကာကွယ် ဆေးအခမဲ့ထိုးမည့်လုပ်ငန်းများတွင်လည်း ၄င်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သို့ဖြစ်ရာ ခွေးရူးရောဂါအန္တရာယ်ကာကွယ်ရေးအတွက် သက်ဆိုင်သည့်ဌာနများတွင်သာ တာဝန်ရှိရုံမက ခွေးချစ်၍ အိမ်တွင်မွေးမြူသူများအပါအဝင် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်မှတာဝန်ရှိသူများ၊ မြို့နေပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရပေသည်။အိမ်တွင် မွေးမြူသူများအနေဖြင့် စနစ်တကျမှတ်ပုံတင်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ လမ်းပေါ်မှ လေလွင့်ခွေးများကို ကရုဏာဖြင့် အစာကျွေးသူများအနေဖြင့်လည်း ယခုကဲ့သို့ ခွေးရူးရောဂါကာကွယ်ဆေးထိုးသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိအစာကျွေးမွေးသဖြင့် ယဉ်ပါးမှုရှိနေသော ခွေးများအားကာကွယ်ဆေးထိုးနိုင်ရန်အတွက်ကူညီပေးခြင်း၊ ခွေးရူးရောဂါရှိသောခွေးသည် မည်သူ့ကိုမဆို အသက်အန္တရာယ်ဖြစ်စေနိုင်သည့်အပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သောကြောင့် လေလွင့်ခွေးများရှင်းလင်းရာ တွင် အများပြည်သူအကျိုးငှာ လုပ်ငန်းဆောင်ရွက်နေရသည့် ဝန်ထမ်းများ အပေါ် နားလည်ပေးခြင်း၊ ခွေးရူးအန္တရာယ် ပညာပေးစာစောင်များပါ အချက် များကို လက်ဆင့်ကမ်းအသိမျှဝေပေးခြင်း၊ ကုသခြင်းထက် ကာကွယ်ခြင်း သည် ပိုမိုကောင်းမွန်သော နည်းလမ်းဖြစ်သည့်အတွက် ခွေးကိုက်မခံရစေရေး ဂရုပြုဆောင်ရွက်ခြင်း စသည်တို့ဖြင့် ခွေးရူးရောဂါကာကွယ်ရေး ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ခွေးရူးရောဂါအန္တရာယ်ကာကွယ်ရေးအတွက် သက်ဆိုင်သည့်ဌာနများတွင်သာ တာဝန်ရှိရုံမက ခွေးချစ်၍ အိမ်တွင်မွေးမြူသူများအပါအဝင် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်မှတာဝန်ရှိသူများ၊ မြို့နေပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရပေသည်။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

❒ *ပြည်ထောင်စုလွှတ်တော်မှ*

သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်းခြင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ဆွေးနွေးခြင်းများပြုလုပ်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ဆန္ဒရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ပုဒ်မ ၅၂(ဂ)၊ ပုဒ်မ ၆၃၊ ပုဒ်မ ၈၈(ဂ)ပါ ပြဋ္ဌာန်းချက်(၃)ရပ်ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဖြည့်စွက်ရန်၊ ပုဒ်မ ၃(ည)နှင့်ပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက် (၂) ရပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်ထားရှိရန်ဖော်ပြထားပြီး အပိုဒ် ၃(ည) နှင့်အပိုဒ် ၆၄ တို့ကို မူလအတည်ပြုချက်အတိုင်း ထားရှိရန်နှင့် အပိုဒ် ၅၂(ဂ)၊ အပိုဒ် ၆၃ နှင့်အပိုဒ် ၈၈(ဂ)တို့ကို နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ဖြည့်စွက်ချက်အတိုင်းထားရှိရန် အတည်ပြု ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားရှင်းလင်းပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ဆန္ဒရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် နိုင်ငံတော်သမ္မတ၏ သဘောထားအယူအဆနှင့် ထောက်ပြချက်များသည် ပြည်ထောင်စုလွှတ်တော်၏ သဘောထားများနှင့် အခြေခံအားဖြင့် ကွာဟမှုမရှိကြောင်း သုံးသပ်ရရှိသဖြင့် ထပ်မံပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ မပြုသင့်ဘဲ ပုဒ်မ ၂(င)၊ ပုဒ်မ ၆(က)၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့်ပုဒ်မ ၂၈ တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည့်အတိုင်း ထားရှိသင့်ကြောင်း ဖော်ပြပါရှိပြီး အပိုဒ် ၂(င)၊ အပိုဒ် ၆(က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ နှင့်အပိုဒ် ၂၈ တို့ကို မူလအတည်ပြုချက်အတိုင်း ထားရှိရန် အတည်ပြု ဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၃)ခုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ဆုံးဖြတ်ချက်များအတိုင်း ပြင်ဆင်ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း တင်သွင်း

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတတိယနေ့ကို အစီအစဉ် (၁၀) ခုဖြင့်ဆောင်ရွက်ခဲ့ပြီး မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ဖွဲ့စည်းထားရှိမှုကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့ဖြေကြားရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဥက္ကဋ္ဌအဖြစ် မြို့မိမြို့ဖများက ရွေးချယ်သောပုဂ္ဂိုလ်၊ အတွင်းရေးမှူးအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ အဖွဲ့ဝင်များအဖြစ် လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦး၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး၊ မြို့မိမြို့ဖများမှ ကိုယ်စားလှယ်တစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့ဖြင့် ဖွဲ့စည်းထားရှိရန် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသဦးစီးအဖွဲ့အားလုံးသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်းနှင့် ယင်းကော်မတီသို့ လုပ်ငန်းတာဝန်(၃၃) ခု ပေးအပ်ထားပါကြောင်း။

အလားတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများကိုလည်း ဥက္ကဋ္ဌအဖြစ် ကော်မတီဝင်ပုဂ္ဂိုလ်များ၏ အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်သူ၊ အတွင်းရေးမှူးအဖြစ် မြို့မိမြို့ဖ၊ လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူ၊ အဖွဲ့ဝင်များအဖြစ် မြို့မိမြို့ဖနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်၊ စီးပွားရေးအသင်းအဖွဲ့ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ဖြင့် ဖွဲ့စည်းထားရှိရန် နိုင်ငံတော်သမ္မတရုံးက လွှတ်တော်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းနှင့် ယင်းကော်မတီသို့ လုပ်ငန်းတာဝန် (၉) ခု ပေးအပ်ထားပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ၏ ရပိုင်ခွင့်အနေဖြင့် စရိတ်ချီးမြှင့်ငွေနှင့်လစာများကို သက်ဆိုင်ရာမြို့နယ်မှ နှစ်စဉ်ရရှိသော ဝင်ငွေအပေါ်မူတည်၍ သာမန်အသုံးစရိတ်အဖြစ် သတ်မှတ်ပေးနိုင်ပါကြောင်း၊ ထိုသို့ သတ်မှတ်ရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းအတွင်းသာ ကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း၊ မြို့နယ်/ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များသည် ဒေသခံများဖြစ်ခြင်း၊ အချိန်ပြည့် ရုံးလုပ်ငန်းဆောင်ရွက်ရန် မလိုအပ်ခြင်း၊ တစ်လတစ်ကြိမ်ပြုလုပ်သော၊ အခါအားလျော်စွာပြုလုပ်သော အစည်းအဝေးများကိုသာ တက်ရောက်ရခြင်းတို့ကြောင့် ရပိုင်ခွင့်နှင့်ပတ်သက်၍ သတ်မှတ်ဆောင်ရွက်ပေးရန် မလိုအပ်ပါကြောင်း၊ အဆိုပါ ကော်မတီများ၏ရုံးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးရုံးနှင့် အဆောက်အအုံများကို အသုံးပြုဆောင်ရွက်စေလျက်ရှိပါကြောင်း၊ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယင်းကော်မတီများကို ဖွဲ့စည်းပြီး တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း အချို့မှာ အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းလျက်ရှိသဖြင့် သက်ဝင်လှုပ်ရှား ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေက **စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း** ကို တင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးစတီဖန်က ဖတ်ကြားရှင်းလင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အခန်း (၁၀)ခန်းနှင့် ပုဒ်မပေါင်း(၃၁)ခု ပါရှိပြီး မြန်မာနိုင်ငံ၏ စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊ ကုန်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုစေရန်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်၊ အန္တရာယ်ကျရောက်ခြင်းမှကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကို အောက်တိုဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ငါးနှစ်အရွယ်ကလေးအားလုံး မူကြိုပညာရေးသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေနိုင်မည်

နေပြည်တော် အောက်တိုဘာ ၃

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုက **"လက်ရှိ အခြေခံပညာဖွဲ့စည်းပုံစနစ် သူငယ်တန်း (Grade 1) + ၄ + ၄ + ၂" အစား ပြောင်းလဲကျင့်သုံး အကောင်အထည်ဖော်မည့်စနစ်အား ပညာရေးလုပ်သား ဆရာ/ ဆရာမများနှင့် မိဘပြည်သူများသို့ အသိပေး ရှင်းလင်းပေးစေလိုကြောင်း"** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က လက်ရှိအခြေခံပညာရေးဖွဲ့စည်းမှုပုံစံ KG + ၄-၄-၂ စနစ် (အခြေခံပညာရေး၏ စုစုပေါင်းပညာသင်နှစ် ၁၁ နှစ်) အား အာဆီယံဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတွင်ကျင့်သုံးနေသည့် အခြေခံပညာစနစ်ဖွဲ့စည်းမှုပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေရန်(သူငယ်တန်း) KG +၅-၄-၃ စနစ်သို့ ပြုပြင်ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များနှင့် လိုအပ်ချက်များကို စီမံချက်ရေးဆွဲဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုမေးမြန်းစဉ်။ (သတင်းစဉ်)

အပြည့်အဝရရှိစေနိုင်မည်

ထို့ပြင် ဒုတိယဝန်ကြီးက ထိုသို့ပြောင်းလဲခြင်းဖြင့် သူငယ်တန်း (kindergarden-KG)ကို အခြေခံပညာရေးစနစ်အတွင်း ထည့်သွင်း၍ မသင်မနေရ သတ်မှတ်ခြင်းဖြင့် အာဆီယံဒေသအတွင်း မူလတန်းကြိုပညာရေး လွှမ်းခြုံမှုရာခိုင်နှုန်း အနိမ့်ဆုံးဖြစ်နေသည့် မြန်မာနိုင်ငံ၏ အခြေအနေကို အချိန်တိုအတွင်း မူကြိုပညာရေး လွှမ်းခြုံမှုကို မြင့်မားစေကာ နိုင်ငံတစ်ဝန်းလုံးရှိ ငါးနှစ်အရွယ် ကလေးအားလုံးကို မူကြိုပညာရေးသင်ယူမှု အခွင့်အလမ်းအပြည့်အဝရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

ကျောင်းဝင်သက်ကို(၅)နှစ်သတ်မှတ်ပြီး ကလေးတိုင်း သူငယ်တန်း (KG)တစ်ပြေးညီတက်ရောက်သင်ယူခွင့်ရရှိစေခြင်းဖြင့် ယခင်က ကျင့်သုံးဆောင်ရွက်ခဲ့သည့် အသက်(၅)နှစ်ပြည့်လျှင် ကျောင်းအပ်လိုသည့် မိဘများ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

ဆောင်ရွက်သွားမည်

KG ကို လက်ရှိသူငယ်တန်းကဲ့သို့ စာသင်ကြားသည့်ပုံစံမျိုးမဟုတ်ဘဲ Learning Through Playing ပုံစံဖြင့်သင်ကြားမည်ဖြစ်သဖြင့် အသိဉာဏ်၊ ဘာသာစကား၊ ကာယ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားဖွံ့ဖြိုးမှုများရရှိစေကာ ကျောင်းတက်ရန် အဆင်သင့်ဖြစ်စေရေးနှင့် ကျောင်းသို့ကူးပြောင်းစကာလအတွက် ပြင်ဆင်လေ့ကျင့်မှုရရှိစေမည့် ပုံစံမျိုးဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဖြေကြားခဲ့

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ KG + ၅-၄-၃ ဖွဲ့စည်းပုံအရ သူငယ်တန်း(KG)နှင့် အတန်းစဉ်အလိုက် ပြုပြင်ပြောင်းလဲရေးဆွဲထားသည့် သင်ရိုးသစ်များဖြင့် လေ့ကျင့်သင်ကြားပေးပါက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းဆင့်၌ တစ်တန်းထပ်တိုး၍ Grade 12 ကို စတင်သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပညာသင်ကာလမှာ KG + ၁၂ နှစ်ဖြင့် ပေါင်း(၁၃)နှစ် ရှိမည်ဖြစ်ပြီး အခြေခံပညာသင်ကာလ ပြီးဆုံးသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက်(၁၈)နှစ် ရင့်ကျက်သည့် အသက်အရွယ်တွင် အဆင့်မြင့်ပညာ တက္ကသိုလ်များသို့ တက်ရောက်နိုင်မည်ဖြစ်၍ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေမည်ဖြစ်ပါကြောင်း၊ စီမံချက်(မူကြမ်း)ကို ရေးဆွဲလျက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များသို့တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

သွေးထိုးမြှောက်ပင့်မှုများကို ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားဆင်ခြင်သုံးသပ် ပြဿနာများကို မှန်ကန်သောနည်းလမ်းဖြင့် ဖြေရှင်းရန် အရေးကြီး

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာ ဧည့်ခန်းမ၌ စစ်တွေမြို့မှ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများ၊ အစ္စလာမ်လူမှုရေးခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များကို အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အဖြစ် စီးပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး မိမိတို့လိုအပ်နေသော အရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိကြောင်း။

ရခိုင်ပြည်နယ်တွင်လည်း ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ သို့သော် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု မရနိုင်သည်ကို သတိပြုရန် လိုကြောင်း။

ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သွေးထိုးမြှောက်ပင့်မှုများကို ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ရန် လိုကြောင်း၊ ပြဿနာများကို မှန်ကန်သော နည်းလမ်းဖြင့် ဖြေရှင်းရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းမရှိပါက အကျိုးထက် အပြစ်က ပိုများမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ဒုက္ခသည်များအား စနစ်တကျ နေရာချထားပေးနေမှုနှင့် မြို့တည်ငြိမ်အေးချမ်းလာမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားခဲ့မှုအခြေအနေ၊ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဒုက္ခသည်စခန်းများဖွင့်လှစ်ထားမှုနှင့် အမိုးအကာ အောက်ရောက်ရှိရေးအတွက် နေအိမ်တန်းလျားများ တည်ဆောက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို သိရှိနိုင်ရန်နှင့် ပြည်ထောင်စုအစိုးရက ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို သိရှိရန်လိုအပ်သကဲ့သို့ ပြည်သူဗဟိုပြုမူဝါဒအရ လုပ်ငန်းဆောင်ရွက်နေမှုများကို သိရှိရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်သည် မြေဩဇာကောင်းမွန်သည့် စိုက်ပျိုးမြေများရှိမှု၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းရှိမှု၊ နယ်စပ်ကုန်သွယ်ရေးတံခါးပေါက်ကို ပိုင်ဆိုင်ထားမှုစသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြောင်း၊ ဒေသအလိုက်ကြည့်လျှင် စစ်တွေခရိုင်အနေဖြင့် စစ်တွေ-ပလက်ဝ-ကုလားတန်စီမံကိန်းဖြင့်လည်းကောင်း၊ မြောက်ဦးခရိုင်နှင့် သံတွဲခရိုင်တို့တွင် ခရီးသွားလုပ်ငန်းနှင့် လယ်ယာထွက်ကုန်အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများဖြင့်လည်းကောင်း၊ ကျောက်ဖြူခရိုင်အနေဖြင့် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းဖြင့်လည်းကောင်း၊ မောင်တောခရိုင်အနေဖြင့် နယ်စပ်ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် လည်းကောင်း ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေအနေကောင်းများရှိကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကာလကပင် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုအနက် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းမှာ ငလျင်ကြောပေါ်တွင် ကျရောက်နေသဖြင့် အကောင်အထည်ဖော်ရန် မဖြစ်နိုင်တော့ကြောင်း၊ သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းမှာလည်း အောက်ခံမြေသား ခိုင်မာမှုမရှိသဖြင့် တည်ဆောက်ရာတွင် နှောင့်နှေးမှုများ ရှိနေကြောင်း၊ ထို့ကြောင့် ကျောက်ဖြူတွင် ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးဓာတ်အားစက်ရုံကို တည်ဆောက်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မီးလင်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် မီးလင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သို့သော် ပြီးခဲ့သည့်နှစ်က စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ခဲ့ရကြောင်း၊ ယင်းထိခိုက်မှုသည် ရခိုင်ပြည်နယ် တစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံတော်အတွက်ပါထိခိုက်မှုဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင်ပါ နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေခဲ့ကြောင်း။

ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့် ငွေကြေးများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနေရကြောင်း၊ လက်ရှိအချိန်တွင် ဒုက္ခသည် တစ်သိန်းကျော်အား စားဝတ်နေရေး ထောက်ပံ့ပေးထားရပြီး နေအိမ်တန်းလျားများပါဆောက်လုပ်ပေးထားရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အထူးရန်ပုံငွေမှ ငွေကျပ် ၅ ဒသမ ၅ ဘီလီယံကျော်အပါအဝင် ၈ ဘီလီယံကျော် ကျခံသုံးစွဲထားရကြောင်း၊ ထို့ကြောင့်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နောက်ထပ်ပဋိပက္ခများ ထပ်မံမဖြစ်ပွားရန် လိုအပ်ကြောင်း၊ ပြည်သူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတားဆီးသွားကြရန် လိုအပ်ကြောင်းဖြင့်မှာကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ် ဧည့်ခန်းမ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)နှင့် ဒုတိယဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ခန်းမ၌ ကျောက်ဖြူမြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးစီးပွားရေးဇုန်စီမံကိန်းသည် အရေးပါကြောင်း၊ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အထူးစီးပွားရေးဇုန်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ စီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီများ သာမက တိုင်းရင်းသားလုပ်ငန်းရှင်များလည်းပါဝင်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း။

ကျောက်ဖြူကဲ့သို့ပင် ထားဝယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ စတင်တည်ဆောက်ချိန်တွင် သာမန်လုပ်သားများစွာလိုအပ်သကဲ့သို့ လုပ်ငန်းစတင်ချိန်တွင် ကျွမ်းကျင်ပညာရှင်အများအပြားလိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ဘွဲ့ရလူငယ်များအနေဖြင့် အဆိုပါအလုပ်အကိုင်များကို ရရှိနိုင်မည်ဖြစ်ပြီး နည်းပညာများလည်း လွှဲပြောင်းရယူနိုင်မည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန် တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူမြို့အနေဖြင့် အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများကို မျှော်မှန်းပြီး မြို့ပြစီမံချက်ကို စနစ်တကျ ကြိုတင်ရေးဆွဲထားရန် လိုအပ်ကြောင်း။

ယခုအချိန်တွင် အထူးစီးပွားရေးဇုန်နှင့်ပတ်သက်ပြီး သတင်းမှားများထုတ်လွှင့်ဖြန့်ချိနေသူများရှိသဖြင့် အမြော်အမြင်ကြီးမားစွာဖြင့် သုံးသပ်လုပ်ဆောင်ရန်၊ အနာဂတ် မျိုးဆက်များအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ ကျောက်ဖြူမြို့ မီးလင်းရေးအတွက် လက်ရှိသုံးမဂ္ဂါဝပ်ကို မီးစက်ကြီးဖြင့် ဖြည့်ဆည်းပေးနေကြောင်း၊ နောင်တွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး စက်ရုံဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး မီးလင်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အထက်ပါဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်အတွက် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဖြစ်ပွားခဲ့သည့် ကိစ္စများအတွက် အပြန်အလှန် အပြစ်တင်နေမည့်အစား သင်ခန်းစာဖော်ထုတ်ပြီး နောင်ထပ်မံမဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ကျောက်ဖြူမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့ ဗန္ဓုလရိပ်သာ၌ ရခိုင်မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် ကျောက်တော်မြို့ သမိုင်းဝင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်းကပ်လှူ စဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတက ခရိုင်၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်သီးအစားနှစ်သီးအထိ စိုက်ပျိုးနိုင်ရေး၊ လယ်ယာထွက်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်း(ခေါ်) ရန်အောင်ဇေယျ ပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့သို့ ရောက်ရှိကြပြီး သမိုင်းဝင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ယင်းနောက် မြို့နယ်ရှိ နဝရတ်ခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အစိုးရ၏မူဝါဒသည် ပြည်သူကိုဗဟိုပြုသော မူဝါဒဖြစ်ကြောင်း၊ ယခင်ကကဲ့သို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်မှချပေးသည့်အတိုင်း လုပ်ဆောင်ရမည့်စနစ်မဟုတ်တော့ကြောင်း၊ အောက်ခြေမှစတင်ပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းတင်ပြရန် ဖြစ်ကြောင်း။

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များကိုလည်းဖိတ်ကြားပြီး သဘောထားအမြင်များ ဖလှယ်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများသည် နေရာဒေသအသီးသီးသို့ ပြောင်းလဲတာဝန်ထမ်းဆောင်နေရသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဒေသခံများကသာ အသိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ဆန္ဒသဘောထားနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်၍မရကြောင်း၊ ပြီးခဲ့သည့်နှစ်မှ စတင်၍ ပြည်နယ်အတွင်းပဋိပက္ခများဖြစ်ပွားခဲ့မှုကြောင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ခဲ့ရကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများသည် ပြည်နယ်အတွက် ဆုံးရှုံးမှုသာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထိခိုက်နစ်နာမှုဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဖြစ်ရပ်များအတွက် အပြန်အလှန် အပြစ်တင်နေမည့်အစား နောက်ထပ် ပဋိပက္ခများထပ်မံမဖြစ်အောင်သည်းခံခြင်း၊ စာနာထောက်ထားခြင်းတရားများကို လက်ကိုင်ထား ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေပေးစနစ်တည်ဆောက်ရေးနှင့် လျှပ်စစ်မီးအချိန်ပိုပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ နိုင်ငံတော်သမ္မတက ရေပေးစနစ်အတွက် တွက်ချက်တင်ပြရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်မီးပေးရေးနှင့်ပတ်သက်ပြီး ကျောက်ဖြူတွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးစက်ရုံတည်ဆောက်နေမှုနှင့် မိမိတို့အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်မီးလင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် လျှပ်စစ်မီးရရှိရေးအတွက် ရေတိုဖြေရှင်းစီမံဆောင်ရွက်ပေးသည့်အနေဖြင့် ကျောက်တော်မီးစက်အတွက် ဒီဇယ်ဆီခွဲတမ်း ပိုမိုရရှိရေး စီစဉ်ပေးခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မောင်တောခရိုင် မောင်တောမြို့သို့ ရောက်ရှိသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်သမ္မတကပြောကြားရာတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးကြောင်း၊ လူငယ်များကို ပညာသင်ကြားနိုင်သည့် အခွင့်အရေးများပေးအပ်ရန်လိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ကြောင်း၊ ပြီးခဲ့သည့်ပဋိပက္ခများကြောင့် ကုန်သွယ်ရေး၊ စီးပွားရေးအခြေအနေများ ဆုတ်ယုတ်လာခဲ့သည်ကို လက်တွေ့ခံစားရပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများသည် ပြည်နယ်အတွက် ဆုံးရှုံးမှုသာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထိခိုက်နစ်နာမှုဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံအပေါ် ရှုမြင်သည့်ပုံရိပ်ကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ နောက်ထပ်ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် နှစ်ဖက်လူ့အသိုက်အဝန်းမှ ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ စဉ်းစားတွေးခေါ်မှု ပုံစံအဟောင်းများကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မောင်တောမြို့နယ်အတွင်းရှိ လမ်းများပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒုက္ခသည်များအတွက် လူနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးထားမှုကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

မိမိတို့ရရှိထားသည့် အထောက်အထားများအရ ကျေးရွာများကို လာရောက် မီးရှို့ဖျက်ဆီးသူများမှာ ပြင်ပကျေးရွာများမှ လာရောက်သူများဖြစ်သည်ဟု သိရကြောင်း။

သွေးထိုး လှုံ့ဆော်သူများနှင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ သို့မှသာ ပြဿနာအရင်းအမြစ်ကို ရှင်းလင်းနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် နည်းလမ်းများအားလုံးကို အသုံးပြုပြီး မဖြစ်မနေဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ တရားဥပဒေအတိုင်း တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တည်ငြိမ် အေးချမ်းမှုမရှိဘဲ ပြည်သူများ စိုးရိမ်ကြောင့်ကြစွာ နေထိုင်နေရသည့် အခြေအနေ၊ အပြန်အလှန် စိုးရိမ်နေရသည့် အခြေအနေကို လက်မခံနိုင်ကြောင်း၊ ပဋိပက္ခများကြောင့် ရခိုင်ပြည်နယ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းခဲ့ရသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရမည့်ငွေကြေးနှင့် အခြားအရင်းအမြစ်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲခဲ့ရသောကြောင့် ဒေသအတွက် ထိခိုက်နစ်နာရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာမှ အသိအမှတ်ပြုချီးကျူးနေချိန်တွင် ယခုပဋိပက္ခများကြောင့် နိုင်ငံနှင့်လူမျိုးအပေါ် မျက်နှာပျက်စရာများ ဖြစ်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ကြောင်း၊ ဉာဏ်ပညာ၊ အတွေ့အကြုံရင့်ကျက်သည့် လူကြီးများက သွေးထိုးလှုံ့ဆော်မှုများ နားမယောင်စေရန်အတွက် လူငယ်များအား သွန်သင်ဆုံးမရန်၊ နောက်ထပ်ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန်လိုကြောင်း။

ငပလီကမ်းခြေသည် ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် နေရာဖြစ်သည့်အတွက် ငပလီအပါအဝင် သံတွဲဒေသတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများကလည်း တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုရှိအောင် ကူညီဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သံတွဲမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည် ဝင်ရောက်မှု၊ တစ်နိုင်ငံလုံးရှိ ဟိုတယ်နှင့်အခန်းများ အခြေအနေ၊ ရခိုင်ပြည်နယ်ရှိ ခရီးစဉ်ဒေသများ၊ သံတွဲဟိုတယ်ဇုန် တည်ဆောက်ရေးနှင့် ငပလီကမ်းခြေသာယာလှပရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံတွဲမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များအား ငပလီကမ်းခြေဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် သံတွဲမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် သံတွဲမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သံတွဲမြို့၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် သံတွဲမြို့၌ ဈေးဆိုင်တစ်ဆိုင်ရှေ့တွင် သုံးဘီးဆိုင်ကယ်တစ်စီးရပ်ထားသည်ကို အငြင်းပွားရာမှ အစပြု၍ ပဋိပက္ခဖြစ်ပွားပြီး စက်တင်ဘာ ၂၉ ရက် ညပိုင်းမှစတင်၍ အောက်တိုဘာ ၁ ရက်အထိ သံတွဲမြို့နယ်အတွင်း နေအိမ်နှင့်အဆောက်အအုံအချို့ ဖျက်ဆီးခံရမှု၊ မီးရှို့မှုများ ဖြစ်ပွားခဲ့သည်။

ယင်းသို့ ဖြစ်ပွားမှုကြောင့် သံတွဲမြို့ ဒွါရဝတီရပ်ကွက်၊ အမှတ် (၅)ရပ်ကွက်၊ အမှတ် (၆)ရပ်ကွက်၊ အမှတ် (၈) ရပ်ကွက်တို့မှ နေအိမ်တစ်လုံးစီ၊ သံတွဲမြို့နယ် ပေါက်တောကျေးရွာမှ နေအိမ် ၂၈ လုံး၊ သပြုချိုင်ကျေးရွာမှ နေအိမ် ၁၄ လုံး ရွှေလှေကျေးရွာမှ နေအိမ်လေးလုံးနှင့် မဲကျွန်းကျေးရွာမှ နေအိမ်ကိုးလုံး စုစုပေါင်း နေအိမ် ၅၉ လုံး၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့မှ ဘာသာရေးအဆောက်အအုံနှစ်လုံး၊ လင်းမူတောင်ကျေးရွာမှ ဓာတ်ဆီဆိုင် တစ်ဆိုင်တို့ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် သေဆုံးသူ ငါးဦး၊ ဒဏ်ရာရရှိသူငါးဦးရှိခဲ့ကြောင်း၊ ပဋိပက္ခများထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများ၊ ပြည်သူများနှင့်လုံခြုံရေးအဖွဲ့ဝင်များက ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နိုင်ငံတော်အထူးရန်ပုံငွေဘတ်ဂျက်ဖြင့် ကျခံသုံးစွဲမှုအခြေအနေ

စဉ်	တာဝန်ယူဆောင်ရွက်သည့်ဌာန	သုံးစွဲသည့်အကြောင်းအရာ	မူလခွင့်ပြုရန်ပုံငွေ	ရန်ပုံငွေရရှိမှု	သုံးစွဲကုန်ကျငွေ
၁	နယ်စပ်ရေးရာဝန်ကြီးဌာန	တဲတန်းလျားများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း	၄၉၄၅၀၀၀၀၀၀	၄၉၄၅၀၀၀၀၀၀	၄၆၄၈၉၆၈၀၀၀
၂	ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း	ဓာတ်မြေသြဇာ (၆၄၀) တန်နှင့် ထွန်ယက်ဒီဇယ်ဆီ(၁၇၅၀၀)ဂါလန် ဖြန့်ဖြူးခြင်း	၂၁၅၃၃၁၀၀၀	၂၁၅၃၃၁၀၀၀	၂၈၄၉၀၃၃၀၇
၃	ငါးလုပ်ငန်းဦးစီးဌာန	ပိုက်၊ကွန်၊စက်လှေ၊ လက်လှေများ ဖြန့်ဖြူးခြင်း	၄၃၀၇၈၃၄၀၀	၃၉၂၈၄၄၀၀၀	၃၉၂၈၄၄၀၀၀
၄	စက်မှုလယ်ယာဦးစီးဌာန	ထွန်စက်ကြီး(၂)စီးနှင့် လက်တွန်းထွန်စက် (၂၈၈)စီးဖြန့်ဖြူးခြင်း	၂၃၃၀၉၀၀၀	-	၃၇၈၈၉၉၀၆
၅	ပညာရေးဦးစီးဌာန	လုပ်အားပေးဆရာ ဆရာမများအား ထောက်ပံ့ခြင်း၊	၄၄၉၀၀၀၀၀	၄၄၉၀၀၀၀၀	-
၆	ကျန်းမာရေးဦးစီးဌာန	ယာယီဆေးပေးခန်း ဆောက်လုပ်ပေးခြင်း	၁၇၅၀၀၀၀၀	၁၇၅၀၀၀၀၀	-
၇	စိုက်ပျိုးရေးဦးစီးဌာန	မျိုးစပါး(၁၉၈၆၀) တင်းအားမြို့နယ်များဖြန့်ဝေပေးခြင်း	၁၆၂၈၈၉၀၀၀	-	၁၆၂၂၉၁၇၃၈
၈	ဆည်မြောင်းဦးစီးဌာန	မြေသားသောက်သုံးရေကန်(၁၀)ကန်နှင့် လက်တူးတွင်း(၄)တွင်း တူးဖော်ပေးခြင်း	၃၄၈၂၁၀၀၀	-	၂၉၅၅၁၇၂၈
	စုစုပေါင်း		၆၀၃၂၀၃၃၄၀၀	၅၇၇၃၀၇၅၀၀၀	၅၅၅၆၄၄၈၆၇၉

	ကျပ်သန်း	အမေရိကန်ဒေါ်လာ
နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲငွေပေါင်း	၅၅၅၆. ၄၄၂	
လှူဒါန်းငွေဖြင့်သုံးစွဲငွေပေါင်း	၂၇၃၇. ၈၈၄	၁၃၃၂၂. ၀၀
ယနေ့ထိသုံးစွဲငွေစုစုပေါင်း	၈၂၉၄. ၃၂၆	၁၃၃၂၂. ၀၀

နိုင်ငံတကာသတင်း

စပိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းတိုးလာ

မက်ဒရစ် အောက်တိုဘာ ၃

စပိန်နိုင်ငံ၏ အလုပ်လက်မဲ့လူဦးရေမှာ ပြီးခဲ့သည့်စက်တင်ဘာလကတည်းက မြင့်တက်ခဲ့ကြောင်း စပိန်နိုင်ငံ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက အောက်တိုဘာ ၂ ရက်က သတင်းထုတ်ပြန်ခဲ့သည်။လူဦးရေ ၂၅၅၇၂ တို့မှာ အလုပ်ပြုတ်သွားခဲ့ရသဖြင့် အလုပ်လက်မဲ့ဦးရေစုစုပေါင်းမှာ ၄ ဒသမ ၇ သန်းထိ ရောက်ရှိခဲ့ပြီး ၄င်းအရေအတွက်မှာ ယမန်နှစ် အလုပ်လက်မဲ့ဦးရေနှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၄၁ ရာခိုင်နှုန်း ပိုများလာခဲ့ခြင်းပင်ဖြစ်သည်။

ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု ရာသီကုန်သွားသဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များမှ ကာလတိုအတွင်း အလုပ်ရရှိခဲ့ကြသော ဝန်ဆောင်မှုပေး ဝန်ထမ်းများအတွက် အခက်အခဲဆုံးကာလဖြစ်သည်။ ဝန်ဆောင်မှုပေး ဝန်ထမ်း ၅၂၀၀၀နီးပါးတို့သည် ပြီးခဲ့သည့်လကုန်ကပင် အလုပ်ပြုတ်ခဲ့ကြသည်။ သို့သော် စိုက်ပျိုးရေးလုပ်ငန်းတွင် လူ ၁၄၀၀၀ ကျော်နှင့် စက်ရုံအလုပ်ရုံများတွင် ၇၀၀၀ နီးပါးနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ၁၆၇၉၃ ဦး အလုပ်ပြန်ရခဲ့သဖြင့် အလုပ်လက်မဲ့နှုန်း အဆမတန်တိုးပွားမှုကို ဖာထေးနိုင်ခဲ့သည်။ စပိန်နိုင်ငံ၌ အသက် ၂၅ နှစ်အောက် လူငယ်အလုပ်လက်မဲ့နှုန်းမှာ ဆက်လက်မြင့်မားလာဖွယ်ရှိပြီး ပြီးခဲ့သည့် စက်တင်ဘာလထဲ၌ ၇ ဒသမ ၀၄ ရာခိုင်နှုန်းထိပင် ရောက်ရှိခဲ့သည်။

ခရီးသွားဧည့်သည် ရာသီကုန်ဖြစ်သဖြင့် အောက်တိုဘာလထဲ၌လည်း အလုပ်လက်မဲ့ဦးရေများပြားလာဦးမည်ဟု ကြိုတင်ခန့်မှန်းထားသည်။ **(ဆင်ဟွာ)**

ဓနသဟာယအဖွဲ့မှ ဂမ်ဘီယာနိုင်ငံထွက်ရန်ကြေညာ ဗြိတိန်နှင့်အာဏာသိမ်းသမ္မတတို့ အကြား တင်းမာမှုများရှိခဲ့

ဂမ်ဘီယာ အောက်တိုဘာ ၃

ဂမ်ဘီယာနိုင်ငံသည်ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် ၄၈ နှစ်ကြာဝင်ရောက်ခဲ့ပြီးနောက် ယင်းအဖွဲ့မှ နုတ်ထွက်တော့မည် ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂမ်ဘီယာနိုင်ငံသည် ၅၄ နိုင်ငံပါဝင်သော ဓနသဟာယအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ၄င်းအဖွဲ့တွင် ဗြိတိန်နှင့်ကိုလိုနီနိုင်ငံအများဆုံးပါဝင်သည်။

မည်သည့် အကြောင်းပြချက်မျှမရှိဘဲ ဂမ်ဘီယာနိုင်ငံက နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့် ဓနသဟာယအဖွဲ့မှ နုတ်ထွက်ရန်ကြေညာလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်နှစ်က သမ္မတယာဟားဂျမ်မက်က ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံတို့အား ဗြိတိသျှတို့က ကျောထောက်နောက်ခံပြုခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ဂမ်ဘီယာနိုင်ငံသည် ဓနသဟာယအဖွဲ့မှ နုတ်ထွက်ခြင်းအတွက် အလွန့်အလွန်နောင်တရလိမ့်မည်ဟု ဗြိတိန်နိုင်ငံက ပြောကြားသည်။

၁၉၉၄ ခုနှစ် အာဏာသိမ်းခဲ့သော ဂမ်ဘီယာသမ္မတနှင့် ဗြိတိန်နိုင်ငံတို့အကြား တင်းမာသော သမိုင်းကြောင်းများရှိခဲ့သည်။ **(ဘီဘီစီ)**

ဂရိလက်ယာယိမ်း ပါတီခေါင်းဆောင် ရမန်ဖြင့် ထပ်မံချုပ်ထားမည်

အေသင် အောက်တိုဘာ ၃

ဂရိလက်ယာယိမ်း ဂိုးလ်ဒင်းဒေါင်း ပါတီခေါင်းဆောင် နီကိုစ်မီဟာလိုလီယာကော့ကို အုပ်စုဖွဲ့ ရာဇဝတ်မှုများဖြင့် ဆက်လက်အချုပ်ချထားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။ အဆိုပါ ပါတီခေါင်းဆောင်ကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အေသင်မြို့တရားရုံး၌ မစစ်ဆေးမီတွေ့ရသည်ဟု ဆိုသည်။ ၄င်းသည် နာဇီဆန့်ကျင်ရေးဂီတပညာရှင်တစ်ဦးကို သတ်မှုစွဲချက်ဖြင့် ဖမ်းဆီးလိုက်သော အမတ်ခြောက်ဦး အနက် တစ်ဦးဖြစ်သည်။ယင်းတို့အနက်သုံးဦးကို စစ်ဆေးမှုဆိုင်းငံ့ပြီး လွှတ်ပေးလိုက်သည်။ ထိုစဉ်အတွင်း လေးဦးမြောက်ကို ရမန်ဖြင့်ချုပ်ထားဆဲ ဖြစ်သည်။ အဆိုပါလေးဦးစလုံးက ယင်းတို့အပေါ်စွဲချက်များကို ငြင်းဆိုထားသည်။ **(ဘီဘီစီ)**

တရုတ်တက်ကြွလှုပ်ရှားသူအား အမေရိကန်က ငွေကြေးထောက်ပံ့

နယူးယောက် အောက်တိုဘာ ၃

တရုတ်မျက်မမြင် တက်ကြွလှုပ်ရှားသူချန်ကွမ်ချန်းသည် ဝစ်တာစပွန်းအင်စတီကျူသို့သွားရောက်ကာ အမေရိကန်အကြံပေးအဖွဲ့နှင့် ပူးပေါင်းသွားပြီဖြစ်သည်။

၄င်းအင်စတီကျူက မစ္စတာချန်းကိုငွေကြေးထောက်ပံ့ကူညီပေးသွားမည်ဟုဆိုသည်။ အဆိုပါ တက်ကြွလှုပ်ရှားသူသည် ၂၀၁၂ ခုနှစ် နှစ်လယ်ကတည်းက ယခုနှစ်အစောပိုင်းတိုင်အောင် နယူးယောက်တက္ကသိုလ်၌ ရှိနေခဲ့သည်။

၄င်းသည် ပြီးခဲ့သည့်နှစ်က နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး ပေကျင်းရှိ အမေရိကန်သံရုံးသို့သွားရောက်အကူအညီ တောင်းခဲ့သည်။ ထို့နောက် ၄င်းအား အမေရိကန်သို့ သွားရောက်ခွင့်ပြုခဲ့သည်။ **(ဘီဘီစီ)**

လစ်ဗျားရှိ ရုရှားသံရုံးကို သေနတ်သမားများက ဝိုင်းတိုက်

မော်စကို အောက်တိုဘာ ၃

လစ်ဗျားနိုင်ငံရှိ ရုရှားသံရုံးကို သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးရုံးက ပြောသည်။

အမည်မသိသေနတ်သမားများက ထရီပိုလီမြို့ရှိ ရုရှားသံရုံးကို ဝိုင်း၍တိုက်ခိုက်ခဲ့ပြီး အတင်းအကျပ်ဝင်ရောက်ရန်ကြိုးစားခဲ့ကြသည်ဟု ဆိုသည်။ ယင်းသို့တိုက်ခိုက်မှုခံရသော်လည်း သံရုံးဝန်ထမ်းများမှာ ဘေးမသီရန်မခဘဲ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

တိုက်ခိုက်ရေးသမားများက သံရုံးအဆောက်အအုံ ဥပစာသုံးဖက်ရှိ နံရံများပေါ် ကုပ်တက်ခဲ့ပြီး တိုက်ခိုက်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ ယင်းတိုက်ခိုက်မှုသည် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုဟုတ် မဟုတ် အတိအကျမသိရသေးကြောင်း လစ်ဗျားလုံခြုံရေးသတင်းရပ်ကွက်က သတင်းအေဂျင်စီများသို့ ပြောကြားသည်။

ဒေသခံပြည်သူများအနေဖြင့် မကြာသေးမီကာလအတွင်း ရုရှားအမျိုးသမီးတစ်ဦးက လစ်ဗျားတစ်ဦးကို သတ်ခဲ့သည်ဟူသော စွပ်စွဲချက်အပေါ် ဒေါသထွက်နေကြသည်။

ပြီးခဲ့သည့်နှစ်က လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အမေရိကန်သံရုံးကို သေနတ်သမားများက တိုက်ခိုက်ခဲ့စဉ် အမေရိကန်သံအမတ်ကြီး အပါအဝင် လေးဦးသေဆုံးခဲ့ရသည်။

လစ်ဗျားနိုင်ငံတွင် မကြာသေးသည့်လများက တက်ကြွလှုပ်ရှားသူများနှင့် လုံခြုံရေးအေးဂျင့်များကို ပစ်မှတ်ထားတိုက်ခိုက်လာသည်။ ဧပြီလအတွင်းကလည်း ထရီပိုလီမြို့၌ ပြင်သစ်သံရုံးကိုကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ ပြင်သစ်အစောင့်နှစ်ဦးနှင့် ဒေသခံများ ဒဏ်ရာရခဲ့သည်။ **(ဘီဘီစီ)**

ပါကစ္စတန် စစ်သွေးကြွတို့၏ ခံတပ်ကို အသေခံဗုံးခွဲတိုက်ခိုက် တိုက်ခိုက်ခံ တပ်စခန်းတပ်မှူး အပါအဝင် ၁၂ ဦးသေဆုံး

အစ္စလမ္မာဘတ် အောက်တိုဘာ ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စစ်သွေးကြွရုံးကို အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၂ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းခံတပ်တပ်မှူး နာဘီးဟန်ဖီးသည် ၄င်းဒေသရှိ ပါကစ္စတန်တာလီဘန်တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း သေဆုံးသွားခဲ့သည်ဟု ဆိုသည်။ ခိုင်ဘာ ပတ်တွန်ကွာပြည်နယ်တောင်တန်းဒေသ၌ ဖြစ်ပွားသော ယင်းတိုက်ခိုက်မှု နောက်ကွယ်၌ တာရစ်အီ တာလီဘန်တို့က ၄င်းတို့ရှိကြောင်း ပြောကြားသည်။

အသေခံဗုံးခွဲသူ တစ်ဦးက ကားဖြင့် ယင်းဌာနချုပ်ဝင်းအတွင်း ဝင်ရောက်ပြီး ဗုံးခွဲတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ယင်းအသေခံ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူအချို့ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

၄င်းခံတပ်သည် အယ်လ်ခိုင်ဒါ စစ်သွေးကြွများနှင့်ဆက်နွယ်သော ပါကစ္စတန်တာလီဘန်တို့၏ ခံတပ်စခန်းတစ်ခုဖြစ်ကြောင်း၊ ၄င်းဒေသသည် အိုရပ်ဇိုင်းလူမျိုးစုတို့ဒေသလည်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

(ဘီဘီစီ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအောက်ရှိ အောက်ဖော်ပြပါမြို့နယ်များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် တည်ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်	(၂)ယူနစ်(၂)ထပ်မီးသတ်စခန်း(သံကူကွန်ကရစ်) တစ်လုံး
(ခ)	ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်	(၂)ယူနစ်မီးသတ်စခန်း(သံကူကွန်ကရစ်) တစ်လုံး
(ဂ)	ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်	(၄)ခန်းတွဲဝန်ထမ်းနေအိမ်(သံကူကွန်ကရစ်) တစ်လုံး
(ဃ)	မင်းဘူးခရိုင်၊ ငဖဲမြို့နယ်	(၂)ယူနစ်မီးသတ်စခန်း(သံကူကွန်ကရစ်) တစ်လုံး
(င)	မင်းဘူးခရိုင်၊ ငဖဲမြို့နယ်	(၄)ခန်းတွဲဝန်ထမ်းနေအိမ်(သံကူကွန်ကရစ်) တစ်လုံး
(စ)	ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်	(၄)ခန်းတွဲဝန်ထမ်းနေအိမ်(သံကူကွန်ကရစ်) တစ်လုံး
(ဆ)	သရက်ခရိုင်၊ ကံမမြို့နယ်	(၂)ခန်းတွဲ ဝန်ထမ်းနေအိမ်(အုတ်တိုက်) တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၃-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၂၃၁၊ ၀၆၃-၂၅၀၄၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

စွမ်းအင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှသည် အာဆီယံ၏ မျှဝေခံစားနိုင်မည့်လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

(၃၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ ခုနစ်ကြိမ်မြောက်အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီတို့၏ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံဘာလီ၌ စက်တင်ဘာ ၂၃ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်အဖွဲ့ တက်ရောက်ကြသည်။

(၃၁)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ H.E.Dr. Boediono တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး ဒေသတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ပူးပေါင်း အကောင်အထည်ဖော်သွားကြရေးနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကူညီပံ့ပိုးပေးမှုများအပေါ် အကျိုးရှိစွာဖြင့် ရည်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်ကြစေရေးကို တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ASEAN Plan of Actions for Energy Cooperation) ၂၀၁၀-၂၀၁၅ အရ အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ စွမ်းအင်ကဏ္ဍခွဲများအလိုက် ဖြစ်ပေါ်တိုးတက်မှု ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များအားလုံးကို အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ (ASEAN Economic Community 2015) ၏ ရည်မှန်းချက်များနှင့်အညီ ပြည့်မီအောင် ဆောင်ရွက်သွားကြရေးကို လည်းကောင်း၊ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာန စွမ်းဆောင်ရည် တိုးမြှင့်ဖွံ့စည်းနိုင်ရေးကိစ္စရပ်များ စသည်တို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်း နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အဆင့်မြှင့် ပြန်လည်ဖွဲ့စည်းနိုင်ရေး အတွက် သဘောတူညီချက်များကို အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ အပေါ် မှတ်တမ်းတင်ခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း ကတိကဝတ်ပြုသည့် အာဆီယံ စွမ်းအင်ဝန်ကြီးများ၏ ပူးတွဲ သတင်းထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြပြီး အာဆီယံစွမ်းအင် ဝန်ကြီးများ၏ သတင်းစာ ရှင်းလင်းပွဲကိုလည်း တက်ရောက်ခဲ့သည်။

(၁၀)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စွမ်းအင် ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ဒေသတွင်း စွမ်းအင်ဖူလုံရေး၊ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန် ရေနံအရန်သိုလှောင်ထားနိုင်မှု လုပ်ငန်းစဉ်များ၊ မြို့ပြသုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ အတွက် နည်းပညာ မျှဝေခြင်းလုပ်ငန်းများ၊ ဒေသတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးကွက်ဆိုင်ရာများ၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်းစဉ်များ စသည့်လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများကို အဓိကထားဆွေးနွေးခဲ့ကြပြီး အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဝန်ကြီးများ၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြသည်။

(၇)ကြိမ်မြောက် အရှေ့အာရှ နိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံစွမ်းအင် ဝန်ကြီးများနှင့် ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အရှေ့အာရှ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးချရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဇီဝလောင်စာသုံးစွဲရေးနှင့် စွမ်းအင်ဈေးကွက် ပေါင်းစည်းရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် လျှပ်စစ်ထုတ်လုပ်မှုတွင် အစားထိုးစွမ်းအင် သုံးစွဲရေး လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အဓိကထား ဆွေးနွေးခဲ့ကြပြီး အရှေ့အာရှစွမ်းအင်ဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ကြသည်။ အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီတို့၏ အစည်းအဝေးတွင် ကမ္ဘာ့စွမ်းအင်ဈေးကွက်ဆိုင်ရာများနှင့် အနာဂတ်အလားအလာများ၊ စွမ်းအင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့် စိန်ခေါ်မှုများ၊ အာဆီယံဒေသတွင်း စွမ်းအင်ခန့်မှန်းချက် အစီရင်ခံစာထုတ်ဝေရေး လုပ်ငန်းများကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးများ ကျင်းပစဉ် ကာလအတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မလေးရှားနိုင်ငံ စွမ်းအင် ဝန်ကြီးနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ စွမ်းအင်ဒုတိယဝန်ကြီးနှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ စွမ်းအင်ဒုတိယဝန်ကြီးတို့နှင့် လည်းကောင်း တွေ့ဆုံခဲ့၍ မြန်မာနိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၈ နှင့် ၂၉ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ Surabaya ရှိ Petrokimia ဓာတ်ငွေ့မြေဩဇာစက်ရုံ၊ Pupuk State owned Holding Company၊ Pertamina ရေနံနှင့်သဘာဝဓာတ်ငွေ့မြေနှင့် ရွှေ့ပြောင်း တည်ဆောက်နိုင်သော Tri Wahana Universal ရေနံချက်စက်ရုံများသို့ ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အကာအရံမဲ့စွာဖြင့် ပညာသင်ကြားနေရ

မိတ္ထီလာ အောက်တိုဘာ ၃

မိတ္ထီလာမြို့ တပျော်ကျေးရွာအုပ်စု ကင်မွန်းချုံကျေးရွာ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းတွင် စာသင်ဆောင် သုံးဆောင်ရှိသော်လည်း တစ်ဆောင်သည် ပျက်စီးယိုယွင်းနေရာ အကာအရံမဲ့ စာသင်ဆောင်တွင် ဒေသခံကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေရကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိန့်ကြား

ကင်မွန်းချုံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဆရာ ဆရာမ ငါးဦးဖြင့် သူငယ်တန်း ၂၈ ဦး၊ ပထမတန်း ၁၆ ဦး၊ ဒုတိယတန်း ၁၁ ဦး၊ တတိယတန်း ၁၃ ဦး၊ စတုတ္ထတန်း ၁၈ ဦး၊ ပဉ္စမတန်း ၅၆ ဦး၊ ဆဋ္ဌမတန်း ၃၈ ဦး၊ သတ္တမတန်း ၃၅ ဦး၊ အဋ္ဌမတန်း ၃၇ ဦး၊ မူလတန်းမှ အလယ်တန်းအဆင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၂ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အဋ္ဌမတန်းအောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျေးရွာမှ ခုနစ်မိုင်ခန့်ကွာဝေးသည့် ရေဝေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားရကြောင်း၊ ကျောင်းတွင် စာသင်ဆောင် သုံးဆောင်ရှိသည့်အနက် တစ်ဆောင်မှာ ပျက်စီးယိုယွင်းနေသဖြင့် အကာအရံမဲ့စွာဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေရကြောင်း၊ စာသင်ဆောင် ပြုပြင်ရေးအတွက် အကူအညီလိုအပ်လျက်ရှိပြီး တတ်စွမ်းသရွေ့ပြုပြင်သွားရန်လည်း ကြိုးစားနေကြောင်းဖြင့် အဆိုပါကျောင်းတည်ရှိရာ ကင်မွန်းချုံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယ၏ မိန့်ကြားချက်အရ သိရသည်။

တည်ထောင်

ချောင်းကူးမြောင်းကူးနှင့် ခရီးဝေးလံသည့် အခြားကျေးရွာရှိ စာသင်ကျောင်းများသို့ သွားရောက် ပညာသင်ယူရမည့် ဒေသခံကျေးရွာနေ ကလေးငယ်များအား မိမိတို့ကျေးရွာတွင် ပညာသင်ယူနိုင်ရေးအတွက် ကင်မွန်းချုံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

ချမ်းသာ(မိတ္ထီလာ)

နိုင်ငံခြားသားများ ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန (ရန်ကုန်)စုစည်းခန်းမတွင် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံခြားသားများ ထိန်းသိမ်းစောင့်ရှောက်ရေး သင်တန်း အမှတ်စဉ်(၁၈/၂၀၁၃) ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ သတင်း ရဲတပ်ဖွဲ့မှ ရဲမှူးကြီးကျော်စိုးနှင့် နည်းပြ အရာရှိများ၊ သင်တန်းသား အရာရှိ ၄၀ အပါအဝင် ၆၀ ခန့်တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား အမှတ်(၂) ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီက အမှာစကား ပြောကြားခဲ့ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

(ရဲပြန်ကြား)

ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် အလှူငွေပေးအပ်

စစ်ကိုင်း အောက်တိုဘာ ၃

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ရေပေးရေးကော်မတီက ကြီးမှူးကျင်းပသော ကိုယ့်အားကိုယ်ကိုးရေပေးရေး လုပ်ငန်းဆောင်ရွက်ရန် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရွာထောင် ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်တို့က အမှာစကားပြောကြားပြီး ရွာထောင်ရပ်ကွက် ရေပေးရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်(လမင်းသာ)က ရေပေးရေး လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေနှင့်ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး အလှူငွေပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ဦးဝင်းနိုင်(လမင်းသာ)မိသားစုက အလှူငွေကျပ်သိန်း ၂၀ နှင့် ကျန်အလှူရှင် ၁၁ ဦးတို့က အလှူငွေကျပ် စုစုပေါင်း ၂၇၈၀၀၀၀ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(၁၃၇)**

မိဘ အမည်မှန်

အထက ပဲခူးယ်ကုန်းမြို့ Grade 11(F) မှ မောင်ကျော်ထက်နိုင်၏ မိဘအမည်မှန်မှာ ဦးကျော်သူရ ၇/ကတခ(နိုင်)၁၃၃၁၃၅နှင့် ဒေါ်ဖြူဖြူဝင်း ၇/ကတခ(နိုင်)၁၃၃၁၆၅တို့ဖြစ်ပါသည်။





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အနောက်အာဇာနည်လမ်း၊ တိုက်အမှတ် ၆၊ ပထမထပ်ခေါင်းရင်းခန်း၊ ပထမထပ်အကျယ်ပေ(၂၀×၄၀)ရှိ ရေမီးအစုံ တိုက်ခန်းအား ပိုင်ရှင်ဒေါ်ခိုင်ဇင်ထွေး ၁၂/ဗဟန(နိုင်)၀၇၆၇၄၈ထံမှ ဝယ်ယူရန် ဦးထိန်လင်း ၁၂/ရကန(နိုင်)၀၅၁၆၆၄ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထိန်လင်း
၁၂/ရကန(နိုင်)၀၅၁၆၆၄
တိုက် ၃၅၇၊ အခန်း ၂၃၊ ရန်ရှင်းလမ်းမကြီး၊
(၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁/၁၀ရပ်ကွက်၊ ပိတောက်(၁)လမ်း၊ မြေကွက်အမှတ် ၁၁၀၊ အလျားပေ ၆၀ × အနံပေ ၂၀ ရှိ အိမ်ခြံမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မိုးလွင် ၁၁/ရဗန(နိုင်)၀၆၀၂၅၂နှင့် လှိုင်သာယာမြို့နယ်၊ (၁/၁၀) ရပ်ကွက်၊ ပိတောက်(၁)လမ်း၊ မြေကွက်အမှတ်(၁၁၀)၊ အလျားပေ ၆၀ × အနံပေ ၂၀ရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝါဝါလင်း ၁၁/ရဗန(နိုင်)၀၄၄၀၃၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆိုင်သူများရှိပါက ယနေ့မှစ၍ ၁၅ရက်အတွင်းခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသီ	**ဒေါ်ချိုသဲလွင်**	**ဒေါ်အိသူနွယ်စိုး**
BA,RL	**LL.B,D.I.L**	**LL.B,LL.M**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၇၈၃၈	**စဉ်-၈၆၈၄**	**စဉ်-၈၇၄၈**
ဖုန်း-၀၉-၅၁၈၀၁၂၀	**ဖုန်း-၀၉-၇၃၀၆၃၃၈၈**	**ဖုန်း-၀၉-၇၃၉၀၁၇၀၇**

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၄/ဘ၀မြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ ၄၀၊ ၁ လမ်း၊ အမှတ် (၈၉၊၁၀)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဘ၀မြင့်)၊ လူနေရပ်ကွက်အမှတ် မလိခအိမ်ရာ၊ မြေကွက်အမှတ် ၄၇/၉၂+၄၇/၉၃+၄၇/၉၄၊ မြေဧရိယာ ၀ ဒသမ ၀၂၈+၀ ဒသမ ၀၂၈+၀ ဒသမ ၀၃၆ဧကရှိ ပါမစ်မြေ၊ မြေကွက် သုံးကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မဟာရွှေတောင်ကုမ္ပဏီလီမိတက်က အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ မဟာရွှေတောင်ကုမ္ပဏီလီမိတက်ထံမှ အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါက်တာခင်သူဇာသိန်း ၁၄/ဘကလ(နိုင်) ၀၀၀၁၇၁ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B	**ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် (၂၀၁-A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သွာနုတ္တ သားသမီးများအဖြစ် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နေ ဦးထွန်းရွှေ ၁၀/ခဆန(နိုင်)၀၀၂၀၅၅၏ သားသမီးများဖြစ်သော သမီး ဒေါ်တင်တင်လှ CZN-၁၁၇၃၇၈၊ သား ဦးစံသောင်း CZN-၁၃၀၂၂၇၊ သား ဦးစံလှ CZN-၁၃၄၂၅၉နှင့် သား ဦးသိန်းထွန်းတင်(ခ)မောင်မောင် CZN-၁၄၆၁၄၆ တို့သည် မိဘများခွင့်မလွှတ်နိုင်သော လုပ်ဆောင်မှုများ ကျူးလွန်ခဲ့ကြသဖြင့် သွာနုတ္တ သားသမီးများအဖြစ် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထွန်းရွှေ ၁၀/ခဆန(နိုင်)၀၀၂၀၅၅**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီးထွက် ပီနန်အုန်းသီးများ

ရန်ကုန် အောက်တိုဘာ ၃

တစ်နှစ်တာ ၁၂ လလုံးလုံး တစ်နိုင်ငံလုံး ထွက်ရှိသုံးစွဲနေသည့် အုန်းသီးများတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံမြို့ရှိ စိုက်ပျိုးရေးအုန်းခြံများမှ ထွက်ရှိလာသော အုန်းသီးများလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်။ အောက်တိုဘာ ၁ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း မော်တင်လမ်းဆိပ်ကမ်း တစ်လျှောက်တွင် ရေလမ်းခရီးဖြင့် ရောက်ရှိလာသော အခွံကျွတ် အုန်းသီး(ပီနန်အုန်းသီး)များကို အရွယ်အစားအလိုက် ခွဲခြားစီရီနေသည်ကို လုံးရေ ရာထောင်ချီ၍ တောင်ပုံ ရာပုံ မြင်တွေ့ရသည်။

ပို့ဆောင်

မုန့်ပဲသရေစာနှင့် အစားအသောက်လုပ်ငန်းအမျိုးမျိုးတွင် မပါမဖြစ် သုံးစွဲရခြင်းဖြစ်၍ မြန်မာပြည်နေရာအနှံ့သို့ ကား၊ ရထားများဖြင့် ပို့ဆောင်ပေးရကြောင်း၊ ယခု အုန်းသီးများကိုမူ မန္တလေး၊ လားရှိုး၊ တောင်ကြီး၊ ကျောက်ပန်းတောင်းမြို့များသို့ ပို့ဆောင်ပေးရပြီး မန္တလေး မြင့်မြင့်ခင် ထိုးမုန့်ဆိုင်အတွက်ကိုမူ စပါယ်ရှယ် အထူးအုန်းသီးလုံးကြီးများ ရွေးချယ်တင်ပို့ပေးရကြောင်း အုန်းသီးပွဲစား ဒေါ်သန်းဝင်းက ပြောသည်။ အုန်းသီးဈေးမှာ ဈေးအတက်အကျ သိပ်မရှိဘဲ အုန်းခြံမှအထွက်နည်းသည့် တစ်ခါတစ်ရံ အခါများတွင်သာ တစ်လုံးကို ငွေကျပ် ၁၀ မှ ၂၀ လောက် တက်သည်ဟု အုန်းသီးကုန်သည်ဒေါ်စန်းမြက ပြောသည်။ အုန်းသီးများကို အရွယ်ညီ ၃၅ လုံးပါ နှင့် ၇၀လုံးပါ အိတ်များဖြင့် ထည့်သွင်း သယ်ဆောင်ပို့ပေးကြပြီး ဈေးနှုန်းများ အလုံးကြီးတစ်လုံးကျပ် ၃၂၀ မှ ၃၅၀၊ အလုံးသေးကျပ် ၂၀၀ မှ ၂၅၀ ရှိကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဇန်းမော်မြို့တွင် သုံးမျိုးစပ်ဝက်မျိုးများ ဖြန့်ဖြူးပေး

ဇန်းမော် အောက်တိုဘာ ၃

ကချင်ပြည်နယ် ဇန်းမော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်စိုးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးတို့အတွက် ဝက်များကို မျိုးမြင့်တင်ရန်နှင့် ထုတ်လုပ်မှုကောင်းသော ဝက်များမွေးမြူခြင်းဖြင့် အသားကဏ္ဍ တိုးတက် မြင့်မားလာစေရန်အတွက် DYL ခေါ် သုံးမျိုးစပ် ဝက်မျိုးများ ဖြန့်ဖြူးပေးကြသည်။

ဇန်းမော်ခရိုင်အတွင်းရှိ ဇန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များတွင် အိမ်ထောင်စု ၁၁၈ စုအတွက် ဝက်ကောင် ရေ ၄၄၉ ကောင်၊ တန်ဖိုးငွေကျပ် ၃၈၁၂၅၀၀၀ တို့ကို စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်ထိ ဖြန့်ဖြူးပေးကြသည်။ ဝက်မွေးသူများ ဝက်များကို လက်ခံရရှိသည့်နေ့မှစ၍ ခြောက်လအတွင်း ဝက်တန်ဖိုး ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

ဝမ်းမြောက်

ထိုကဲ့သို့ ဝက်မျိုးကောင်းများ ဖြန့်ဖြူးပေးသည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။

ဆီမီးခုံ-နန်းရီ

တန်ပိုယာဉ်များ ထိန်းသိမ်းခြင်းနှင့် လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်းညှိနှိုင်း

ကန့်ဘလူ အောက်တိုဘာ ၃

ကန့်ဘလူမြို့နယ် အတွင်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ စပယ်နံ့သာ-ကန့်ဘလူ-ကျွန်းလှလမ်းများ၏ တန်ပိုယာဉ်များ ထိန်းသိမ်းခြင်းနှင့် လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်းညှိနှိုင်း ဆွေးနွေးခြင်းကို မြို့နယ် အင်ဂျင်နီယာရုံးခန်းမတွင် အောက်တိုဘာ ၂ ရက် ၁၀ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အင်ဂျင်နီယာမှ တိုင်းဒေသကြီး ဝင်ငွေတိုးတက်ရှာဖွေရေးအတွက် တိုင်းဒေသကြီးလမ်းဖြစ်သည့် စပယ်နံ့သာ-ကန့်ဘလူ- ကျွန်းလှလမ်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ လမ်းအသုံးပြုခကောက်ခံနေပြီဖြစ်ကြောင်း၊ ရွှေဘို-မန္တလေးသို့ ကျွန်းလှ-ကန့်ဘလူဒေသမှ သွားလာသည့် ယာဉ်ကြီးများ အနေဖြင့် သတ်မှတ်တန်ချိန် တင်ဆောင်ခြင်းဖြင့် လမ်းမကြီးများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် တန်ပိုယာဉ်များ တားဆီးကာကွယ်ရေးအတွက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ် မစက ဥက္ကဋ္ဌ၊ မြို့မိ မြို့ဖ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တန်ပိုယာဉ်နှင့် လမ်းအသုံးပြုယာဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၀၀၀၀-၆၄၉၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၂၅၀၀-၆၄၉၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၄၆-၁၅. ၅၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၄၆၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၆၀၀-၆၇၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၃၅၀၀-၇၅၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၃၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၇၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၇၅-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၅၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

TAW WIN CENTRE MONSOON LUCKYDRAW
September လ ကံထူးရှင်များစာရင်း

ကံထူးရှင် အမည်	ပေါက်မဲ နံပါတ်
၁။ ခိုမင်းမောင်	၁၀၀၀၆၅
၂။ ဒေါ်စန်းစန်းမြင့်	၁၂၉၀၅၈
၃။ မဆုဝေမွန်	၁၃၇၄၄၉
၄။ မစန္ဒာခင်း	၀၀၆၉၂၆
၅။ ဒေါ်ဆွေဆွေတင့်	၁၂၄၉၅၄
၆။ ဦးမောင်မောင်သန်း	၀၀၅၇၂၈
၇။ ကိုရန်နိုင်ဦး	၀၄၂၅၄၇
၈။ မသီရိလင်း	၀၀၄၅၄၅
၉။ ကိုထွန်းမောင်သုတ	၁၂၆၄၅၈
၁၀။ ကိုအောင်ဇေယျ	၀၀၈၆၀၂
၁၁။ မခင်မြတ်ဆွေ	၀၁၆၀၅၇
၁၂။ ဦးထင်လင်း	၀၄၂၉၀၃

September လ ကံထူးရှင်များသည် မိမိတို့၏ ပေါက်မဲများကို (၈ - ၁၀ - ၂၀၁၃) နောက်ဆုံးထား၍ တော်ဝင်စင်တာ Level-1(Promotion Area)တွင်လာရောက် ထုတ်ယူပေးပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရက်ပေါင်း ၆၅ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဒုတိယဝန်ကြီး ဦးသောင်းထိုက် Training Centre -1 ရှိ အားကစားသမားများလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေးအားပေး

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် အားကစားလေ့ကျင့်ရေးစခန်းများနှင့် အဖွဲ့ချုပ်အသီးသီးတွင် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသကဲ့သို့ တာဝန်ရှိသူများကလည်း လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီက မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Training Centre -1 ရှိ မွေ၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ လက်ဝှေ့အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ အားကစားသမားများအနေဖြင့် မိမိတို့ရည်မှန်းချက်မပျောက်ပျက်အောင် ကြိုးစားလေ့ကျင့်ရန်၊ နည်းပြများကလည်း ဂရုစိုက်ကြပ်မတ်ကြရန်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အားကစားသမားများ လေ့ကျင့်ရာတွင် စည်းကမ်းတကျရှိရန်နှင့် နည်းစနစ်မှန်ကန်စွာဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်မှသာ အောင်မြင်မှုရရှိမှာဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဆီးဂိမ်းအကြို ဖူဆယ်အားကစားရုံသို့ သွားရောက်၍ မြန်မာအမျိုးသမီးဖူဆယ်အသင်း နိုင်ငံခြားနည်းပြနှင့် လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆီးဂိမ်းကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ကော်မတီစည်းဝေး

နေပြည်တော် အောက်တိုဘာ ၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် **(ယာပုံ)**က အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်တွင် ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ ကော်မတီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစွမ်းရည်ကို ပြသရမည့်တာဝန်ရှိပြီး လူ၊ ပစ္စည်း၊ ငွေကြေးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တာဝန်များကို သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် တင်ပြကြရန်နှင့် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ၊ ဆောင်ရွက်ရန်လိုအပ်နေသေးသည့် လုပ်ငန်းများ၊ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသွားပြည်သူလူထုသို့ အသိပေးကြေညာခြင်း

မြန်မာ့မီးရထားသည် ပြည်သူတို့အား ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးရှိ ဘူတာကြီးငယ်များတွင် ပြည်သူ့ဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်သူများမှ အကြံပြုချက်များ၊ တိုင်ကြားချက်များကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ရေးသားပြောဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး နေ့စဉ် မြန်မာ့မီးရထားရုံးချုပ်သို့ ပေးပို့လျက်ရှိသည်။

မြန်မာ့မီးရထားရုံးချုပ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လေ့လာသုံးသပ်ရေးအဖွဲ့ Working Group သည် နေ့စဉ်ရရှိသော ပြည်သူလူထု၏အသံများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အပတ်စဉ် ဌာနအကြီးအကဲများဖြင့် ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်- မန္တလေးလမ်းပိုင်းတွဲများ၊ ရေ၊ မီး၊ အိမ်သာများ ကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ပေးလာနိုင်ခြင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှင့် မန္တလေးမှပြေးဆွဲသောရထားများ၌ တွဲ၊ ထိုင်ခုံများတွင် ကြမ်းပိုးများကို ပိုးသတ်ဆေးများဖြင့် နှိမ်နင်းခြင်း၊ တွဲနှင့် ထိုင်ခုံများ၊ ကြမ်းခင်းများ၊ အိမ်သာများကို ဆပ်ပြာရည်နှင့် အနံ့ပျောက်ဆေးရည်များသုံး၍ ဆေးကြောခြင်းများ၊ တွဲများတွင် ရေရရှိရေးတို့အားဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရထားလမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းသစ်ပင်/သစ်ကိုင်းများကိုခုတ်ထွင်ရှင်းလင်းသကဲ့သို့ ရထားလမ်းများကြံ့ခိုင်ရေးကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားဘူတာရုံတိုင်းတွင် သတ်မှတ်လက်မှတ်ခများသာ ကောက်ခံရေး၊ ပြန်အမ်းငွေများကို တိကျစွာပြန်အမ်းရေး၊ မသမာမှုများဆောင်ရွက်သည်ကိုတွေ့ရှိပါက တိကျစွာမှတ်သား၍ ဘူတာများရှိ ပြည်သူ့ဆက်ဆံရေးဌာန၊ မြန်မာ့မီးရထားတိုင်းရုံးနှင့် ရုံးချုပ်သို့ အသိပေးတိုင်ကြားပါရန် ပြည်သူများသို့ လေးစားစွာ အသိပေးအပ်ပါသည်။

မြန်မာ့မီးရထား

ဖုန်း-၀၆၇-၇၇၀၁၉၊ ၀၆၇-၇၇၀၆၁၊ ၀၆၇-၇၇၀၅၈
mr.prc.npt@gmail.com

တောင်ကုတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ချွတ်ယွင်းမှုကြောင့် ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု ယာယီရပ်ဆိုင်း

နေပြည်တော် အောက်တိုဘာ ၃

တောင်ကုတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 50 W ELECTRONIKA TV Transmitter လွှင့်စက်သည် စက်တင်ဘာ ၂၉ ရက်နေ့ ညပိုင်းအစီအစဉ်ထုတ်လွှင့်နေစဉ်အတွင်း ချွတ်ယွင်းသွားသဖြင့် ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု ယာယီရပ်ဆိုင်းထားရသည်။

လွှင့်စက်ပြုပြင်ရေးအတွက် ရန်ကုန်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်သို့ပေးပို့ထားကြောင်းနှင့် ပြန်လည်ထုတ်လွှင့်နိုင်မှုအခြေအနေကို ဆက်လက်အသိပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာအားကစားသတင်း

မန်ယူနှင့် မန်စီးတီးတို့ ချန်ပီယံလိဂ် ကြေကွဲည

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်-၂ မှာ မန်ယူပရိသတ်တွေ ရင်မောခဲ့ရပြန်ပါတယ်။ နည်းပြမိုယက်စ်အပေါ် ဖိအားတွေပြုဆင်းသွားသလို မြို့ခံမန်စီးတီးတို့လည်း နည်းပြဂွာဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်ရှေ့မှာ ဒူးထောက်ခဲ့ရပါတယ်။ ရီးရဲမက်ဒရစ်က ပြတ်သားတဲ့ရလဒ်ကို ပုံဖော်နိုင်ခဲ့ပေမယ့် ဂျူဗင်တပ်စ်တို့ကတော့ အိမ်ကွင်းမှာ တစ်မှတ်နဲ့ ဖြေသိမ့်ခဲ့ရပါတယ်။

ရှက်တာဒိုးနက်နှင့် မန်ယူ

ပွဲမစခင်ကတည်းက ပရိသတ်တွေ ရင်တမမဖြစ်နေရတဲ့ မန်ယူဟာ ပွဲ ကစားတော့လည်း ရသမမြောက်ခဲ့ပြန်ပါဘူး။ ဗန်ပါစီ၊ ဝဲလ်ဘတ်တိုက်စစ်အတွဲဟာ ရှက်တာဒိုးနက် နောက်တန်းကို ထိတ်လန့်စရာမဖြစ်စေခဲ့ပါဘူး။ ရှက်တာဒိုးနက်ရဲ့ တိုင်ဆန်၊ အက်ဒရီဟာနိုတို့ကလည်း တိုက်စစ်အသက်ကင်းမဲ့နေသလိုပါပဲ။ ပွဲချိန် ၁၈ မိနစ်မှာ ဖယ်လိုင်နီပေးပို့လိုက်တဲ့ ဘောလုံးကို ဝဲလ်ဘတ်ကန်သွင်းယူခဲ့လို့ ဂိုးရရှိခဲ့ပေမယ့် အဲဒီဂိုးနဲ့ပဲ ရပ်တန့်နေခဲ့ပါတယ်။ ပွဲချိန် ၇၆ မိနစ်မှာ ရှက်တာဒိုးနက်ရဲ့ တိုင်ဆန်က ချေပဂိုးသွင်းယူခဲ့လို့ မန်ယူဟာ တစ်မှတ်ပိုက်ပြီး အိမ်ပြန်ခဲ့ရခြင်းဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် ကိုပင်ဟေဂင်

စီရိုနယ်ဒိုရဲ့ သွင်းဂိုးတွေကြောင့် နည်းပြအန်ဆယ်လော့တီ ပြုံးပန်းပွင့်နိုင်ခဲ့ပါတယ်။ ဂါရက်ဘေးလ်ဒဏ်ရာကြောင့် မပါနိုင်ခဲ့ပေမယ့် ပွဲချိန် ၂၁ မိနစ်မှာ စီရိုနယ်ဒိုက မာဆယ်လိုဖန်တီးပေးမှုကတစ်ဆင့် ဂိုးစတင်သွင်းယူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ၆၅ မိနစ်မှာ စီရိုနယ်ဒို၊ ၇၁ မိနစ်နဲ့ နာကျင် အချိန်ပိုမှာ ဒီမာရီယာတို့က ဂိုးတွေဆက်တိုက်သွင်းယူခဲ့လို့ ရီးရဲမက်ဒရစ်တို့ လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့တာပါ။ စီရိုနယ်ဒိုဟာ ချန်ပီယံလိဂ်နှစ်ပွဲဆက် ငါးဂိုးသွင်းယူနိုင်တဲ့ အင်ဇာဂီရဲ့ ဂိုးသွင်းစံချိန်နဲ့တူညီသွားပြီး နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးပွဲ ၂၀ မှာ ၂၆ ဂိုးသွင်းယူနိုင်တဲ့စံချိန်လည်း ရရှိသွားပါတယ်။

မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်

အစဉ်အလာအတိုင်း မန်စီးတီး နည်းပြ ပယ်လီဂရီနီဟာ ဘိုင်ယန်မြူးနစ် နည်းပြဂွာဒီယိုလာရှေ့မှာ မမော်ကြွားနိုင်ခဲ့ပါဘူး။ အဓိက ကစားသမားတွေနဲ့ ပွဲထွက်လာတဲ့ဒီနှစ်သင်းမှာ ဘိုင်ယန်မြူးနစ်ရဲ့ ဖိအားပေးမှုအောက်မှာ မန်စီးတီးတို့ နစ်မြုပ်မတတ် ဖြစ်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အတွက် ပွဲချိန် ၇ မိနစ်မှာ ရစ်ဘာရီ၊ ၅၆ မိနစ်မှာ မူလာ၊ ၁၉ မိနစ်မှာ ရော်ဘင်တို့က ဂိုးသွင်းယူခဲ့ကြပြီး ဦးဆောင်ခဲ့ပါတယ်။ မန်စီးတီးအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ၇၉ မိနစ်မှာ နီဂရီဒိုက သွင်းယူပေးခဲ့လို့ မန်စီးတီးတို့အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့လို့ မန်စီးတီး ပရိသတ်တွေ ကြေကွဲခဲ့ရပါတယ်။

ဂျူဗင်တပ်စ်နှင့် ဂါလာတာစာရေး

တီဗက်ဇ်ဦးဆောင်တဲ့ ဂျူဗင်တပ်စ် တိုက်စစ်ဟာ ဘောလုံးဆုံးရှုံးမှုတွေ များခဲ့လို့ အခွင့်အရေးကောင်းတွေ လက်လွတ်ခဲ့ရပါတယ်။ ပွဲချိန် ၃၆ မိနစ်မှာ ဒရော့ဘာက ဂါလာတာစာရေးအတွက် အဖွင့်ဂိုးသွင်းယူပေးပြီး ၈၈ မိနစ်မှာ ဘူလက်က တစ်ဂိုးသွင်းယူခဲ့လို့ ဂါလာတာစာရေးတို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ဂျူဗင်တပ်စ်ရဲ့ ဂိုးတွေကိုတော့ ပယ်နယ်တီက တစ်ဆင့် ၇၈ မိနစ်မှာ ဗီဒယ်က တစ်ဂိုးနဲ့ ၈၇ မိနစ်မှာ ကွာဂလီရယ်လာက သွင်းယူခဲ့လို့ နှစ်ဂိုးစီ ဖြစ်ခဲ့ပါတယ်။

ဖာဂူဆန် မန်ယူနည်းပြ ပြန်လုပ်မည်မဟုတ်

မန်ယူနည်းပြဟောင်း ဖာဂူဆန်က မန်ယူနည်းပြပြန်လုပ်ရန် စိတ်ဝင်စားခြင်းမရှိကြောင်း အခိုင်အမာပြောဆိုလိုက်သည်။ မန်ယူသည် နည်းပြမိုယက်စ်လက်ထက်တွင် အမှတ်ပေးဇယား ၁၂သို့ ရောက်ရှိနေသည်။ မန်ယူကို အကောင်းဆုံး နည်းပြလက်ထဲထည့်ပေးခဲ့ပြီဖြစ်ကြောင်း၊ မိုယက်စ်သည် နည်းပြကောင်းတစ်ဦးဖြစ်ကြောင်း ဖာဂူဆန်က ပြောသည်။ နည်းပြဖာဂူဆန်သည် မန်ယူကို ၂၆ နှစ်ကြာ ကိုင်တွယ်ခဲ့ပြီး ပရီမီယာလိဂ်ဖလား ၁၃ လုံးရယူပေးနိုင်ခဲ့သည်။ ထို့အပြင် ချန်ပီယံလိဂ်ဖလားနှစ်လုံးလည်း ရယူပေးနိုင်ခဲ့သည်။

တောရက်(စ်)သုံးပတ်နားရမည်

ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်သည် စတူအာဘူခါရက်နှင့်ကစားသော ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒူးခေါင်းအနာတရဖြစ်သွား၍ သုံးပတ်ကြာအနားယူရလိမ့်မည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောကြားသည်။ အသက် ၂၉ နှစ်ရှိ တောရက်စ်သည် ထိုနေ့က ၁၁ မိနစ်သာ ကစားပေးခဲ့ရသည်။ ဝဲဘက်ဒူးခေါင်းအမာရွတ်ထိခိုက်သွားခဲ့သည်။ ၄င်းသည် စပိန်ကမ္ဘာ့ဖလားခြေစစ်ပွဲများဖြစ်သည့် ဘီလာရုစ်နှင့်ဂျော်ဂျီယာတို့နှင့်ကစားမည့်ပြိုင်ပွဲများလည်း လွဲချော်မည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ရာဖေးလ်နာဒယ် ကမ္ဘာ့နံပါတ်တစ်ဖြစ်နိုင်

စပိန်နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖီးလစ်ကိုချာရီဘာအားအနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်သည် ယင်းပြိုင်ပွဲတွင် ၆-၄၊ ၇-၆(၇-၃)ဖြင့် အနိုင်ရလိုက်သဖြင့် ကွာတားဖိုင်နယ်တွင် အီတလီမှ ဖာဘီယိုဖော့နီနီနှင့် ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ရာဖေးလ်နာဒယ် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်လျှင် ဂျိုကိုဗစ်၏ကမ္ဘာ့နံပါတ်တစ်နေရာကို ရယူမည်ဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ပြီးခဲ့သည့်လက အမေရိကန်အိုးပင်းတွင်လည်း ဂျာမနီတင်းနစ်ကစားသမား ကိုချာရီဘာအား အနိုင်ရခဲ့သည်။

ဥရောပထိပ်တန်းလိဂ်များ ကစားမည့်ပွဲစဉ်

စပိန်လာလီဂါ ပွဲစဉ်-၈			**အောက်တိုဘာ ၅ ရက်**
ဗီလာရီးရဲလ်	-	ဂရန်နာဒါ	နံနက် ၀၀း၃၀
မာလာဂါ	-	အိုဆာဆူနာ	နံနက် ၂း၃၀
ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်-၈			**အောက်တိုဘာ ၅ ရက်**
ဟန်နိုဗာ	-	ဟာသာဘာလင်	နံနက် ၁း၀၀
ပြင်သစ်လီဂူး ပွဲစဉ်-၉			**အောက်တိုဘာ ၅ ရက်**
ဘက်စတီယာ	-	လိုရီရန့်	နံနက် ၁း၀၀

ပြည်တွင်းလိဂ်များမှ ဂိုးအများဆုံးသွင်းသူများ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၇ အပြီး		
စတာရစ်	(လီဗာပူး)	၅ဂိုး
အိုလီဗာ ဂီရော့ဒ်	(အာဆင်နယ်)	၄ဂိုး
ဘန်တီကီ	(အက်စ်တွန်ဗီလာ)	၄ဂိုး
စပိန်လာလီဂါ ပွဲစဉ်-၇ အပြီး		
မက်ဆီ	(ဘာစီလိုနာ)	၈ဂိုး
ဒီယေဂို ကော်စတာ	(အက်သလက်တီကို)	၈ဂိုး
စီရော်နယ်ဒို	(ရီးရဲလ်မက်ဒရစ်)	၆ဂိုး
ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်-၇ အပြီး		
မိုဒက်စ်တီ	(ဟော်ဖန်ဟိမ်း)	၆ဂိုး
လီဝမ်ဒေါစကီး	(ဒေါ့မွန်)	၆ဂိုး
အိုင်ဘီဆီဗစ်	(စတုဂတ်)	၆ဂိုး
အီတလီစီးရီးအေ ပွဲစဉ်-၆ အပြီး		
ဆာဆီ	(တိုရီနို)	၅ဂိုး
ဂူဆက်ပီ ရော့စီ	(ဖီအိုရင်တီးနား)	၅ဂိုး
ဟမ်ဆစ်ခ်	(နာပိုလီ)	၄ဂိုး
ပြင်သစ်လီဂူး ပွဲစဉ်-၈ အပြီး		
ဖယ်လ်ကာအို	(မိုနာကို)	၇ဂိုး
ရီဗီယာ	(မိုနာကို)	၆ဂိုး
ကီဗင်ဘာရီဂေါက်	(အီဗီယန်)	၆ဂိုး

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်-၂ ဘောလုံးပွဲရလဒ်များ

လေဗာကူဆင်	၂-၁	ဆိုစီဒက်
ပီအက်စ်ဂျီ	၃-၀	ဘင်ဖီကာ
အန်ဒါလက်ချ်	၀-၃	အိုလံပီယာကော့စ်
CSKA မော်စကို	၃-၂	ပါလ်တန်

သီဟ

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲ

"အဘိဓမ္မာနေ့အထိမ်းအမှတ်ဓမ္မဒေသနာ"

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၄၉/ခ၊ မြေကွက်တည်နေရာအမှတ်(၂၄၉/ခ)၊ (၆)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးပန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးပန်းနှင့်ဇနီး ဒေါ်မြစိန် ကွယ်လွန်သဖြင့်ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၇၅၉၂၁၊ ဒေါ်ခင်စန်းညွန့် ၁၂/ဥကတ(နိုင်)၀၉၄၃၅၀၊ ဒေါ်တင်ရွှေမြိုင် ၁၂/ဥကတ(နိုင်)၀၉၀၆၉၄၊ ဒေါ်ခင်စောနွယ် ၁၂/ဗဟန(နိုင်)၀၃၀၇၅၆၊ ဦးလှဌေး ၁၂/ဥကတ(နိုင်)၀၇၅၆၁၃၊ ဦးမင်းဌေး ၁၂/မရက(နိုင်)၀၃၅၃၀၁၊ ဒေါ်စန်းစန်းမော် ၁၂/ဥကတ(နိုင်)၁၃၃၅၅၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကရုတ်ကျေးရွာမှ ဦးညွန့်-ဒေါ်ညှင်တို့၏သမီး မအောင်မွန်စွန်း(မိအံ်မန်ညြန်)အား ၂၈-၉-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀နာရီတွင် **မသက်သာသောလူနစ်ယောက်မှ မော်တော်ဆိုင်ကယ်နှင့်** ခေါ်ဆောင်သွားသဖြင့် မည်သူမဆို တွေ့ရှိခဲ့လျှင် အကြောင်းကြားပေးပါရန်-

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၂၅၂၉၄၄၁၁၊ ၀၉-၂၅၀၁၈၂၆၆၇၊ ၀၉-၂၅၅၇၂၀၄၂၀၊ ၀၉-၄၂၅၂၈၇၁၁၄၊ ၀၉-၄၂၅၂၉၂၃၄၆၊ ၀၉-၄၂၅၃၃၀၄၈၁၊ ၀၉-၄၂၅၂၈၁၇၆၉

ဇနီးအဖြစ်မှပြတ်စဲကြောင်း အသိပေးကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မအေးအေးမော် ၁၄/မမန(နိုင်)၀၀၀၄၁၂သည် ကျွန်တော်ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ကျူးလွန်ပြီး သူမ၏သဘောဆန္ဒအလျောက် ၂၅-၁-၂၀၁၁ ရက်တွင် နိုင်ငံရပ်ခြားသို့ထွက်သွားပြီးဖြစ်ပါ၍ ကျွန်တော်မှဆက်လက်ပေါင်းသင်းလိုသည့်ဆန္ဒမရှိတော့သည့်အတွက် ယနေ့မှစ၍ ဇနီးအဖြစ်မှ ပြတ်စဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

တင်ဟန်ထွန်း
၁၂/မဂတ(နိုင်)၀၂၂၆၃၅

အမည်ပြောင်း

ဟသ်ာတမြို့နေ ဦးမျိုးဦး ၁၄/ဟသတ(နိုင်)၀၃၄၈၀၂ ၏သမီး အလက(၁)၊ ဆဋ္ဌမတန်း(က)မှ မအိဖြူစင်အား မအိဖြူဖြူစင်ဟု ပြောင်းလဲခေါ်ပါရန်။

မအိဖြူဖြူစင်

စာအုပ်စာပေ လူ့မိတ်ဆွေ

မော်ဓောမြင်သာ ရွှေဘိုမြို့ထောင့်စေတီတော်(၂၃၉)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်

ဦးကျော်ဇော(လှသိပ္ပံ၊ရွှေဘို)

ရွှေဘိုသည် တတိယမြန်မာနိုင်ငံတော်ကြီး၏ ပထမမြို့တော်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးဘွဲ့အမည်ခံ ဦးအောင်ဇေယျက ၄င်း၏ရဲဘော်ရဲဘက် ၆၈ ယောက်တို့နှင့် လက်တွဲဦးဆောင်ကာ စွန့်ဦးတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် မြို့တော်၏သက်တမ်းမှာ နှစ်ပေါင်း ၂၆၀ ရှိပြီဖြစ်သည်။ ငါးမည်ရပြည်ရွှေဘိုဟု ဆိုသည့်အတိုင်း ရွှေဘိုမြို့၏အမည်များမှာ ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ခ၊ ပြည်ရွှေဘို၊ မုဆိုးဖိုဟူ၍ဖြစ်သည်။ ၄င်းအပြင် လူသိနည်းသော အခြားအမည်တစ်ခုမှာ အယုဇ္ဈပုရဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ "ရန်သူများ စစ်ထိုးခြင်းငှာ မစွမ်းနိုင်သောပြည်"ဟု ဆိုလိုသည်။ အထောက် အထားမှာ အလောင်းမင်းတရားကြီး ထုတ်ပြန်ခဲ့သော အမိန့်တော်များတွင် "အယုဇ္ဈပုရမည်သော ရတနာသိင်္ခ ကုန်းဘောင်ရွှေပြည်ကြီး"ဟူ၍ အမြဲသုံးစွဲထားသည်ကို တွေ့ရခြင်းဖြစ်သည်။

သတ္တဌာန

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ဟံသာဝတီကို စစ်အောင်နိုင်ပြီး ပြန်လာသောအခါ အတူပါလာသည့် ဟံသာဝတီသားတို့နှင့် လက်ရှိမြို့တော်မှာ မဆံ့အောင်ဖြစ်သဖြင့် တစ်ဖက်လျှင် ၁၀၀၁ တာစီရှိသည့် တာဝန်း ၄၀၀၄ တာ (တစ်တာ=၁၀ ပေခွဲ)ရှိသည့် မြို့တော်၊ ကျုံး၊ နန်းတော်၊ ရွှေချက်သို စေတီတော်၊ ပဟိုရ်စင်၊ နတ်ကွန်းတော်၊ မဟာနန္ဒာကန်တော်တို့ကို တစ်ပြိုင်တည်း ပန္နက်တင်၍ တည်ဆောက်ခဲ့သည်။ ရွှေချက်သိုစေတီတော်မှာ အလောင်းမင်းတရားကြီး မွေးဖွားချက်မြုပ်ရာ ဇာတိမြေအရပ်အား သာသနာမြေအဖြစ် လှူဒါန်းပြီး စေတီတော်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် မင်းတရားကြီးသည် ဟံသာဝတီကို စစ်ချီစဉ်က ဖူးတွေ့ဦးခိုက်ခဲ့ရသည့် ပဲခူးရွှေမော်ဓောစေတီတော်ကို အလွန်ပင်ကြည်ညိုလွန်းလှသည်ကတစ်ကြောင်း၊ အတူပါလာသည့် ပဲခူးသားတို့၏ စိတ်နှလုံးကို ချမ်းမြေ့စေရန်အတွက်လည်းကောင်း၊ တိုးချဲ့မြို့တော်သစ်၏ အရှေ့မြောက်ထောင့်အရပ် မူလကပင် ပကတိအမြင့်တစ်ဆယ့်ခုနစ်တောင် ရှိသော ကုန္ဒသာလာကုန်းမြင့်ပေါ်တွင် ဉာဏ်တော်အမြင့် ၆၇ တောင် တစ်ထွာရှိ ပုံစံတူစေတီတော်ကို တည်ဆောက်ခဲ့ပြီး မော်ဓောမြင်သာဟု ဘွဲ့ကမ္ပည်းတင်တော်မူသည်။ ဦးအောင်ဇေယျမှာ သောကြာသားဖြစ်သဖြင့် ၄င်း၏နံသင့်စကားလုံး 'သ'ကို အညွှန်းတတ်ပြီး စေတီတော်၏ဘွဲ့တော်ကို မော်ဓောမြင်သာဟု သမုတ်တော်မူခဲ့ခြင်းဖြစ်သည်။ရွှေဘိုမြို့၏ အရှေ့မြောက်ထောင့်အရပ်တွင် တည်ရှိသဖြင့် မြို့သူမြို့သား၊ နယ်သူနယ်သားတို့က မြို့ထောင့်စေတီတော်ဟုလည်း ခေါ်ဝေါ်ကြသည်။ စေတီတော်တည်ဆောက်ရာတွင် ဌာပနာပစ္စည်းများမှာ များပြားလှသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် အသုံးပြုခဲ့သည့် အနားလေးရစ်ပါ မြသပိတ်တော်ကို မော်ဓောမြင်သာ မြို့ထောင့်စေတီတော်အတွင်း၌ ဌာပနာသွတ်သွင်း ကိန်းဝပ်စံပယ်တော်မူကြောင်း သမိုင်းအထောက်အထားများအရ အထင်အရှားသိရသည်။ စေတီတော်တည်ဆောက်ရာတွင် အလောင်းမင်းတရားကြီး၏ ကျင့်သုံးလေ့ရှိသောမူအတိုင်း အလွန်ပင်သွက်လက်မြန်ဆန်လှသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် သက္ကရာဇ် ၁၁၁၉ ခု၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့တွင် စတင်ပန္နက်တင်တည်ဆောက်ခဲ့သော စေတီတော်ကြီးသည် ၁၁၂၀ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (သောကြာနေ့)တွင် အလုံးစုံပြီးစီး၍ ရွှေထီးအထွတ်တင်လှူကြောင်း တွေ့ရသဖြင့် စေတီတော် တည်ဆောက်မှုမှာ ၁၀ လတာမျှသာ အချိန်ယူခဲ့သည်။ ထို့အတူ တူးဖော်ပြီးဖြစ်သော မဟာနန္ဒာကန်တော်သို့ မူးမြစ်မှရေသွင်းရန်အတွက် ရွှေဘိုအထိ မိုင် ၆၀ ခန့်ရှည်လျားသော အလောင်းဘုရား တူးမြောင်း (အခုအခေါ် လက်ဝဲတူးမြောင်း)ကိုလည်း စက်မပါ လက်ချည်းသက်သက်ဖြင့် အချိန်သုံးလနှင့် ၁၈ရက်အတွင်း အပြီးတူးပြီး ပြည်ရွှေဘိုသို့ ဖောင်စီးပြီးပြန်ခဲ့သည့် သမိုင်းသည်လည်း အထင်အရှားရှိခဲ့သည်။ တစ်နည်းအားဖြင့် တတိယမြန်မာနိုင်ငံတော်၏ မွေးသဖခင်ကျေးဇူးရှင် အလောင်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မော်ဓောမြင်သာ မြို့ထောင့်စေတီတော်ကြီးမှာ အင်္ဂလိပ်လက်ထက်တွင် ဂေါ်ရာစစ်တပ်၏ စက်ပစ်ကွင်းစခန်းအဖြစ်သို့ ကျရောက်ခဲ့ရပါတော့သည်။ စေတီတော်ကြီးမှာလည်း ၄င်းတို့၏ ပစ်ခတ်လေ့ကျင့်မှုများကြောင့် ဒဏ်ရာဒဏ်ချက်များပြည့်နှက်နေပြီး ယင်းအချိန်တွင် ဗုဒ္ဓပူဇနိယပွဲတော်များလည်း ကျင်းပနိုင်ခဲ့ခြင်း မရှိတော့ပါ။ ထို့နောက် ဂေါ်ရာစစ်တပ်ပြန်လည်ရုပ်သိမ်းသွားပြီးနောက် သက္ကရာဇ် ၁၂၆၅ ခုနှစ်မှ ပြိုကျပျက်စီးသွားသောစေတီတော်ကြီးအား သူ့ကျွန်မခံမျိုးမာန်မချသော ရွှေဘိုသားများက ပြန်လည်ပြုပြင်နိုင်ခဲ့ပြီး ပူဇော်ကန်တော့ပွဲများကိုဆက်လက်ကျင်းပနိုင်ခဲ့တော့သည်။ ထို့ကြောင့် ပူဇော်ကန်တော့ပွဲ အကြိမ်များမှာ သက္ကရာဇ် ၁၁၂၀ မှ ၁၂၄၇ ထိ (၁၂၈) ကြိမ်၊ သက္ကရာဇ်၁၂၆၅မှ ၁၃၇၅အထိ ၁၁၁ကြိမ် နှစ်ရပ်ပေါင်း(၂၃၉) ကြိမ်ရှိပြီဖြစ်သည်။ အင်္ဂလိပ် လက်ထက် သက္ကရာဇ် ၁၂၄၇မှ ၁၂၆၅ ထိ ၁၈နှစ်လုံးလုံးမှာ ပူဇော်ကန်တော့ပွဲများ ကျင်းပခွင့်မရခဲ့သဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်ခဲ့ရသည်။

ပူဇော်ပွဲကာလနှင့် စေတီပုထိုးတော်များ

မော်ဓောမြင်သာ မြို့ထောင့် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပူဇော်ပွဲမှာ နှစ်စဉ်တော်သလင်းလပြည့်ကျော် ၇ ရက်နေ့မှ တော်သလင်းလကွယ်နေ့အထိဖြစ်သည်။ ပွဲတော်ရက်၏ နောက်ဆုံးနေ့ဖြစ်သော လကွယ်နေ့တွင် မြို့ပေါ်ရှိကျောင်းတိုက်များမှ ဘုရားအမှူးပြုသည့်ဆရာတော်သံဃာတော်အပါး ၁၅၀၀ ကျော်တို့ကို ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပပြီး ပူဇော်ပွဲပြီးဆုံးခြင်းသို့ရောက်သည်။ အေး၊ အောင်၊ နှစ်၊ ဟောင်း၊ ဆွမ်းကြီးလောင်းဟူသည့် အဆိုအရ မြန်မာသက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် မြို့ပြည်ရွှေဘိုနှင့် မိုးခေါင်၊ သရောကြီးခိုင်းသည့် ကပ်ကြီးဆိုက်ရောက်ခဲ့သဖြင့် ထိုကပ်ဘေးမှ လွတ်ကင်းစေရန်အတွက် မင်းနှင့်ပြည်သူပူးပေါင်းပြီး ဝါတွင်း သုံးလတာကာလ ပတ်လုံးမြို့ထောင့်စေတီတော်ပူဇော်ပွဲအပါအဝင် ဘုရား ၁၃ ဆူအား သီတင်းပတ်စဉ် ဥပုသ်နေ့တိုင်း၌ ဆွမ်းတော်ကြီးလောင်းလှူပွဲများကျင်းပခဲ့သည်။ နောက်ပိုင်းတွင် ဘုရားစေတီခြောက်ဆူလျှော့ပြီး ဆွမ်းတော်ကြီးလောင်းလှူပွဲများပြုလုပ်ခဲ့သဖြင့် စုစုပေါင်း ဆွမ်းတော်ကြီး လောင်းလှူမှုကို နေ့စဉ်မပြတ် ဥပုသ်သီတင်းတိုင်း၌ ဆွမ်းတော်ကြီးလောင်းလှူပူဇော်သည့်စေတီပေါင်း ၁၉ ဆူအထိရှိလာခဲ့သည်။ မြန်မာပြည်တွင်ဝါတွင်း၊ ဝါပကာလ တစ်လျှောက်လုံး၌ တစ်ခုတည်းသာရှိသော ရိုးရာဗုဒ္ဓပူဇနိယ ပူဇော်ကန်တော့ပွဲကြီးဖြစ်သည်။

ပွဲတော်တွင်းကာလတစ်လျှောက်လုံးတွင် အနယ်နယ်အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များရောင်းချသည့် ဆိုင်ခန်းများမှာ တစ်မျှော်တစ်ခေါ်ရှိလှသည်။ ဘုရားဖူးရင်း လိပ်ဥတူးရင်းဆိုသကဲ့သို့ ဒေသအသီးသီး၏ ဒေသထွက်ကုန်များကို ပြသရောင်းချကြရသဖြင့် ကုန်စည်ပြပွဲအသွင်လည်းသက်ရောက်သည်။ စေတီတော်၏ ကုန်းတော်ပေါ်တွင် အစဉ်အလာမပျက် သယ်ယူရောင်းချခဲ့သည့် သိန်းနှင့်ချီ၍ရှိသည့် သင်ဖြူးဖျာများမှာလည်း ပါသရွေ့မကုန်သည်မရှိ၊ မန်းမြို့မှလာရောက် ရောင်းချကြသော ကရေကရာတန်းကြီးမှာလည်း စေတီတော်အဝင် ရဝိန်ဒါကွေ့မှအစပြုပြီး ပွဲတော်ကြီးလမ်းအထိ မျက်စိတစ်ဆုံးရှိလှသည်။ ချစ်စရာကောင်းသည့် မန်းမြို့သူလေးများ၏ ဖော်ရွေယဉ်ကျေးမှုကိုလည်း တွေ့ရမည်ဖြစ်သည်။ ။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ရွှာရောင်ပြည်သူများထံ ထောက်ပံ့ငွေလှူဒါန်း

ရွှေကူ အောက်တိုဘာ ၃

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်နှင့် ရွှေကူမြို့နယ်ရှိ လူထုတွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုနှင့် စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ကိုယ်စားလှယ်နှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီတွင် ကက်သလစ်ဘုရားကျောင်းနှင့် နှစ်ခြင်းဘုရားကျောင်းသို့ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့လာသူ ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဦးခက်ထိန်နန်က ငွေကျပ်သိန်း ၂၀နှင့်အတူ အဖွဲ့အစည်းများနှင့်အလှူရှင်များက ငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံသို့ ကျောက်ကပ်သန့်စင်စက်နှင့် ရေသန့်စက်လှူဒါန်း

မိတ္ထီလာ အောက်တိုဘာ ၃

မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံ၌ အများပြည်သူအသုံးပြုနိုင်ရန်အတွက် ကျောက်ကပ်စက်နှင့် တွဲအသုံးပြုနိုင်ရန်ရေသန့်စက်ကို အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီက ခရိုင်ပြည်သူ့ဆေးရုံပင်မဆောင်၌ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ကျောက်ကပ်သန့်စင်စက်သည် ကျောက်ကပ်ပျက်စီးသည့်ဝေဒနာရှင်များ၊ မြွေကိုက်ခံရသဖြင့် မြွေဆိပ်များကျောက်ကပ်ထိသဖြင့် ကျောက်ကပ်အလုပ်မလုပ်နိုင်သည့် ဝေဒနာရှင်များအား ကျောက်ကပ်ပြန်လည်အလုပ်လုပ်နိုင်ရန်အတွက် ကျောက်ကပ်ပျက်စီးသူများ တစ်ပတ်နှစ်ကြိမ်မှသုံးကြိမ်တိုင်အောင် ဆေးကြောခြင်း၊ မြွေကိုက်ခံရသဖြင့်အဆိပ်များကျောက်ကပ်ထိသဖြင့် ကျောက်ကပ်အလုပ်မလုပ်နိုင်သူများမှာ တစ်ရက်တစ်ကြိမ်နှုန်းဖြင့် ခုနစ်ကြိမ်၊ ရှစ်ကြိမ်ခန့် ဆီးများသွားသည်အထိ ဆေးကြောရမှာဖြစ်ပြီး တစ်ကြိမ်ဆေးကြောလျှင် ၄ နာရီကြာမြင့်မည်ဖြစ်ကြောင်း တက်ရောက်လာကြသည့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်အေး၊သမားတော်ကြီးဦးအောင်ကျော်စိုး၊ သမားတော်ကြီး ဒေါ်ဝင်းမေသိန်း၊ ခရိုင်ဆေးရုံကြီးကြပ်ရေးကော်မတီဝင်မြို့မိမြို့ဖဦးဝင်း၊ ဦးမျိုးလွင်တို့အား AMTT ကုမ္ပဏီမှတာဝန်ရှိသူက ရှင်းလင်းပြသည်။

လှူဒါန်း

အဆိုပါလှူဒါန်းမှုတွင် ငွေကျပ်သိန်း ၂၃၀ တန်ဖိုးရှိ ကျောက်ကပ်စက်နှင့် ရေသန့်စက်တို့ကို ဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း)က လှူဒါန်းကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၄-၁၀-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၅-၁၀-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၃-၉-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ **သ** လိုင်စင်နှင့် **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၇-၁၀-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။ **ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)၏ အောက်ဖော်ပြပါပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
က။	Bench With Table (4 seat)	50 Nos
ခ။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	50 Nos
ဂ။	Notic Board (6' × 4')	5 Nos
ဃ။	Computer Table	50 Nos

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၁-၁၀-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၃ ရက်၊ မွန်းလွဲ ၂ နာရီ

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာ/ဖုန်းနံပါတ်တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(သန်လျင်)
ဖုန်း-၀၉-၈၆၀၂၄၄၃၊ ၀၉-၈၆၀၂၀၅၃

ပုလင်းဖုံးစက်ရုံခွဲရှိ ကုန်ကြမ်းပစ္စည်း(၆)မျိုးနှင့် ပုံနှိပ်ဌာန(လှိုင်)ရှိ ကုန်ကြမ်းပစ္စည်း(၂၅)မျိုးအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပုလင်းဖုံးစက်ရုံခွဲမှ ကုန်ကြမ်းပစ္စည်း(၆)မျိုးနှင့် ပုံနှိပ်ဌာန(လှိုင်)မှ ကုန်ကြမ်းပစ္စည်း(၂၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၆-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) နေပြည်တော်
တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၁၀၈၆၊ ၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) ဖုန်း-၀၁-၆၆၂၇၀၊ ၀၁-၆၄၆၂၇၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးစက်ရုံများအတွက် ဆေးဝါးကုန်ကြမ်း ၇၆ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၃-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၁-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅/၄၀၈၂၇၆၊ ၀၆၇-၄၀၈၁၉၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	66/11KV,11/3.3KV,11/0.4 KV Substation Accessories	6 Lots	နိုင်ငံခြားငွေ
(ခ)	Komatsu Excavator Spare Parts	1 Lot	။
(ဂ)	66/11KV,11/3.3KV,11/0.4 KV Transformer	9 Nos	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၃ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

အမည်ပြောင်း

ဦးစိုးမြင့်၏သား မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_1)မှ မောင်ခရစ္စတိုဖာအား မောင်ရှိုင်းထက်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းထက်မင်း

အမည်မှန်

ဦးလဘန်တန်၏သမီး မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(F_1)မှ မအဲစတာ၏ အမည်မှန်မှာ မအက်စတာ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ တက္ကသိုလ်ဝင်တန်း(C)မှ မရကျော်လွှမ်းညွှယ်၏ဖခင်အမည်မှန်မှာ ဦးဟောင်းနွမ်း WMW-၀၁၀၂၈၃ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ၊ သင်ထောက်ကူပြိုင်ပွဲနှင့် သုတေသနစာတမ်းပြိုင်ပွဲဆုရသူများ ကြေညာ

ယမန်နေ့မှအဆက်

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **ပွင့်သစ်ပန်းကို လန်းစေသူ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မုဒုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝါဝါပွင့်ဖြူ၊ ဒုတိယဆုကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (ကပစ-၁)မှ နဝမတန်းကျောင်းသူ မဇင်နှင်းသူ၊ တတိယဆုကို ရေနံချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(သပြေ)မှ အဋ္ဌမတန်းကျောင်းသူ မအေးမြတ်မြတ်ခိုင်တို့က ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **နေလပမာ မြတ်ဆရာ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ သင်တန်းသူ မစုမြင့်မြတ်ဇော်၊ ဒုတိယဆုကို မန္တလေးပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မခင်ဆုသျှင်၊ တတိယဆုကို မုံရွာပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ သင်တန်းသူ မစန္ဒာအောင်တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **ဘဝလမ်းညွှန် ဆရာသခင်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ညောင်လေးပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(ချောင်းရင်း)မှ သတ္တမတန်းကျောင်းသား မောင်ဇင်မင်းဦး၊ ဒုတိယဆုကို ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စွမ်းစစ်ထက်အောင်၊ တတိယဆုကို ရေနံချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (လည်ပေါ်)မှ ဆဋ္ဌမတန်းကျောင်းသူ မသူသူစန္ဒီသွင်တို့က ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **ဘဝလမ်းညွှန် ဆရာသခင်** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ညီညီဇင်မိုး၊ ဒုတိယဆုကို လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်သန့်စင်ထက်အောင်၊ တတိယဆုကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(နမ္မတီး)မှ အဋ္ဌမတန်းကျောင်းသား မောင်စိုးမြတ်မင်းတို့က ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **စွမ်းရည်ဂုဏ်ထူး ဥယျာဉ်မှူး** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မကွေးပညာရေး ကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်တင့်ဇော်ခိုင်၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ်လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသူ မညိမ်းညိမ်းဦး၊ တတိယဆုကို ဘိုကလေးပညာရေးကောလိပ်လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းမှ သင်တန်းသား မောင်ဇူလိုင်တိုးတို့က ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူကားချပ်**ပြိုင်ပွဲတွင် ပထမဆုကို ပခုက္ကူပညာရေးကောလိပ်နည်းပြ ဦးဘွေကြီး၊ ဒုတိယဆုကို မန္တလေးပညာရေးကောလိပ် လက်ထောက်ကထိကဒေါ်လွင်လွင်စန်း၊ တတိယဆုကို စစ်ကိုင်းပညာရေးကောလိပ် နည်းပြဒေါ်မာမာစိန်တို့က ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူသေတ္တာ**ပြိုင်ပွဲတွင် ပထမဆုကို ကျောက်ဖြူပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်ဥမ္မာဆွေ၊ ဒုတိယဆုကို ပြည်မြို့ပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်သီသီဝင်း၊ တတိယဆုကို မန္တလေးပညာရေးကောလိပ် နည်းပြဒေါ်ငွေငွေဝင်းတို့က ရရှိသည်။ ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူမူပုံ**ပြိုင်ပွဲတွင် ပထမဆုကို ရန်ကင်းပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်လွင်လွင်ဦး၊ ဒုတိယဆုကို စစ်ကိုင်းပညာရေးကောလိပ် လက်ထောက်ကထိက ဦးရန်အောင်၊ တတိယဆုကို ဘားအံပညာရေးကောလိပ် လက်ထောက်ကထိက ဒေါ်လဲ့လဲ့ဝင်းတို့ကရရှိသည်။ပညာရေးကောလိပ်အဆင့် **သုတေသနစာတမ်း(Action Research)** ပြိုင်ပွဲတွင် ပထမဆုကို မော်လမြိုင်ပညာရေးကောလိပ် လက်ထောက် ကထိက ဒေါက်တာကေသီမော်၊ ဒုတိယဆုကို မြောင်းမြပညာရေးကောလိပ် နည်းပြ ဒေါ်မျိုးစန္ဒာ၊ တတိယဆုကို ဘိုကလေးပညာရေးကောလိပ် လက်ထောက် ကထိက ဒေါ်မာသာမောင်တို့က ရရှိသည်။ ဆောင်းပါးဆုရရှိသူများ၊ သင်ထောက်ကူဆုရရှိသူများနှင့်သုတေသနစာတမ်းဆုရရှိသူများသည် မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံးနှင့် ကဗျာဆုရကျောင်းသားကျောင်းသူများသည် အုပ်ထိန်းသူဆရာဆရာမတစ်ဦးစီဖြင့်လည်းကောင်း၊ နေပြည်တော်အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောင်မြင်ဇေယျစေတီတော်မြတ်ကြီး ရွှေထီးတော်တင်

မကွေး အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့ အောင်မြင်ဇေယျ စေတီတော်မြတ်ကြီးကို ကောဇာသက္ကရာဇ် ၁၉၂ ခုနှစ်တွင် မင်းပြောင်မင်းနှင့် မိဖုရားကြီးဖြစ်သူ ရခိုင်မင်းသမီးနုမာလာတို့လက်ထက် မြို့သစ်နန်းသစ် တည်ထောင်၍ မြို့ဦးထိပ်တွင် ဘုရားရှင်၏သရီရ ဓာတ်တော် မွေတော်များကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏အောက်ခြေ ပထမပစ္စယာမှာ ပေ ၂၂၀ ပတ်လည်၊ အထက်ပဥ္စမပစ္စယာမှာပေ၁၀၀ပတ်လည်၊ ဉာဏ်တော်အမြင့်မှာ ၁၂၆ ပေရှိသဖြင့် ရှေးယခင်ကမြန်မာနိုင်ငံတွင် တတိယဉာဏ်တော်အမြင့်ဆုံးစေတီတော်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

စေတီတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ခရစ်နှစ် ၁၉၃၈ ခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် ပြိုကျမြေခဲ့သဖြင့် ယခုအခါ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူ၍ ပြုပျက်သွားသော စေတီတော်မြတ်ကြီးအား ဘက်စုံ မွမ်းမံ ပြုပြင်မှုများပြုလုပ်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (နိုဝင်ဘာ ၂၄ ရက်)တွင် ဘာသာ၊ သာသနာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဖြင့် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲကို ပင့်သံဃာဆရာတော်အပါး၄၅၀ တို့ဖြင့် အောင်မြင်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဖုန်း-၀၆၃-၂၆၆၃၈၊ ၀၉-၅၃၄၁၇၀၃၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဖုန်း-၀၆၃-၂၃၀၅၅၊ ၀၉-၄၄၈၅၃၄၄၃၃၊ တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဖုန်း-၀၆၃-၅၀၀၀၃၊ ၀၉-၄၂၅၀၁-၂၅၂၁ တို့ထံတွင် သဒ္ဒါတတ်အား သရွေ့ကုသိုလ်တော် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

စစ်တွေမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်

စစ်တွေ အောက်တိုဘာ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေး၊ ရောဂါဘယကင်းဝေးရေးနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နိုင်ငံနှင့်အဝန်း ဆောင်ရွက်လျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းသည် လစဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ပြီး မိခင်သေနှုန်းနှင့် ကလေးသေနှုန်း ကျဆင်းရေးတို့အတွက် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

၂၀၁၂ ခုနှစ် လူမှုရေးပဋိပက္ခများကြောင့်စစ်တွေမြို့နယ်ကျေးရွာအချို့တွင် အဆိုပါလုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့သော်လည်းမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအများစုတွင် လစဉ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆောင်ရွက်နိုင်ပြီ

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း(နေပြည်တော်)၏ ဆောင်ရွက်မှုနှင့် ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ကြီးကြပ်ဆောင်ရွက်မှုများဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို စစ်တွေမြို့နယ်အတွင်းပုံမှန်ဆောင်ရွက်နေသည့်ရပ်ကွက်ကျေးရွာများအပြင် ပဋိပက္ခကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် ကျေးရွာများတွင်လည်း ၂၀၁၃ ခုနှစ် စက်တင်ဘာလဆန်းမှစ၍ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ပုံမှန်ဆောင်ရွက်နေသော ရပ်ကွက်၊ ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများရှိ အသက်တစ်နှစ်ခွဲအောက်ကလေး ၁၉၂ ဦးနှင့် ကိုယ်ဝန်ဆောင် ၁၇၇ ဦး၊ ယခင်ရပ်ဆိုင်းထားခဲ့ရသော ကျေးရွာအချို့နှင့်ကယ်ဆယ်ရေးစခန်းများရှိအသက်နှစ်နှစ်ခွဲအောက်ကလေး ၉၄၂ ဦးနှင့် ကိုယ်ဝန်ဆောင် ၂၆၀ တို့အားစစ်တွေဆေးရုံအုပ်ကြီးဦးဆောင်ကာ အထူးကုဆရာဝန်ကြီးများနှင့်ဆရာဝန်များ၊ ပြည်နယ်မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ NGO များမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးအထူးအဖွဲ့များက ဘီစီဂျီ၊ ပိုလီယို၊ ပန်ဒါပလန့် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်နှင့်မေးခိုင်ရောဂါကာကွယ်ဆေးများကို စက်တင်ဘာပထမပတ်မှ နောက်ဆုံးပတ်အထိ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

(လ/၀၀၃)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ပြိုင်ပွဲများကျင်းပ

ရမ်းဗြဲ အောက်တိုဘာ ၃

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် တုန်ဘောင်(၁)စံပြရွာအထကကျောင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ရမ္မာဝတီခန်းမ၌ကျင်းပသည်။အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးမောင်လှက အမှာစကားနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနှင့် ဆက်စပ်ပြီး ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းမြက ဘက်စုံထူးချွန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်းအကြောင်း အပါအဝင် လူကုန်ကူးမှု တိုက်ဖျက်ရေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးရာ မြို့နယ်အဆင့်ပထမဆုရ တုန်ဘောင်(၁) အထက တက္ကသိုလ် ဝင်တန်းမှ မထွေးမြတ်ခိုင်နှင့် နဝမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းများမှ ဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများကဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(၁၅၇)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ တောင်ငူ-ကမာနတ် ၅၀၀ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း တည်ဆောက်ရန်အတွက် လိုအပ်သော Survey တိုင်းတာခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်နိုင်သော ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အများသိစေရန်

တာချီလိတ်မြို့၊ တာလော့ရပ်၊ အမှတ်(၁/၂၂၆)နေ ကျွန်မ မနန်းယိုင်းလောင် ၁၃/တခလ(နိုင်)၀၆၅၀၇၇နှင့် တာချီလိတ်မြို့၊ ဖန်မင်အုပ်စု၊ ပါဝုန်းရွာနေ မောင်ဇော်မင်းနိုင် ၁၃/တခလ(နိုင်)၀၆၃၆၉၁ တို့သည် ၂၉-၅-၂၀၁၃ရက်မှစ၍ တရားဝင် လက်ထပ်ပေါင်းသင်းနေထိုင်သော ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နန်းယိုင်းလောင် ၁၃/တခလ(နိုင်)၀၆၅၀၇၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုနှင့် ရန်ကုန်ဆိပ်ကမ်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၀-၁၀-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့၊အောင်ဆန်း(၁)ရပ်ကွက်၊အမှတ်(၁၁)နေ ဦးသိန်းထွန်းဒေါ်တင်အေးတို့၏သား မောင်ဇာနည်နောင်နောင် ၁၀/ကထန(နိုင်)၁၁၈၆၈၀သည် မိခင်၏ဆိုဆုံးမမှုများကို မနာခံဘဲ ၄င်း၏ဆန္ဒအတိုင်း ပြုမူနေထိုင်ပါသဖြင့် ၄င်းအားသားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်း၏ကိစ္စအရပ်ရပ်အပေါ် (လုံး၀)တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်တင်အေး ၁၀/ကထန(နိုင်)၀၅၂၆၅၉

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၇၉၉၄ Toyota Harrier S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၁၂/ပဇတ(နိုင်)၀၂၄၄၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းအလှူ ဖိတ်ကြားခြင်း

(ကကထုတ်) ကပစတပ်ဖွဲ့ အငြိမ်းစားများ၏ (တတိယအကြိမ်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မိတ်ဆုံစားပွဲတက်ရောက်ပါရန် ကပစ အငြိမ်းစားများအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉:၃၀ နာရီတိတိ
နေရာ - မြောက်ဥက္ကလာပမြို့နယ်ခန်းမ။

အလုပ်အမှုဆောင်အဖွဲ့

ဖခင်အမည်မှန်

အထက(၁)၊ ဘားအံမြို့မှ မယမုံဖူး၊ မောင်ခိုင်မြဲဦး၊ မနှင်းအိဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော်ဦး ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ဟိုပင်မြို့ မြသီတာ အထကတက္ကသိုလ်ဝင်တန်း(D)မှ မချယ်ရီထွန်း၏ ဖခင်အမည်မှန်မှာဦးမင်းမင်းထွန်း ၁/မညန(နိုင်)၁၂၂၅၉၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ဟိုပင်မြို့ မြသီတာ အထက တက္ကသိုလ်ဝင်တန်း(စီ)မှ မောင်အူဂန်ဘန်နော်၏ ဖခင်အမည်မှန်မှာ ဦးဖန်းအောင် ၁/မညန(နိုင်)၀၉၁၈၉၃ ဖြစ်ပါ သည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ဟိုပင်မြို့ မြသီတာ အထက တက္ကသိုလ်ဝင်တန်း(A)မှ မအိအိငြိမ်း၏ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁/ဟပန(နိုင်)၀၁၃၆၅၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ဟိုပင်မြို့ မြသီတာ အထက တက္ကသိုလ်ဝင်တန်း(D)မှ မသူဇာမွန်၏ဖခင်အမည်မှန်မှာ ဦးသန်းညွန့် ၁/မညန(နိုင်)၀၂၅၈၃၈ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ဟိုပင်မြို့ မြသီတာ အထက စတုတ္ထတန်းမှ မောင်အောင်ဟိန်းချစ်၏ဖခင်အမည်မှန်မှာဦးဖြိုးဝေအောင် ၅/ကနန(နိုင်)၀၅၂၂၁၄ ဖြစ်ပါသည်။

ဒုတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့်ပြပွဲ ၂၀၁၄ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၄ ခုနှစ် မတ်လ (သို့မဟုတ်) မေလတွင် ကျင်းပမည့် ဒုတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲ(၂၀၁၄)ကို ၁။ ရန်ကုန်မြို့တော်၏ပွဲတော်များ၊ ၂။ မြို့တော်သားများ၏ လူနေမှုဘဝ၊ ၃။ စိမ်းလန်းနေသော ဉယျာဉ်မြို့တော်၊ ၄။ ရန်ကုန်မြို့တော်၏ သမိုင်းဝင်အဆောက်အအုံများ ခေါင်းစဉ်ဖြင့် ကဏ္ဍ(၄)ခုနှင့် ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲကဏ္ဍတစ်ခု၌ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ ယှဉ်ပြိုင်နိုင်ပြီး (၁၀ × ၁၅)လက်မအရွယ် ORIGINAL IMAGE FILE (RAWFILE (or)JPEGFILE)တင်သွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများအားပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့တွင် ထုတ်ယူနိုင်ပြီး ဆုကြေးအဖြစ် မြို့တော်ဝန်အထူးဆု Grand Prize ဆုကြေး ၁၅ သိန်း၊ ကဏ္ဍတစ်ခုစီအတွက် ပထမဆုခုနစ်သိန်း၊ ဒုတိယဆုငါးသိန်း၊ တတိယဆုသုံးသိန်း၊ နှစ်သိမ့်ဆုတစ်သိန်းနှင့် နှစ်သိမ့်ဆုငါးဆု ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များအား ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဖုန်း ၀၁-၃၇၃၅၁၇ တွင် အသေးစိတ်စုံစမ်းနိုင်ကြောင်း ပြပွဲ ပြိုင်ပွဲကျင်းပမည့် ရက်နှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများ နောက်ဆုံးပေးပို့ရမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်တန်းတက်ရောက်ပြီးသူ ဆက်သွယ်ဆက်ဆံရေးလုပ်အားပေး လူငယ်အရာရှိများ အမြန်ဆက်သွယ်ကြရန်နှိုးဆော်

နေပြည်တော် အောက်တိုဘာ ၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်လိုသည့် ဆက်သွယ်ဆက်ဆံရေးလုပ်အားပေးလူငယ်အရာရှိများ အား လျှောက်လွှာများခေါ်ယူ စိစစ်ရွေးချယ်ကာ သင်တန်းအမှတ်စဉ် သုံးခု ဖွင့်လှစ်သင်ကြားပေးပြီး ဖြစ်သည်။

ယခုအခါ အဆိုပါသင်တန်း အမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့သို့ တက်ရောက်ခဲ့ပြီး လာရောက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသူများအနေဖြင့် နေပြည်တော်တွင် လျှောက်ထားသူများအတွက် ဦးသီဟအောင် (ဦးစီးအရာရှိ)ဖုန်း-၀၉-၄၉၂၄၀၂၈၀ သို့လည်းကောင်း၊ ရန်ကုန်တွင် လျှောက်ထားသူများအတွက် ဒေါ်မူမူ(လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၉-၅၁၈၉၉၄၃၊ ၀၁-၅၆၄၄၈၉ သို့လည်းကောင်း၊ မန္တလေးတွင်လျှောက်ထားသူများအတွက် ဦးမြင့်ခိုင် (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၉-၄၀၂၆၃၄၂၄၅၊ ၀၂-၈၀၉၃၆ တို့သို့လည်းကောင်း အမြန်ဆုံးဆက်သွယ်သတင်းပို့ကြပါရန် နှိုးဆော်ထား ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက်၌ အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်၏ ညွှန်ကြားမှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဘိုဘိုဝင်းဦးဆောင်သော ဝန်ထမ်းများက ရပ်ကွက်အတွင်းသို့လှည့်လည်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ရှောင်တခင်ဝင်ရောက်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(အပေါ်ပုံ)** **(၀၈၁)**

ကျောင်းပြင်ပ မူလတန်းပညာရေး အလှူရှင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)အလှူရှင်များ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူတိုင်းအတွက် ပညာရေးနိုင်ငံ အဆင့် ညှိနှိုင်းရေးမှူး ဦးတင်ညိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေါ်ခင်လှလှ ပညာရေး ဖောင်ဒေးရှင်းနာယက အငြိမ်းစားဝန်ကြီး ဦးတင်လှိုင်၊ ကျောင်းပြင်ပ မူလတန်းပညာရေး စီမံချက်မန်နေဂျာ ဦးထွန်းကြည်နှင့် အလှူရှင်များက ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃

ပန်းဘဲတန်းမြို့နယ်အတွင်း အပတ်စဉ်စနေနေ့တိုင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းကို စက်တင်ဘာ၂၈ရက်နံနက်၇နာရီမှ၁၀နာရီအထိမြို့နယ်အတွင်းရှိရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)** အဆိုပါလုပ်ငန်းဆောင်ရွက်မှုတွင် ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးမြတ်အောင်ငွေး ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဉက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၅၀ခန့် ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မီးမီး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးကို ပြုပြင်မည့်အချိန် ကုသိုလ်ယူနိုင်

ပြည် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး အနောက် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက် စောင်းတန်းတော်ကြီးသည် စောင်းတန်းတိုင်များ အတွင်းရှိ သံချောင်းများသံချေးတက်၍ သံပွတက်လာပြီး အင်္ဂတေများ ကွဲအက်လာခြင်း၊ အမိုးသွပ်ပြားများ ဟောင်းနွမ်းပေါက်ပြဲလာခြင်း၊ အမိုးသွပ်ပန်းများ ဆွေးမြည့်ပျက်စီးလာခြင်းတို့ကြောင့် ပြုပြင်ရမည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ဂေါပကအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ လျက်တောင် ဘက်စောင်းတန်းတော်ကြီးကို ပြန်လည်ပြုပြင်တော့မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယခင်မူလ ကုသိုလ်ရှင်များသည် တောင်ဘက် စောင်းတန်းတော်ကြီး ပြုပြင်ရန် စွမ်းနိုင်သမျှ ကုသိုလ်ဆက်လှူဒါန်းနိုင်ကြရန် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ အောက်တိုဘာ ၃

(၄၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီ ကကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏သဝဏ်လွှာကို ကျောက်မဲခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မူက ဖတ်ကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်နှိမ်နင်းနိုင်ခဲ့သည့် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့၊ ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင် ကူညီပေးခဲ့ကြသောရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများ၊ ရဲတပ်ဖွဲ့နေအိမ်လိုင်းခန်းများ၊ သန့်ရှင်းရေး ဆုရရှိကြသည့် အိမ်ထောင်သည်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့်ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူး မောင်မူတို့က ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) **မောင်မောင်(ကျောက်မဲ)**

အပူပိုင်းဒေသ စိမ်းစိုဖို့
သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်
မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ထက်ကို၏ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းမင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂-၈-၁၉၉၇ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်
ဦးနော်တောင်၏သား ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရိန်ဂျတ်၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၆-၁၉၉၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ညောင်လေးပင်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မချစ်စုခိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၇/ညလပ(နိုင်)၀၆၂၃၈၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C_1)မှ မခင်ခင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁/မကန(နိုင်)၀၁၄၇၄၂ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်နေဦးကိုကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁/ဝမန(နိုင်)၀၆၉၆၈၂ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခြင်း
ဦးဂလောတန်၏သား မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၈၆/က)နေ ဦးမာခါးအား ဦးဂျီမာခါး ၁/မကတ(နိုင်) ၀၇၅၆၉၄ ဟု ဖြည့်စွက်ခေါ်ပါရန်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မောင်ခရစ္စတိုဖာ၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၁/မကန(နိုင်)၀၇၇၁၅၁ ဖြစ်ပါသည်။

ဖခင်အမည်မှန်
အထက(၁) ဘားအံမြို့၊ တက္ကသိုလ်ဝင်တန်း(E)မှ နန်းမူးသိန်း၏ဖခင်အမည်မှန်မှာ ဦးထွန်းလှ ဖြစ်ပါကြောင်း။
ဦးထွန်းလှ

အမည်ပြောင်း
ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြသီတာမှ ဦးထွန်းလင်း ၅/ကနန(နိုင်) ၀၃၆၅၇၉၏သမီး မြသီတာ အထက၊ တက္ကသိုလ်ဝင်တန်း(D) မှ မပန်းဖြူအား မအေးအေးသိန်းဟု ပြောင်းလဲခေါ်ပါရန်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၉/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-073 (2013-2014)	Electrical Spares for KG-2 Kongsberg Gas Turbines	(47) Items	US$
(၂)	IFB-074 (2013-2014)	High & Low Clutch for ZJ 70 L Sr-1 & 2 Drilling Rigs	(2) Items	US$
(၃)	IFB-075 (2013-2014)	1 Meter DEM or STRM Data (Myanmar)	(20) Nos	US$
(၄)	DMP/L-033(2013-2014)	9.00x20 Tyres, 12.00x24 Tyres, 18 R 22.5 Tyres & 14.5x20 Tyres	(4) Items	Kyat
(၅)	DMP/L-034(2013-2014)	Sercel 408 UL Line Cable Section for Acquisition Recording System	(1) Lot	Kyat
(၆)	DMP/L-035(2013-2014)	Spare Parts for Mud Logging Unit Ex ZJ 70 L & ZJ 50 D Drilling Rigs	(1) Lot	Kyat
(၇)	DMP/L-036(2013-2014)	2" Dia, 4" Dia, 6"Dia and 8" Dia Rubber Hose Pipe	(4) Items	Kyat
(၈)	DMP/L-037(2013-2014)	Electrical Spares For USS Oil Well Drilling Rig (20 Pin Plug and Receptacle)	(32) Sets	Kyat
(၉)	DMP/L-038(2013-2014)	200 AMP Circuit Breaker and Speed Adjust Rheostat For ZJ 50 D Drilling Rig	(2) Items	Kyat
(၁၀)	DMP/L-039(2013-2014)	Electrical Cards For Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

မှုခင်းသတင်းနှင့်ကြော်ငြာ

တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

တိုက်ကြီး အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ် ဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် ရန်ကုန်-ပြည်ကားလမ်းမကြီးတွင် ဖမ်းဆီးအဖွဲ့ငယ်များစုဖွဲ့၍ နေရာယူဖြန့်ကြက် သတင်းရယူလျက်ရှိစဉ် အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက သာယာဝတီမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဝင်းသူ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့က တရားမဝင်ကျွန်းသစ်များ သယ်ဆောင်လာသည်ဟု သံသယရှိသော ယာဉ်အမှတ် ၃ခ/---မတ်တူးအဖြူရောင်ယာဉ်ကို စစ်ဆေးရာ အဆိုပါယာဉ်မှာ စစ်ဆေးခြင်းမခံဘဲ မောင်းနှင်ထွက်ပြေးသွား၍ ပိတ်ဆို့ဖမ်းဆီးနိုင်ရန်အတွက် ဖုန်းဖြင့် သတင်းပို့ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝင်း-၃၊ တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့်သစ်တောဝန်ထမ်းများအဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဥက္ကံမြို့ အဝင်အထွက်လမ်းများကို ပိတ်ဆို့ဖမ်းဆီးနိုင်ရန် စောင့်ဆိုင်းနေခဲ့ရာ မိမိတို့ပိတ်ဆို့သည့် နေရာမရောက်မီ ယာဉ်ကိုရပ်တန့်၍ ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးသော်လည်း မမိခဲ့ချေ။ ထို့ကြောင့် ယာဉ်ကိုတိုက်ကြီးမြို့ သစ်တောဦးစီးဌာနသို့ မောင်းနှင်ခဲ့ပြီး သက်သေများဖြင့် ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင်ကျွန်းခွဲသားဆိုက်စုံ တံခါးရွက် အပိုင်းအစ ၃၀၉ ချောင်း၊ ၀ ဒသမ ၃၅၇၂ တန်၊ ယာဉ်မှတ်ပုံတင်လက်မှတ် တစ်ခု၊ ဦးကျော်ဟိန်း (ယာဉ်မောင်းအမည်ပါ) Natural World Co.,Ltd. ကုမ္ပဏီဝန်ထမ်းကတ်တစ်ခုတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်တို့ကို စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ဥက္ကံရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

တောင်ငူမြို့တွင် ခရီးသည်လုတင်ရာမှ ဆိုင်ကယ်ကယ်ရီမောင်းသူအချင်းချင်း ဓားထိုးမှုဖြစ်ပွား

တောင်ငူ အောက်တိုဘာ ၃

တောင်ငူမြို့ (၁၉) ရပ်ကွက် စစ်တောင်းတံတား အနောက်ဘက်အဆင်းရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ဆိုင်ကယ်ကယ်ရီမောင်းနှင်သူအချင်းချင်း ခရီးသည်လုတင်ရာမှ ဓားထိုးမှုဖြစ်ပွားခဲ့သည်။

ပို့ဆောင်စဉ်

ဖြစ်စဉ်မှာတောင်ငူမြို့ မင်းကြီးညိုရပ်ကွက် မြို့ဦး(၂)လမ်းနေ အောင်မွန်ခိုင်(ခ) ပဲပဲ(၃၈နှစ်)နှင့်တောင်ငူမြို့ (၈)ရပ်ကွက် ကမ်းနားလမ်းနေ အောင်ကို (၂၂နှစ်)တို့နှစ်ဦးသည် စစ်တောင်းတံတား အနောက်ဘက်အဆင်းရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ခရီးသည်လုတင်ရာမှ အချင်းများပြီး အောင်မွန်ခိုင်(ခ)ပဲပဲက အောင်ကိုအား အရိုးအသွား ကိုးလက်မရှိ ဓားမြှောင်ဖြင့် ထိုးသွင်းခဲ့ကြောင်း သိရသည်။ ဓားဖြင့် ထိုးသွင်းခံရသူ အောင်ကိုမှာ ကျောဘက်ပခုံးအထက်ပိုင်းတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်ဖြင့် တောင်ငူဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကို တောင်ငူမြို့မရဲစခန်းက ရဲအုပ်လှိုင်ကျော်ဦးနှင့် နယ်ထိန်းခေါင်းဆောင်ဒုတိယရဲအုပ်ဝင်းကိုကိုတို့အဖွဲ့သည် ဓားဖြင့်ထိုးသွင်းသူ အောင်မွန်ခိုင်(ခ)ပဲပဲကို ၂၄နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တောင်ငူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ယာဉ်ကြောပိတ်ဆို့စေသည့် စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးအရေးယူဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် သွားလာပြေးဆွဲရာ လမ်းတစ်လျှောက် ရပ်နားထားသည့် ကုန်တင်ယာဉ်များ၊ ကွန်တိန်နာများ၊ သစ်တင်ကားများ ရပ်နားထားမှုကြောင့် လမ်းပိတ်ဆို့မှုများ ရှိနေသည်။

အဆိုပါ ယာဉ်များကို ဗိုလ်တထောင်၊ ဘုရင့်နောင်(အင်းစိန်) လမ်းမကြီးတစ်လျှောက်၊ ရွှေပြည်သာသွားရာလမ်းများ တစ်လျှောက် ယာဉ်များရပ်နားထားပါက ဖမ်းဆီးအရေးယူမည်ဟု ကြေညာထားရာ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရန်ကုန်မြို့တွင်း လမ်းနေရာ ၂၆ နေရာတွင် ယာဉ်များ မဝင်ရ၊ မရပ်ရ သတ်မှတ်ထားသဖြင့် ရန်ကုန် တိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆)မှ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ယခင်က ကုန်တင်ယာဉ်ကြီးများကို ည ၁၀ နာရီမှ နံနက် ၆ နာရီထိသာ ဖြတ်သန်းသွားလာရန်ဟူ၍ သတ်မှတ်ခဲ့ရာမှ ယခုအခါမှစ၍ ယင်းအမိန့်ကို ပယ်ဖျက်လိုက်ပြီဖြစ်၍ ကုန်တင်ယာဉ်ကြီးများအနေဖြင့် လမ်းဘေးဝဲယာများတွင်ရပ်နားထားခြင်းမရှိနိုင်တော့သဖြင့် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုမှ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။

အင်းစိန်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၁၄)မှလည်း အင်းစိန်မြို့နယ်အတွင်း လမ်းမကြီးဘေး ဝဲယာများတွင် အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းမဲ့ရပ်နားထားသည့် ယာဉ်များကို စက်တင်ဘာ ၃၀ ရက်အထိအစီးရေ ၄၀၀ ကို စတစ်ကာ အမှတ်အသားကပ်၍ ဖမ်းဆီးထားကြောင်းနှင့် စည်းကမ်းပျက် ယာဉ်များကို ချလန်ဖြတ် အရေးယူဆောင်ရွက်မှု ၆၀၇၁ မှုအထိ ရှိပြီဖြစ်ကြောင်းနှင့် ထိုသို့အရေးယူဆောင်ရွက်ခြင်းကြောင့် နောက်ပိုင်းတွင် ယခုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှု ကင်းရှင်းသွားတော့မည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၁၄)မှ ဒုရဲမှူး သန်းထိုက်ဦး၏ ပြောကြားချက်အရ သိရသည်။ **မြင့်ဦး(အင်းစိန်)**

ဒေါသမထိန်းနိုင်ဘဲ ဝိုင်းဝန်းရိုက်နက်ရာမှ လူတစ်ဦးသေဆုံး

တောင်ငူ အောက်တိုဘာ ၃

တောင်ငူမြို့ (၆)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့်ဗိုလ်မှူးဖိုးကွန်းလမ်းထောင့်တွင် အောက်တိုဘာ ၁ ရက် ည ၁၂ နာရီ မိနစ် ၄၀ က နောက်ပြောင်အော်ဟစ်သည်ကို မကျေမနပ်ဖြစ်၍ ဒေါသမထိန်းနိုင်ဘဲ ဝိုင်း၍ရိုက်နှက်သဖြင့် လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ (၁၆) ရပ်ကွက် နဂါးရုံဘုရားလမ်းနေ မောင်မောင်ယဉ်နှင့်တစ်ရပ်ကွက်တည်းနေသူ စိုင်းကျော်မင်း(ခ)ဖိုးတုတ်တို့နှစ်ဦးသည် နဂါးရုံဘုရားလမ်းရှိ စားသောက်ဆိုင်က ထမင်းကြော်စားရန် ထွက်လာရာ တပင်ရွှေထီးလမ်းနှင့်ဗိုလ်မှူးဖိုးကွန်းလမ်းအရောက်တွင် လမ်းဘေးတွင်ရှိနေသည့် လူငယ်လေးဦးအား စိုင်းကျော်မင်း(ခ)ဖိုးတုတ်က နောက်ပြောင်အော်ဟစ်ဆဲဆိုပြောဆိုရာ လူငယ်လေးဦးက မကျေနပ်ဘဲ ၎င်းတို့အနီးရှိ သစ်သားတုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည်။ အခင်းဖြစ်ပွားရာသို့ တောင်ငူမြို့အမှတ်(၂)ရဲစခန်းမှစခန်းမှူးရဲအုပ်အေးဇော်နှင့်နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းထိုက်ထွေး ဦးဆောင်သောအဖွဲ့ သွားရောက်စစ်ဆေးရာ မောင်မောင်ယဉ်မှာ မေးစေ့ဖူးရောင်ဒဏ်ရာ၊ ယာဘက်လက်ဖူးရောင်ဒဏ်ရာရရှိခဲ့ပြီး စိုင်းကျော်မင်း(ခ)ဖိုးတုတ်မှာ ဦးခေါင်းနောက်စေ့ဖူးရောင်ဒဏ်ရာ၊ ယာဘက်ရင်ဘတ်ဖူးရောင်ဒဏ်ရာရ၍ တောင်ငူဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ယင်းနောက် စိုင်းကျော်မင်း(ခ)ဖိုးတုတ်(၃၉နှစ်)မှာ ဒဏ်ရာများဖြင့် တောင်ငူဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။ ထို့နောက် တောင်ငူမြို့အမှတ်(၂)ရဲစခန်းက တာဝန်ရှိသူများသည် သက်သေများနှင့်အတူ စုံစမ်းဖော်ထုတ်ရာ ဟိန်းမင်းနိုင်(၂၀နှစ်) (၁၉)ရပ်ကွက် မင်းရဲကျော်စွာလမ်း တောင်ငူမြို့နေသူ၊ နေလင်းထက်(၁၉နှစ်) (၁၉)ရပ်ကွက် မင်းရဲကျော်စွာလမ်း တောင်ငူမြို့နေသူ၊ ပြည့်ဖြိုးအောင် (၂၃နှစ်) (၁၉) ရပ်ကွက် မင်းရဲကျော်စွာလမ်း တောင်ငူမြို့နေသူနှင့်သီဟဇော်(၂၁နှစ်) (၆) ရပ်ကွက် တပင်ရွှေထီးလမ်း တောင်ငူမြို့နေသူတို့အား အခင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကို တောင်ငူမြို့အမှတ်(၂)ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၂၃)

ရန်ကုန်-ပြည်လမ်းပေါ်တွင် ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်

တိုက်ကြီး အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ရင်းတိုက်ကွင်းကျေးရွာတွင် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၅၂/၁)နှင့် (၅၂/၂)အကြား ရင်းတိုက်ကွင်းရွာလယ်တွင် ကားနှစ်စီးမျက်နှာချင်းဆိုင် တိုက်မိ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်လမ်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်မောင်းမျိုးမင်းဦး (၂၄ နှစ်) ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်နေ မောင်းနှင်လာသော ၈ဂ/. . . ယာဉ်နှင့် တောင်မှမြောက်သို့ ယာဉ်မောင်းဇေယျာထွန်း (၃၃ နှစ်) ရွှေညောင်ပင်လမ်း ဗန္ဓုလရပ်ကွက် ဥက္ကံမြို့နေမောင်းနှင်သည့် ည/. . . ဒိုင်နာကုန်တင်ယာဉ်တို့သည် လမ်းပေါ်တွင် မျက်နှာချင်းဆိုင်တိုက်မိရာ ဒိုင်နာယာဉ်သည် လမ်းအနောက်ဘက်ခြမ်းတွင် တိမ်းမှောက်သွားပြီး ၈ဂ/. . . . ယာဉ်မှာ လမ်းအနောက်ဘက်ခြမ်းရှိသစ်ပင်ကို ထပ်မံတိုက်မိရာ ယာဉ်နှစ်စီးလုံးမှ ယာဉ်မောင်းနှစ်ဦးနှင့်အတူ ၈ဂ/. . . ယာဉ်ပေါ်ပါ ဟန်ထွန်း (၂၃ နှစ်) ဗိုလ်တထောင်မြို့နယ်တို့မှာ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိပြီး ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိသည်။ အဆိုပါ ယာဉ်တိုက်မှုကို တိုက်ကြီးရဲစခန်းတွင် တရားစွဲဆိုထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မန္တလေးတက္ကသိုလ် သင်္ချာမိသားစု အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

သင်္ချာကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားအား ၁၃-၁၀-၂၀၁၃ရက် နံနက် ၉နာရီတွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံကြီး၌ ဆရာဆရာမကြီးများကို ရပ်နီးရပ်ဝေး ကျောင်းသား ကျောင်းသူဟောင်းများစုံညီလျက် တူညီသဒ္ဓါရှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် လေးမြတ်ကော်ရော် လျှုဒါန်းကန်တော့ကြမည်ဖြစ်ပါ၍ သင်္ချာသူငယ်ချင်းများအားလုံး တက်ရောက်ပူဇော်နိုင်ရန် ချစ်ခင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ဦးစောအောင်(စံပြ)	**ဖုန်း-၀၉-၂၀၂၉၇၆၅**	**ဒေါက်တာညွန့်ဆွေ**	**ဖုန်း-၀၉-၄၃၀၁၃၀၉၁**
ဒေါက်တာသက်ခိုင်	**ဖုန်း-၀၉-၄၃၁၃၈၀၁၀**	**ဦးမျိုးမင်း(K.E.C)**	**ဖုန်း-၀၉-၄၉၂၃၁၂၂၆**
ဦးစိုင်းမြင့်သောင်း	**ဖုန်း-၀၉-၅၂၈၁၅၇၈**	**ဒေါ်စံပယ်အောင်**	**ဖုန်း-၀၉-၅၄၁၃၇၂၀**
ဦးမျိုးကျော်ဝင်း	**ဖုန်း-၀၉-၂၀၀၁၀၁၆**	**ဦးသန်းထွဋ်ဆွေ**	**ဖုန်း-၀၉-၄၀၂၅၇၁၃၂**

ပျော်ရွှင်ကြည်နူးဖွယ်ရာ Dinner အစီအစဉ် ညနေ (၆)နာရီ Oriental House

၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေးအတွက် အစည်းအဝေးဖိတ်ကြားခြင်း

၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးနှင့် ကော်မတီဖွဲ့စည်းရေးတို့အတွက် အစည်းအဝေးကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ အားလုံး (မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက် - ၆-၁၀-၂၀၁၃ ရက်
အချိန် - မွန်းလွဲ ၁ နာရီတိတိ
နေရာ - SS-10၊ နီလာရတုခန်းမ၊ စီးပွားရေးတက္ကသိုလ်(ပင်မ) ရန်ကုန်

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအဖွဲ့

မိဘအမည်မှန်

ရှမ်းရှေ့၊ အထက (မိုင်းယောင်းမြို့)၊ တက္ကသိုလ်ဝင်တန်း(B)မှ မအီလောင်း(ခ) မအီအင်ခမ်း၏ မိဘအမည်မှန်မှာ ဦးအိုက်ကောင်ခမ်း ၁၃/မယတ(နိုင်)၀၁၀၉၆၆ နှင့် ဒေါ်အီကျဲန်ဒါး ၁၃/မယတ(နိုင်)၀၁၄၄၂၃ ဖြစ်ပါကြောင်း။

ဦးအိုက်ကောင်ခမ်း-ဒေါ်အီကျဲန်ဒါး

ဖခင်အမည်မှန်

ရှမ်းရှေ့၊ အထက (မိုင်းယောင်းမြို့) တက္ကသိုလ်ဝင်တန်း(B)မှ မအီသူ(ခ)မအီအင်ခမ်း၏ ဖခင်အမည်မှန်မှာဦးအိုက်ကောင်ကျော ၁၃/မယတ(နိုင်)၀၀၂၄၆၀ ဖြစ်ပါကြောင်း။

ပျောက်ဆုံး

ကျွန်မ ဒေါ်ဇာခြည်ဝင်း ၁၂/ဗဟန(နိုင်)၀၉၁၀၁၇၏ မြန်မာနိုင်ငံကူး လက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၂၉၈၄

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၀၁၄၅ Honda Scoopyi MC ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၉/အမရ(နိုင်)၁၁၉၈၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)၊ ကန်ဦးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၅၁/သပြေလုကွင်း၊ မြေကွက်/ဦးပိုင်အမှတ် (၅/၉)၊ ဧရိယာ ၀ဒသမ ၁၃၈ဧကရှိ ဦးမောင်ရွှေပါ-၂ အမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေ၊ မြေကွက်အား ဒေါ်မြင့်မြင့်သန်း(ခ)မသန်းမြင့် ၉/ပမန(နိုင်)၀၃၃၂၄၂ (ဘ) ဦးတီယိုယွီပြောင်းက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လက/၆၉၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၁၃/လရန(နိုင်)၀၂၉၇၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

မကွေးမြို့နယ် မြင်းကင်းကျေးရွာတွင် စာပေရေချမ်းစင်ဖွင့်

မကွေး အောက်တိုဘာ ၃

မကွေးမြို့နယ် မယ်လှတောင် ကျေးရွာအုပ်စု မြင်းကင်းကျေးရွာတွင် စက်တင်ဘာ ၉ရက်နံနက်က ပကတိ စာပေရေချမ်းစင်ဖွင့်ပွဲကိုကျင်းပသည်။

ရှေးဦးစွာ မြင်းကင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနန်းလှိုင်က စာပေရေချမ်းစင်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပကတိစာပေဝါသနာရှင်များကော်မတီမှ ကိုကျော်ဆန်းလင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေရေချမ်းစင်များ ကျေးလက်များအထိ ဆက်၍ဖွင့်နိုင်ရေး အစီအစဉ်များကို ပြောကြားသည်။ ထို့နောက် ပကတိစာပေရေချမ်းစင်ဖွင့်ပွဲသို့ တက်ရောက်လာကြသော စာပေကုသိုလ်ရှင်များက သတင်းစာ၊ ဂျာနယ်၊ သုတ၊ ရသ စာအုပ်များ လှူဒါန်းကြသည်။

ပကတိ စာပေရေချမ်းစင်တွင် ဘဏ်ပထမပုဂ္ဂလိကဘဏ်တပ်ကျော် ဘုန်းတော်ကြီးကျောင်းနှင့်တစ်ဦးချင်း အလှူရှင်များလှူဒါန်းသောသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့်သုတ ရသ စာအုပ်များ ၁၀၀၀ကျော် စုဆောင်းရရှိထားပြီးဖြစ်ကြောင်း ဦးဆောင်ကျင်းပသူ ကိုကျော်ဆန်းလင်းက ပြောသည်။ ထို့နောက် တက်ရောက်လာကြသော စာပေဝါသနာရှင်များနှင့် စာအုပ်အလှူရှင်များက ပကတိစာပေရေချမ်းစင်ရေရှည်တည်တံ့ရေး၊စာအုပ်များ ထိန်းသိမ်းရေးများကိုအကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

မကွေးလှမြင့်

မြို့သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်

ရမ်းဗြဲ အောက်တိုဘာ ၃

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အထောက်အကူပြု အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရမ်းဗြဲမြို့၊ မြို့ဦးတန့်ရှင်ပင်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ဘုရားကြီး ဘက်စုံပြုပြင်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အနီးကပ်ဦးဆောင်ကြီးကြပ်မှုဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နယ်မြေလုံခြုံရေး တာဝန်ကျတပ်မတော်သားများ စုပေါင်း၍ စက်တင်ဘာ ၂၁ ရက်က ဘုရားရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း အပြင်ပတ်ဝန်းကျင်သန့်ရှင်းသပ်ယပ်မှုရှိစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်အားဒါနပြုဆောင်ရွက်ကြကြောင်း သိရသည်။ **၁၅၇**

စက်တင်ဘာ ၂၇ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ကြည့်မြင်တိုင်မြို့နယ်)၏ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များမှ အခြေခံပညာကျောင်းနေ ကျောင်းသား၊ ကျောင်းသူ ၃၈ဦးတို့အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၅၇၀၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ဗိုလ်သုရလမ်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ပြုလုပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးစိန်သန်း(ငြိမ်း)က အထက်တန်းကျောင်းသားတစ်ဦးသို့ ထောက်ပံ့ကြေးငွေကျပ်၂၀၀၀၀ပေးအပ်စဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

အင်္ဂပူမြို့နယ်တွင် စပါးခင်းများအတွင်းနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

အင်္ဂပူ အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မကျီးကုန်းကျေးရွာအုပ်စု အတွင်းရှိ စပါးခင်းဧက ၂၀၀ အတွင်းရှိ တောင်သူဦးခင်ထွန်း၏ လယ်မြေအတွင်းသို့ လည်းကောင်း၊ အောက်ရွာကြီးကျေးရွာအုပ်စုသဘာဝရေပြင်အတွင်းသို့လည်းကောင်း၊ငါးမျိုး စိုက်ထည့်ကြသည်။

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၈)ရပ်ကွက်၊ သုခမြိုင် ၄လမ်း၊ အမှတ် ၁၈၇နေ (ဦးချစ်ထွန်း - ဒေါ်နှင်းမြ)တို့၏ သမီး၊ (ဦးသိန်းဟန်)၏ဇနီး၊ဦးမျိုးဦး(Sky Line Co., Ltd.)-ဒေါ်ခင်သူဇာ(ခ)ဒေါ်ဝင်းဝင်းနိုင်၊ ဦးမျိုးသိန်း(SMIDB)-ဒေါ်ခင်မာဦး(SMIDB)၊ ဦးမျိုးနိုင်ဟန်၊ ဦးမျိုးသော်ဟန်တို့၏မိခင်၊ ကိုဇင်လင်းအောင် (SMIDB)၊ မောင်ကျော်မင်းဟန်၊ မောင်တင်ထူးအောင်၊ မဆုယဉ်မင်းတို့၏ အဘွား၊ ဒေါ်ခင်ကြည်၊ ဒေါ်ရင်ကြည်၊ ဦးစံသိန်း-ဒေါ်အေးအေးမြင့်တို့၏ညီမသည် ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၄း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြတ်ဆုကြည်

အသက်(၃၅)နှစ်

ဖြူးမြို့၊ ပဲခူးလမ်းတောင်ပိုင်းနေ ဦးကြည်ဇင် - (ဒေါ်ညွန့်)တို့၏ သမီး၊ ဗိုလ်မှူးသန်းဌေး (တတက-၂)၏ ဇနီး၊ မောင်သုတညီ (Grade-4၊ အလက၊ တတက-၂)၏မိခင်၊ မခင်သီတာဇင်၊ မောင်ဖြိုးစည်သူ(စိန်ရွှေဖြိုးစတိုး၊ ဓနုဖြူမြို့)၏အစ်မသည် ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ညောင်ပင်ဝိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ကျုံမငေးမြို့၊ စက်ရုံဓမ္မရိပ်သာ

အရှင်ကောသလ္လ

သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၂၀)

ကျုံမငေးမြို့၊ ကန္နားလမ်း၊ အမှတ် ၂၁(ဂ)နေ (ခမည်းတော် ဦးဟီးယား-မယ်တော် ဒေါ်အမာ)တို့၏ဆဋ္ဌမသား၊ ရန်ကုန်မြို့နေ (ဦးသာလှ)-ဒေါ်စိန်သီ၊ ဦးဟုတ်စိန်-ဒေါ်စန်း၊ ဦးဟုတ်ကျွမ်၊ ကိုခင်မောင်လတ်-မတိုးတိုးဦး (စိန်ဝင်းကုန်မျိုးစုံနှင့်ဘဲဥ)၊ ကိုစိန်ဝင်း-မလဲ့လဲ့ရှိန်တို့၏ညီ၊ ဦးရန်အောင်-ဒေါ်ခင်ဖြူထွေး၏အစ်ကို၊ ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်နေ ရဟန်းယောဂီ အရှင်ကောသလ္လသည်(၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက်) ၃-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၁၂း၂၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၅-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် စက်ရုံဓမ္မရိပ်သာကျောင်းတိုက်မှ ကျုံမငေးမြို့ မြန်မာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး ဓမ္မမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေစက်၊ မီးစက်အလှူရှင် ဒါယကာကြီး

နိဗ္ဗာနမဂ္ဂကာရီ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ နာယကကြီး

ဦးတင်အောင်(မြစ်ကျိုး) 'အောင်'စက်မှုလက်မှုလုပ်ငန်း

အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ပုလဲလမ်း၊ အမှတ် ၁၆၊ ပထမထပ်နေ(ဦးသာထူး-ဒေါ်အေး)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးတင်မြင့်၏အစ်ကို၊ (ဦးထွန်းကြည်)-ဒေါ်စန်းရီ၊ ဦးကုသလ(ခ)ဦးအောင်ကြည်ထွန်း-(ဒေါ်ခင်အေး)၊ (ဦးကျော်မင်း-ဒေါ်ခင်နွဲ့)၊ (ဦးအောင်နိုင်လင်း)-ဒေါ်မြင့်မြင့်စိန်(ဗဟန်းမြို့နယ်၊ မိခင်/ကလေး)၊ (ဦးအောင်မင်း)၊ ဦးစန်းနောင်(အကောက်ခွန်)-ဒေါ်သိန်းသိန်းမော်၊ ဦးဝင်းအောင်-ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး၊ မြစ် ၁၂ယောက်တို့၏အဘေးသည် ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်သာထွန်း (စစ်တွေ)

မြို့နယ်တရားသူကြီး(ငြိမ်း)

အသက်(၇၉)နှစ်

စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ (ဦးသာဒိုးအောင်-ဒေါ်လှသူဇာ)တို့၏သား၊ ဦးဉတ္တမလမ်း၊ ရူပတောင်၊ စစ်တွေနေ [ဦးမောင်သာမြ(ရူပဝံဘိလပ်ရည်)-ဒေါ်စန္ဒာ]တို့၏သားသမက်၊ ဒေါ်ဝေသာ(မူ/အုပ်၊ ငြိမ်း၊ ရူပမြောက်)၏ခင်ပွန်း၊ (ဦးစံထွန်းအောင်-ဒေါ်နုဦးခင်)၊ (ဒေါ်စံဝင်း)တို့၏မောင်၊ ဦးဦးထွန်းဝေ(ခရိုင်အုပ်ချုပ်ရေးမှူး၊ သံတွဲ)-ဒေါ်ယဉ်ယဉ်ခိုင်(မူ/ပြ)၊ ဒေါ်အေးအေးခိုင် (လ/ထကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ စစ်တွေ)-ဦးချစ်ကိုကို(2/E)၊ ဒေါ်ခင်သူဇာ-ဦးစံထူးအောင်(3/E)တို့၏ဖခင်၊ မောင်ရဲမြတ်သူ၊ မောင်ရဲမင်းသူ၊ မောင်စောချစ်ဝေ၊ မောင်ထက်ဝေထွန်း၊ မချောဝေခိုင်၊ မဆွေဇင်ထွန်း၊ မထက်ဆုအောင်တို့၏အဘိုးရင်သည် ၂-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ရွှေဗဟိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(တိုက် ၃၊ အခန်း ၃၀၅၊ လေးလွှာ၊ ၁၅၄လမ်း၊ တာမွေမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဒေါ်လှရီ

အကြီးတန်းလက်နှိပ်စက်စာရေး(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသင်းဝင်-၀၂၅၇

အသက်(၇၄)နှစ်

သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၆၃/၃နေ ဒေါ်လှရီသည် ၂-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ရဟန်းအမကြီး

ဒေါ်မြင့်မြင့်ဝေ

အသက်(၆၁)နှစ်

ဦးရွှေထွန်း-ဒေါ်သန်းငွေတို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၈၂၂နေ ဦးတင်စွမ်း၏ဇနီး၊ ကိုဇော်ဦး-မမိုးစန္ဒာဝင်း၊ကိုမျိုးသန်းထိုက်-မဇင်မာ၊ ကိုနေလင်းအောင်-မထက်ထက်မိုးတို့၏မိခင်ကြီးသည် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၃ရက်(စနေနေ့) နံနက် ၈း၃၀နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

PA, Gin Suan Nang (Tung Dim Beh) Tung Tuang Khua

အသက်(၆၈)နှစ်

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ တုန်းတွောင်ကျေးရွာနေ (Pu, Gin Pum-Pi, Nian Luan)တို့၏ ဆဋ္ဌမမြောက်သား၊ Nu, Huai Khaw Ning-(Pa, Suak Do), (Nu, Ning Khan Cing-Pa, Kam Khan Thang), (Pa, Langh Suan Kham)-ဒေါ်ကြည်စိန်၊ Nu, Dim Za Don-(Pa, Thawng Khan Suan), Pa, Cin Suan Thang တို့၏ ညီ/မောင်၊ Pa, Tuan Khen Mang-(Nu, Niang Khan Cing)တို့၏အစ်ကို၊ Nu,Luan Sian Lun (ခေတ္တ-မလေးရှား)-Pa, Thang Khen Kap Hang (ခေတ္တ-မလေးရှား)တို့၏ဖခင်၊ Lia, Ning Tawi Kim, Tg, Do Deih Piang တို့၏အဘိုး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး ဘိုးဘွားရိပ်သာနေ Anna Lun ၏ဦးလေး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင် ၉၊ အမှတ် ၈(ခ)နေ Nu, Ngai Hau Cing ၏ခင်ပွန်းသည် ၂-၁၀-၂၀၁၃ရက် ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၁၀-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီးငြိမ်းအေးဇရပ်၌ ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်(ရေဝေး)၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်ကွေ့၊ ဆူးလေ ဗမာနွေလဘုရားကျောင်းရှေ့မှနံနက် ၁၁း၃၀နာရီနှင့်နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

R/488

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် နည်းလမ်းများအားလုံးကိုအသုံးပြုပြီး မပြတ်မနေဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် သံတွဲမြို့ အဏ္ဏဝါရိပ်သာ၌ သံတွဲမြို့မှ ရခိုင်တိုင်းရင်းသား ရပ်မိရပ်ဖများ၊ ကမန်တိုင်းရင်းသား ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မိမိအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုရရှိနေပြီဟု ယုံကြည်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လေ့လာရန်၊ ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည်များ အကူအညီပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မောင်တောနယ်မြေများသို့ မိမိရောက်ရှိနေချိန်တွင် သံတွဲမြို့နယ်အတွင်း သာမန်အငြင်းပွားမှုတစ်ခုမှစတင်၍ ပဋိပက္ခအချို့ ပေါ်ပေါက်ခဲ့ကြောင်း၊ မိမိခရီးစဉ်နှင့် အချိန်ကိုက်လုပ်ဆောင်ခဲ့သည်ဟုပင် သံသယဖြစ်စရာအကြောင်းများရှိကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သံတွဲမြို့ အဏ္ဏဝါရိပ်သာ၌ သံတွဲမြို့မှ ရခိုင်တိုင်းရင်းသား ရပ်မိရပ်ဖများ၊ ကမန်တိုင်းရင်းသား ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်တိုက်ခိုက်ခြင်းအားဖြင့် မည်သူမျှ အနိုင်မရကြကြောင်း၊ တိုင်းပြည်သာ နစ်နာဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် ယခုအခါ စေ့စပ်ဆွေးနွေးပြီး နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် အားလုံးကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုအချိန်မျိုးတွင် ရခိုင်ပြည်နယ်၌ သာမန်အငြင်းပွားမှု၊ ရာဇဝတ်မှုကို အကြောင်းပြုပြီး လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခအသွင်ဖြစ်အောင် အကြမ်းဖက်မှုများ ကျူးလွန်လာခြင်းကို လက်မခံနိုင်ကြောင်း၊ အကြမ်းဖက်ခြင်းသည် ပြဿနာကို ဖြေရှင်းနိုင်သည့် နည်းလမ်းမဟုတ်ဘဲ ပဋိပက္ခကိုပိုပြီး အရှိန်မြင့်စေသဖြင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အဖြေရှာသင့်ကြောင်း။

ရခိုင်တိုင်းရင်းသားများနှင့်ကမန်တိုင်းရင်းသားများသည် နှစ်ပေါင်းများစွာ အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် ဘေးပယောဂများကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ ●

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း(၃)ခုနှင့်စပ်လျဉ်း၍ အတည်ပြု

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့ကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း(၃)ခုနှင့်စပ်လျဉ်း၍ အတည်ပြုဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားရှင်းလင်းခြင်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက ဆွေးနွေးခြင်းများ ပြုလုပ်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ဆန္ဒ ရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ပုဒ်မ ၂၃ စကားရပ် ပြင်ဆင်ရန်နှင့်ပုဒ်မ ၃ နှင့်ပုဒ်မ ၄ ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုသင့်ကြောင်း ဖော်ပြပါရှိပြီး အပိုဒ် ၂ ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းထားရှိရန်နှင့် အပိုဒ် ၃ နှင့်အပိုဒ်၄ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်းထားရှိရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အလားတူ **ဆက်သွယ်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်

စာမျက်နှာ ၇ ကော်လံ ၄ ❒

စက်မှုဇုန်များတတ်အားဖြန့်ဖြူးနိုင်ရေးအဖွဲ့ဖွဲ့ပြီးဆောင်ရွက်မည်

သတင်း-မောင်မောင်မြင့်ဆွေ

ရန်ကုန် အောက်တိုဘာ ၃

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုဇုန်များ ပုံမှန်လည်ပတ်နိုင်ရန် ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်။ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဓာတ်အားဖြည့်ဆည်းရေးကိုလည်း နည်းများစွာဖြင့် ဖြည့်ဆည်းနိုင်ရေး ကြိုးစားလျက်ရှိသည်။

“စက်မှုဇုန်တွေ လျှပ်စစ်ဓာတ်အား ၂၄ နာရီပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဇုန်နဲ့ ရင်းနှီးမြှုပ်နှံဓာတ်အားထုတ်လုပ်မယ့်သူတွေနဲ့ အဖွဲ့ဖွဲ့စည်းဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။ စက်မှုဇုန်တွေကို မလွှဲမရှောင်သာနဲ့ မီးဖြတ်ထားမှုတွေရှိခဲ့ပေမယ့် ဒီလိုမီးဖြတ်မှုများရင် စက်မှုဇုန်တွေထိခိုက်နိုင်ပါတယ်။ ဒါကြောင့် စက်မှုဇုန်တွေ ဓာတ်အားရရှိရေးနဲ့ နွေရာသီမှာ စက်မှုဇုန်တွေ ဓာတ်အားမပြတ်တောက်နိုင်ရေး ကြိုးစားနေပါတယ်” ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရန်ကုန်မြို့တွင် စက်တင်ဘာ ၂၈ ရက်က မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

စက်မှုဇုန်များ ဓာတ်အားရရှိရေးအတွက် စက်မှုဇုန်အလိုက် အဖွဲ့များဖွဲ့စည်းကာ ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုအရ ၂၀၁၃-၂၀၁၄ ခုနှစ်၌ ဓာတ်အား ၂၃၇၀ မဂ္ဂါဝပ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဓာတ်အား ၂၈၄၄ မဂ္ဂါဝပ်အထိ လိုအပ်မည့်အခြေအနေရှိသည်။

တစ်ဖန် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဓာတ်အား ၃၁၃၄ မဂ္ဂါဝပ်ကျော် တိုးတက်လိုအပ်လာနိုင်သည့် အနေအထားရှိနေသည်။ ထို့အပြင် စက်မှုဇုန်များနှင့် ဓာတ်အားလိုင်းများ တည်ဆောက်နိုင်ပါက ယခုထက်ပိုမိုပြီး ဓာတ်အားသုံးစွဲမှု များလာနိုင်သည်။

ထို့အတူ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မီးသုံးစွဲသူ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးရမည်ဆိုပါက ဓာတ်အား ၃၉၅၀ မဂ္ဂါဝပ်အထိ တိုးတက်လာမည်ဖြစ်သည်။ထို့ကြောင့် နှစ်စဉ်ဓာတ်အားသုံးစွဲမှု တိုးမြင့်လာမှုအခြေအနေကြောင့် စက်မှုဇုန်များတွင် ဓာတ်အားပြတ်တောက်မှုမရှိစေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဇုန်နှင့် ဓာတ်အားထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံသူတို့ အဖွဲ့ဖွဲ့ကာ ကြိုးစားဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း
ကျေးလက်ကြေးမုံ (title)
၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့။

ငွေဗဟိ
သွားတိုက်ဆေး

ပြည်တွင်းရေးရာ

မြို့ပြကျေးလက်
အဆင့်တိုးမွှင့်ပြီးရှုပ်ယှက်
ရွှေကျင်မြို့နယ်

စာ-၃

ပြည်တွင်းရေးရာ

ပြည်ထောင်စုသားတို့ရဲ့..
တိုင်းရင်းသားကျေးရွာ

စာ-၄

ကြော်ငြာ

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

ချယ်လ်ဆီး
ကွင်းလယ်ကစားသမား
မာတာ

1 2 3 4 Mobile Special

1 2 3 4 Mobile Special မှ ဖုန်းမြတ်နိုးသူတွေအတွက် စိတ်ဝင်စားစရာကောင်းအောင် ချိုသာလွန်းသောဖုန်းဈေးနှုန်းကို ၁ ခါ (တစ်ခါ) ဝေလာက်လာကြည့်ပြီး ဖုန်းမြတ်နိုးသူ၏ မည်သည့်ဆိုင်တွင်ဝယ်သည့် ဖုန်းကိုမဆို Software Service များကို 30-9-2013 မှ 30-11-2013 အထိ အခမဲ့ (အခမဲ့) ထည့်သွင်းပြီး ဝန်ဆောင်မှုပေးသည်။ အမှတ်တရလက်ဆောင် များကိုလည်း ရယူနိုင်ပါသည်။

❖ One Two Three Four Mobile Special မှ ဖုန်းပြုပြင်ခြင်း (Hardware Service) များကို ချိုသာသော ဈေးနှုန်း ကောင်းမွန်သေချာသော လက်ရာများဖြင့် ပြုပြင်ဝန်ဆောင်မှုပေးနေပါသည်။

Email:1234mobilespecial@gmail.com
www.facebook.com/onetwothreefourmobilespecial

ပြစ်ချက်တွေနဲ့ ရှင်သန်ဖို့ ရုန်းကန်နေရတဲ့ မန်ယူ

အောင်ဇော

မန်ယူအသင်းဟာလက်ရှိပွဲစဉ်(၆)အပြီးမှာ ၃ပွဲအထိရှုံးထားပြီး အဆင့် ၁၂မှာ ရပ်တည်နေတယ်။ ဒါဟာ ဘယ်အချိန်နဲ့ တူလဲဆိုရင် မန်ယူအသင်းကို ဖာဂူဆန်ကိုင်တွယ်ခဲ့တဲ့ ၁၉၈၉-၁၉၉၀ခုနှစ်နဲ့ တူညီနေပါတယ်။ အဲဒီနှစ်စကဆိုရင် မန်ယူအသင်းဟာ ၆ပွဲကစားပြီးမှာ ၇ မှတ်သာရရှိခဲ့တာကြောင့် အခုလက်ရှိအခြေအနေနဲ့ တူညီနေတယ်လို့ပြောရမှာပါ။ အခုလို ရလဒ်တွေဟာ လုံးဝလက်ခံချင်စရာမကောင်းသလို မန်နေဂျာမိုယက်စ် ကိုယ်တိုင်လည်း ယခုရလဒ်တွေကြောင့် စိုးရိမ်မကင်းဖြစ်မိနေကြောင်းလည်း ပြောဆိုထားပါတယ်။ ဒါကြောင့် ဘယ်လိုအကြောင်းအရာတွေဟာ မန်ယူအသင်းရဲ့ ရလဒ်တွေကို ဆိုးရွားစေသလဲ ဆိုတာကို ဝေဖန်သုံးသပ်ချင်ပါတယ်။

(၁) အပြောင်းအရွှေ့နှင့် ကွင်းလယ်ပြဿနာ

နွေရာသီအပြောင်းအရွှေ့ကို ပြန်ကြည့်မယ်ဆိုရင် မန်ယူအသင်းဟာ ကွင်းလယ်ပိုင်းနဲ့ ပတ်သက်တဲ့အင်အား ဖြည့်တင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ဆောင်မှုတွေမှာ ထပ်ခါထပ်ခါ ကျရှုံးခဲ့တာကို တွေ့ရမှာပါ။ မန်ယူအသင်းအတွက်တော့ ကွင်းလယ်ကစားသမား ပေါ်လ်စခိုးလ် အနားယူသွားခြင်းဟာ အသင်းအတွက် ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုဖြစ်သလို သူ့ရဲ့နေရာမှာ အကောင်းမွန်ဆုံး အစားထိုးနိုင်မှုတွေကိုလည်း မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါ့အပြင်ပြီးခဲ့တဲ့ ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲကိုကြည့်မယ်ဆိုရင်လည်း မန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းဟာ ထင်သလောက်အားကိုးရခြင်း မရှိသလို ဝက်စ်ဘရွန်းအသင်းရဲ့ တန်ပြန်တိုက်စစ်တွေကိုလည်း ခုခံနိုင်ခဲ့ခြင်းမရှိပါဘူး။ အသင်းရဲ့ကြိုကြား ကြိုကြားပွဲတွေမှာထုတ်သုံးနေတဲ့ အန်ဒါဆန်ဟာလည်း ပြီးခဲ့တဲ့ရာသီတွေကတည်းက အသင်းရဲ့ အဓိက ကစားသမားတစ်ဦးတော့မဟုတ်ပါဘူး။ ဒါတင်မကပါဘူး။ မန်ယူကွင်းလယ်ရဲ့ အဓိက ကစားသမားတစ်ဦးဖြစ်တဲ့ တွမ်ကလီဗာလေရဲ့ ခြေစွမ်းပိုင်းဟာလည်း ထင်သလောက်တော့ အားရကျေနပ်စရာ မကောင်းသေးပါဘူး။ ဒါကြောင့် ဒီနှစ်ရာသီမန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းဟာ လိုအပ်ချက်တွေနဲ့ပြည့်နှက်နေတယ်လို့ ပြောရမှာပါ။

(၂) မန်နေဂျာအပြောင်းအလဲ

မန်ယူအသင်းကိုကြည့်မယ်ဆိုရင်ပြီးခဲ့တဲ့ ရာသီနဲ့ ဒီနှစ်ရာသီဟာ လုံးဝကွဲပြားမှုရှိနေပါတယ်။ ပြီးခဲ့ရာသီကမန်ယူအသင်းရဲ့ မန်နေဂျာ ဖာဂူဆန်ဟာ အင်္ဂလန်ရဲ့ အအောင်မြင်ဆုံး သမိုင်းဝင်မန်နေဂျာတစ်ဦးပါ။ သူဟာမန်နေဂျာလောကကနေ ထွက်ခွာသွားပေမယ့် သူ့ရဲ့ လှစ်ဟာသွားတဲ့ကွက်လပ်ကို ဘယ်အရာကမှ ဖြည့်ဆည်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မန်နေဂျာသစ် မိုယက်စ်အနေနဲ့ သူ့ရဲ့နေရာမှာ အကောင်းဆုံးအစားထိုးဝင်ရောက်နိုင်ဖို့ဆိုတာ မလွယ်သလို ဖာဂူဆန်ရဲ့ လောင်းရိပ်အောက်ကနေ ရုတ်တရက်ခွဲထွက်နိုင်ဖို့ဆိုတာက ဘယ်လိုမှ မလွယ်ကူဘူးလို့ပြောနိုင်ပါတယ်။ မန်ယူပရိသတ်တော်တော်များများကတော့ မိုယက်စ်ကို အားပေးထောက်ခံမှုတွေတော့ ပြုလုပ်ထားပါတယ်။ ဒါပေမယ့်ယခုလက်ရှိမှာတော့ မိုယက်စ်ဟာအသင်းကို အားရစရာကောင်းအောင် စွမ်းဆောင်နိုင်ခြင်းမရှိသေးပါဘူး။

(၃) ဝါရင့်ကစားသမားများ တာဝန်ယူရသည့်အပိုင်း

ပြီးခဲ့တဲ့ပွဲစဉ်တွေကို ကြည့်မယ်ဆိုရင် အသင်းရဲ့လက်တစ်ဆုပ်စာလောက်ရှိတဲ့ ဝါရင့်ကစားသမားတွေဟာအသင်းအတွက် အရေးပါတဲ့ ကစားသမားတွေအဖြစ် တွေ့ရမှာပါ။ အဲဒီထဲမှာမှ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲနဲ့ ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာအသင်းအတွက် ဂိုးသွင်းယူပေးထားတဲ့ တိုက်စစ်မှူး ရွန်းနီကတော့ အသင်းအတွက် အဓိကအားကိုးနေရတဲ့သူလို့ ပြောရမှာပါ။ ဒါ့အပြင်တိုက်စစ်မှူး ဗန်ပါစီမပါဝင်တဲ့ပွဲတွေမှာ မန်ယူအသင်းရဲ့ တိုက်စစ်အင်အားဟာ ထင်သလောက်ကောင်းမွန်မှုမရှိသလို ရှုံးပွဲတွေနဲ့ ကြုံတွေ့ရတာကိုလည်း တွေ့ရပါတယ်။ မန်ယူအသင်းရဲ့ ဝါရင့်ကစားသမားတွေဖြစ်တဲ့ ဖာဒီနန်၊ ဗီဒစ်နဲ့ ကာရစ်တို့ဟာ မန်ယူအသင်းရှုံးပွဲတွေ ကြုံရတဲ့အဓိကအကြောင်းရင်းတွေလည်း ဖြစ်ပါတယ်။ ဖာဒီနန်ရဲ့အသက်ဟာ ၃၅နှစ် ရှိပြီဖြစ်တဲ့အတွက် ကျချိန်ရောက်နေတဲ့ ကစားသမားတစ်ဦးဆိုတာကတော့ သံသယဝင်စရာတောင် မလိုပါဘူး။

(၄) မိုယက်စ်၏ မှားယွင်းသောအလှည့်ကျကစားသမားထုတ်သုံးမှုနှင့် လူစားလဲမှုများ

မန်ယူမန်နေဂျာသစ် မိုယက်စ်ဟာ ကစားသမား အင်အားနည်းပါးပြီး အဓိက ကစားသမား ၁၆ဦးလောက်သာရှိတဲ့ အဲဗာတန်အသင်းကနေ အဓိကကစားသမား ၂၅ ယောက်လောက်ရှိတဲ့ မန်ယူအသင်းကို တိုးမြှင့်ပြောင်းရွှေ့လာခဲ့လာခဲ့တဲ့အတွက် ကစားသမားထုတ်သုံးမှုတွေမှာ အခက်အခဲတွေရှိနေခဲ့ပါတယ်။ ဒေးဗစ်မိုယက်စ်ဟာ အစောပိုင်းကာလတွေကတည်းက အမှားတွေလုပ်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။ တစ်ပတ်အတွင်းကစားခဲ့တဲ့ ခရစ္စတယ်ပဲလေ့စ်၊ လေဗာကူဆင်နဲ့ မန်စီးတီးအသင်းတို့နဲ့ပွဲတွေမှာ ဖာဒီနန်နဲ့ ဗီဒစ်တို့ကို၃ပွဲဆက်တိုက် အသုံးပြုခဲ့ခြင်းဟာ မှားယွင်းတဲ့ဆုံးဖြတ်ချက်လို့ ပြောရမှာပါ။ ဒါ့အပြင်ဝက်စ်ဘရွန်းအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ ဒုတိယပိုင်းအစမှာ ကာဂါဝါရဲ့နေရာမှာ လူငယ်ကစားသမားဂျန်နူဇာကို လူစားထိုးလဲခဲ့ခြင်းဟာ မန်နေဂျာမိုယက်စ်ရဲ့ အလောကြီးတဲ့ ဆုံးဖြတ်ချက်တွေလို့ ပြောရမှာပါ။ ဒါကြောင့် မိုယက်စ်ရဲ့ ကစားသမားရွေးချယ်မှုနဲ့ လူစားလဲမှုတွေမှာ မှားယွင်းမှုတွေ ရှိနေသလားဆိုတာကတော့ မေးခွန်းထုတ်စရာကောင်းနေပါတယ်။

(၅) မန်ယူရဲ့ အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်တွေ ပျောက်ဆုံးကုန်ပြီလား

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ဝက်စ်ဘရွန်းအသင်းနဲ့ ကစားခဲ့တဲ့ပွဲချိန် ၆၇ မိနစ်မှာ ဒုတိယမြောက်ဂိုးပေးခဲ့ရသော်လည်း လက်ကျန် ၂၃ မိနစ်အထိ ချေပဂိုးပြန်လည်မသွင်းနိုင်တာကို တွေ့ရမှာပါ။ ဒါတင်မကပါဘူး။ ဒီနှစ်ရာသီရဲ့ ပွဲတော်များများမှာလည်း အနောက်ကနေ လိုက်ပြီးချေပဂိုးတွေ၊ အနိုင်ဂိုးတွေ သွင်းယူနိုင်ခြင်းမရှိတာကိုလည်း တွေ့ရမှာပါ။ မန်ယူအသင်းကို ဖာဂူဆန်ကိုင်တွယ်ခဲ့စဉ်ကဆိုရင် နောက်ဆုံးမိနစ်အထိ အနိုင်ကစားသွားဖို့ကို ကစားသမားတိုင်းကိုလေ့ကျင့်ရိုက်သွင်းထားတာကို တွေ့ရမှာပါ။ ဒါပေမယ့် ဒီနှစ်ရာသီရဲ့ မန်နေဂျာသစ် မိုယက်စ်လက်အောက်မှာတော့ မန်ယူကစားသမားတွေ့ရဲ့ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဟာ ပျောက်ကွယ်နေသလားဆိုတာကို ဆန်းစစ်ဝေဖန်စရာတောင် ကောင်းနေပါတယ်။

မန်ယူအသင်းဟာယခုလက်ရှိမှာ ထိပ်ဆုံးမှာရှိနေတဲ့ အာဆင်နယ်အသင်းနဲ့ ရှစ်မှတ်ကွာခြားနေတာကြောင့် မကြာခင်အသင်းအနေနဲ့ အကောင်းဆုံးရလဒ်တွေ ပြန်လည်ရရှိလာနိုင်မလားဆိုတာကတော့ . . . . ။

စာမျက်နှာ ၈ မှ

ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ ယခုအခါ မြန်မာအမျိုးသား အမျိုးသမီးဘောလုံးအသင်းများအနေဖြင့် အိမ်ရှင်မြန်မာပရိသတ်ရှေ့မှောက်တွင် ခြေစွမ်းပြအနိုင်ယူနိုင်ရေး အစွမ်းကုန်ကြိုးစားနေကြပြီဖြစ်သည်။ ပြည်တွင်း ပြည်ပဖိတ်ခေါ် ပြိုင်ပွဲများ၊ ခြေစမ်းပွဲများဖြင့် အပြင်းအထန်လေ့ကျင့်နေပြီဖြစ်သည်။ အုပ်စုပြိုင်ပွဲများကို ရန်ကုန်ပရိသတ်များ အထူးအားပေးခွင့်ရရှိကြမည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲများကိုတော့ မန္တလေးပရိသတ်များက အများဆုံးဝင်ရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်သည့်အတွက် ပရိသတ်အင်အား ၃၀၀၀၀ဆံ့ ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်းကြီးတွင် ကြီးကျယ်ခမ်းနားလှပမှုများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘောလုံးဝါသနာအိုးများ လာရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

၂၀ က သိပ်ပြီး ကြီးကျယ်ခမ်းနားတဲ့ပွဲ။ မက်ဒရစ်ဒါဘီ။ ဒီပွဲမှာ အက်သလက်တီကို နိုင်တယ်။ ပွဲ အနိမ့်သဘော။ ကွင်းက ရီးရဲကွင်း။ ကစားသမားအင်အားပိုင်းကို ကြည့်မလား။ ရော်နယ်ဒို၊ ဘေ မှာ မရှိဘူး။ အောင်မြင်မှုချင်းယှဉ်မလား။ ရီးရဲက အစစအရာရာ အားသာတယ်။ အစဉ်အလာအရကြ အက်သလက်တီကို တစ်ကြိမ်မှ မနိုင်ဖူးဘူး။ ဒါပေမယ့် အစဉ်အလာတွေကိုဘေးဖယ်။ အောင်မြင်မှုတွေ တဲ့ အက်သလက်တီကိုက ရီးရဲကို အနိုင်ယူသွားတယ်။ ဘာကြောင့်လည်း မေးကြ၊ တွေးကြရင်း

ဒီယေဂိုကော်စ

ပြောရရင် ဒီလိုမနိုင်ဘူးလို့ထင်တဲ့ မက်ဒရစ်ဒါဘီမှာ အက်သလက်တီကိုနိုင်အောင် တစ်လုံးတည်းသောဂိုးကို သွင်းပေးခဲ့တာက ဒီယေဂိုကော်စတာ။ ကိုကီရဲ့ပေးပို့မှုကနေ လိုပက်ဇ်ရဲ့ ဘယ်ဘက်ထောင့်ထဲ ကန်သွင်းတဲ့သူ့ရဲ့ အဆုံးသတ်မှုက တိကျခြင်း၊ သေချာခြင်းတွေအပြင် အဆုံးသတ်သမား စစ်စစ်ဖြစ်ကြောင်းပြရာရောက်တော့ ကော်စတာဆိုတာ ဘယ်သူလဲလို့ မေးလာကြတယ်။

တကယ်တော့ ဒီယေဂိုကော်စတာဆိုတာ မက်ဆီ၊ ရော်နယ်ဒို၊ ဘင်ဇီမာ၊ ဆန်းချက်ဇ်တို့ လောင်းရိပ်မိနေတဲ့ စပိန်မှာ ထင်သလောက်နာမည်မထွက်ပေမယ့် အရည်အသွေးအပြည့်ရှိကြောင်း အကြိမ်ကြိမ်သက်သေပြပြီးသားသူ။ ၂၄ နှစ်သာရှိသေးပြီး တိုးတက်စရာ အခြေအနေတွေ ရှိနေတဲ့အပြင် လက်ရှိလည်း အကောင်းဆုံး ခြေစွမ်းတွေကို ပြနေနိုင်သူ။ ပြောရရင် မနှစ်ကတည်းကအက်သလက်တီကိုမှာ သူက အရည်အသွေးပြည့်မီကြောင်း သက်သေပြပြီးသား။

ဖယ်ကာအိုရှိနေခြင်းကြောင့်သာ သူ့ရဲ့ အမည်နာမဟာ ထင်ပေါ်သင့်သလောက် မထင်ပေါ်ခဲ့ပေမယ့် သေချာကြည့်ရင် အက်သလက်တီကိုအတွက် ဖယ်ကာအိုပြီးရင် မနှစ်က ဂိုးသွင်းအများဆုံး ကစားသမားကသူ။ ဘက်တစ်ကို ၁-၀နဲ့ နိုင်တဲ့ပွဲ။ အိုဆာစူနာကို ၂-၀နဲ့ နိုင်တဲ့ပွဲတွေမှာ ဂိုးအားလုံးကို သူကိုယ်တိုင်ပဲ သွင်းပေးခဲ့တယ်။ ဇာရာဂိုဇာကို ၃-၁ နဲ့နိုင်တော့လည်း နာကျင် အချိန်ပိုရောက်မှ အနိုင် ၂ ဂိုးကို သူပဲ သွင်းပေးပြီး အသင်းကိုကယ်တင်ပေးနိုင်စွမ်းရှိကြောင်း သက်သေပြခဲ့ပြီးသားသူ။

တခြားမကြည့်နဲ့။ မနှစ်က စပိန်ဘုရင့်ဖလားကို အက်သလက်တီကို ရတယ်။ ဒီလိုရယူရာမှာ ခရီးက ကြမ်းတယ်။ စတုတ္ထအဆင့်မှာ တွေ့ရတဲ့ ရီးရဲဂျန်နဲ့ပွဲ ကလွဲလို့ ကျန်အဆင့်တွေမှာ လာလီဂါပြိုင်ဘက်တွေနဲ့ချည်း ရင်ဆိုင်ခဲ့ရတာ။ အထူးသဖြင့် ဆီမီးမှာ ဆီဗီလာနဲ့ တွေ့ရသလို ဗိုလ်လုပွဲမှာလည်း ရီးရဲနဲ့ ဆုံခဲ့ရတယ်။ ဒါပေမယ့် ဒီလိုပွဲကျပ်တွေမှာ ကော်စတာက ထိပ်တန်း

အဆင့်ခြေနဲ့အသင်းကို ကယ်တင်ပေးတော့ အက်သလက်တီကိုလည်း ဆုဖလားရတဲ့အထိ အောင်မြင်တယ်။

အထူးသဖြင့် ဗိုလ်လုပွဲမှာ ရီးရဲနဲ့ဆုံတော့ ၁၄ မိနစ်မှာတင် ရော်နယ်ဒိုက အဖွင့်ဂိုးသွင်းသွားတာကို ကော်စတာက ပြန်ချေပပေးတယ်။ ဒီချေပဂိုးကြောင့်ပဲ အက်သလက်တီကို မိနစ် ၉၀ မှာ သရေရပြီး အချိန်ပိုမှာအနိုင်ကစားနိုင်ခဲ့တာ။ ပြီးတော့ ဆီမီးမှာ ဆီဗီလာနဲ့ ဆုံတော့လည်း ပထမအကျော့ ၂-၁ နဲ့ နိုင်ရာမှာ သူကပဲ ၂ ဂိုးစလုံးကို သွင်းခဲ့တယ်။ ဒုတိယအကျော့ ဆီဗီလာကွင်း မှာ ၂-၂ သရေကျတော့လည်း အဖွင့်ဂိုးကို သူပဲသွင်းပေးခဲ့တာဆိုတော့ အက်သလက်တီကိုဟာ မနှစ်က ကော်စတာကြောင့်သာ စပိန်ဘုရင့်ဖလားကို ရတယ်လို့ဆိုနိုင်တယ်။

ဒါကြောင့်လည်း ဒီရာသီမှာ နည်းပြဆီမွန်နီက ဖယ်ကာအိုကို ရောင်းတာ။ ဒီလိုရောင်းတဲ့အတွက် ငွေကြေးအရ အကျိုးအမြတ်ရသလို ကော်စတာရှိနေတဲ့အတွက်လည်း အသင်းရဲ့ အရည်အသွေးက ကျမသွားဘူး။ ပြောရရင် ရီးရဲကို အနိုင်ရတဲ့ပွဲမှာမှ ကော်စတာဟာအသင်းကို ကယ်တင်ခဲ့တာ မဟုတ်ဘူး။ ရာသီစကတည်းက အသင်းအတွက် ဂိုးတွေကို ဒိုင်ခံသွင်းပြီး အမှတ်တွေ ယူပေးခဲ့သူ။ အဖွင့်မှာ ဆီဗီလာကို ၃-၁ နဲ့ နိုင်ကတည်းက ကော်စတာက ၂ ဂိုးသွင်းပေးခဲ့တာ။ ဗယ်လီကာနိုကို ၅ ဂိုးပြတ်နိုင်တော့လည်း တစ်ဂိုးဝင်သွင်းပြီး တစ်ဂိုးဖန်တီးပေးသေးတယ်။ အယ်မာရီယာကို ၄-၂နဲ့နိုင်တဲ့ပွဲ။ ဗယ်လာဒိုးလစ်ကို ၂-၀နဲ့ နိုင်တဲ့ပွဲတွေမှာလည်း ၁ ဂိုးစီ ဝင်သွင်းပေးသလို အိုဆာစူနာကို ၂-၁ နဲ့နိုင်ရာမှာလည်း ၂ ဂိုးစလုံးကို သူကပဲသွင်းပေးခဲ့တာဆိုတော့။ လက်ရှိ ဘာစီလိုနာနဲ့ အမှတ်တူနဲ့ ဒုတိယနေရာ ရောက်နေတဲ့ အက်သလက်တီကိုရဲ့ တည်ရှိမှုဟာ ကော်စတာကြောင့်လို့ပြောရင်တောင်ရတယ်။

တကယ်တော့ ကော်စတာဟာ ဘရာဇီးသားဖြစ်ပေမယ့် ပေါ်တူဂီကလပ်ဘရာဂါမှာ ဘောလုံးကစားသမားဘဝ စခဲ့ကာ ၂၀၀၇ ခုနှစ်မှာမှ အက်သလက်တီကိုကို ပြောင်းခဲ့သူ။ အဲဒီတုန်းက ဘရာဂါ၊ ဆဲလ်တစ်၊ အယ်ဘာစီတီ အသင်းတွေမှာ အငှားကစားခဲ့ရပြီး ၂၀၀၉ မှာ ဗယ်လာဒိုးလစ်ကိုတောင် ရောင်းချခံခဲ့ရပေမယ့် နည်းပြဟောင်း ဖလော်ရက်စ်က ၂၀၁၀မှာ အက်သလက်တီကိုဆီ သူ့ကို ပြန်ခေါ်ခဲ့တာ။ အဲဒီကတည်းက ဒီယေဂိုကော်စတာဟာ လူငယ်ပေမယ့် ဖော်လန်လို ဝါရင့်တိုက်စစ်မှူးနဲ့အပြိုင် ဂိုးတွေသွင်းနိုင်ခဲ့သူဖြစ်တယ်။

ဒီနောက် ဆီမွန်နီဝင်လာတော့လည်း သူ့ကို မရောင်းထုတ်ဘဲ ၂၀၁၂ မှာ အတွေ့အကြုံရအောင် ဗယ်လီကာနိုဆီ အငှားချပြီးနောက် မနှစ်ကအသင်းကို ပြန်ခေါ်ကာ ဖယ်ကာအိုနဲ့အပြိုင် ဦးစားပေးသုံးခဲ့တာ။ ပြောရရင် ကော်စတာကလည်း ဆီမွန်နီရဲ့ ယုံကြည်ချက်

မြို့ပြကျေးလက် အဆင့်တိုး ဖွံ့ဖြိုးရှုမွယ် ရွှေကျင်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

မဒေါက်ကလေးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင် တစ်နေရာ။

ပဲခူးခရိုင် ရွှေကျင်ဒေသသည်ကား သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝရာဒေသတစ်ခုဖြစ်၏။ ရှေးယခင်ကတည်းက ရေမြေသယံဇာတ ပေါကြွယ်ခြင်းနှင့်အတူ လူသိများထင်ရှားရာဒေသဖြစ်ခဲ့သည်။ သို့သော် အခြေအနေ အကြောင်းကြောင်းကြောင့် ရွှေကျင်သည် မပွင့်သောပန်းနှယ်ရှိခဲ့၏။

ယနေ့ခေတ်တွင်မူ ရွှေကျင်ဒေသသည် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းနှင့်အတူ ဖွံ့ဖြိုးရေးပန်းတို့ ပွင့်လန်းမှုအံ့မခန်းဖြစ်ခဲ့သည်။ ယခင်စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်) တည်ဆောက်ပေါင်းကူးပေးမှုကြောင့် သွားလာဆက်သွယ်မှုပိုမိုများပြားကာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။ ရွှေကျင်မှ ရန်ကုန်သို့ မော်တော်ယာဉ်ခရီး တိုက်ရိုက်ပေါက်ခဲ့ပြီး အော်တိုတယ်လီဖုန်း တပ်ဆင်ပေးထားမှုနှင့် GSM/CDMA တိုင် တိုးချဲ့တပ်ဆင်ခဲ့၍ ပြည်သူများနှင့်ဝေးလံဒေသများ၌ ပြောဆိုရာတွင် အဆင်ပြေပြီး ဆက်သွယ်မှုဧရိယာပြင်ပမှ ကင်းလွတ်ခဲ့ပြီ။ ရွှေကျင်မြို့၏ မြို့ကျက်သရေဆောင်အဖြစ် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ယခုတစ်ဖန် မဝေးတော့သည့် အနာဂတ်ကာလအတွင်း ရွှေကျင်ဒေသသည် အရှိန်အဟုန်ဖြင့် ထပ်ဆင့်စည်ပင်ဖွံ့ဖြိုးလာနိုင်စရာအကြောင်းတို့က ဖန်လာချေပြီ။ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၂)က ရွှေကျင်-မဒေါက်-ပုဇွန်မြောင်း-ညောင်လေးပင် လမ်းပေါ် မိုင်တိုင်အမှတ် ၁၂/၀ရှိ အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ခွင့်ပြုအလေးချိန် တန် ၆၀၊ သံကူကွန်ကရစ် မဒေါက်ကလေးတံတား တည်ဆောက်နေမှုစီမံကိန်း၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်းပေါ် အရှည်ပေ ၃၆၀၊ အကျယ် ၃၁ ပေ သံကူကွန်ကရစ် ဘောကထတံတား တည်ဆောက်နေမှုစီမံကိန်းနှင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထပ်မံမြှင့်တင်ဖြည့်ဆည်းပေးနိုင်ရန် ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအတွင်း PNZ ကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်နေသည့် အကျယ်အဝန်း (၁၀၀×၄၂)ပေရှိ အာရ်စီတစ်ထပ်ခွဲ အဆောင်နှစ်ဆောင်နှင့် (၈၀×၄၂)ပေစီရှိ အာရ်စီတစ်ထပ်အဆောင်နှစ်ဆောင် စုစုပေါင်း လေးဆောင်တို့အား တိုးချဲ့လူနာဆောင်အဖြစ် ဖွဲ့စည်းတည်ဆောက်နေသဖြင့် ရွှေကျင်ဒေသ၌ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ကို တိုးချဲ့စီမံဆောင်ရွက်ပေးနေသဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးဝေစည်လာတော့မည်ဖြစ်သည်။

ယင်းဒေသသည် အရှေ့ရိုးမတောင်စွယ်ပေါ်တွင်တည်ရှိပြီး အရှေ့ဘက်နှင့် မြောက်ဘက်ဒေသများမှာ တောင်ကုန်း၊ တောင်တန်းများ၊ တောင်ကြား၊ မြေပြန့်များဖြစ်ကြ၍ အနောက်ဘက်နှင့်တောင်ဘက်ဒေသတွင် နိမ့်ကာညီညာသော မြစ်ဝှမ်းဒေသများဖြစ်သည်။ အဆိုပါဒေသနယ်နိမိတ်အတွင်း ကျေးရွာအုပ်စု ၃၁ အုပ်စု၊ ကျေးရွာပေါင်း ၈၂ ရွာနှင့် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်ပါဝင်သည်။ ရွှေကျင်ဒေသ မြို့ပြနှင့်ကျေးလက်တို့ ဟန်ချက်ညီဘက်စုံဖွံ့ဖြိုးလာစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတို့၏ ပါဝင်ကူညီမှု၊ ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ကြိုးပမ်းလာမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

အထူးသဖြင့် ကျောင်းများဥပမိရုပ်ကောင်းစေရန်ပြုပြင်ပေးနေသည်။ တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးသည်။ ကျောင်းများအဆင့်မြှင့်တင်ပေးသည်။ ထို့ပြင် ကျေးရွာချင်းဆက်လမ်းများ ကျေးရွာတွင်းလမ်းများကောင်းမွန်အောင် စီမံပေးသည်။ အချို့သောကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးနေသည်။

မျက်မှောက်ကာလတွင် ရွှေကျင်ဒေသ မြို့ရွာစည်ပင်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွဲဝေချထားပေးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ရွှေကျင်မြို့နယ် မဘီးကျေးရွာအုပ်စု မဘီးလေးကျေးရွာလမ်းပေါ်ရှိ သစ်သားတံတား၊ ညောင်ခြေထောက်ကျေးရွာ မြေသားလမ်းပေါ်ရှိ သစ်သားတံတား၊ ဆုန်ကုန်းကျေးရွာအုပ်စု ဆုန်ကုန်းရွာ လူသွားလမ်း တာဖို့ခြင်းနှင့် ရေထိန်းတံခါးတည်ဆောက်ပေးနေမှုနှင့် အင်္ဂနီကျေးရွာအုပ်စု ကျောက်တန်ကျေးရွာတွင် နှစ်လက်မရေတွင်း တူးဖော်ပေးမှုတို့ကိုလည်း မကြာမီအကောင်အထည်ဖော်လုပ်ဆောင်ပေးတော့မည် ဖြစ်သည်။

တစ်ဖန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ခွဲဝေချထားပေးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေ၊ ဒေသခံပြည်သူများထည့်ဝင်လှူဒါန်းငွေ ပေါင်းစည်းမှုအင်အားဖြင့် ရွှေကျင်မြို့အဝင် မုခ်ဦးအဝင်လမ်း ကတ္တရာခင်းကျင်းနေမှုနှင့် ကွန်ကရစ်မြောင်းကူးတံတားနှစ်စင်းကိုလည်း တည်ဆောက်ပေးထားပြီး ဖြစ်သည်။ ထို့အပြင် ရွှေကျင်မြို့တွင် မြို့ကျက်သရေဆောင် ခေတ်မီမြို့နယ်ခန်းမဆောင်ကိုလည်း ဆောက်လုပ်လျက်ရှိရာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့အပြင် ရွှေကျင်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများသာမက ဒေသခံပြည်သူများကလည်း တာဝန်ရှိစိတ်ထားဖြင့် ဌာနဆိုင်ရာနှင့်ပြည်သူ ညီနှိုင်းပေါင်းစပ်ကာ စုပေါင်းစွမ်းဆောင်သည့် လုပ်အားနှင့် သဒ္ဓါကြည်လင်စေတနာရှင်တို့၏ အလှူငွေအားတို့ဖြင့် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ဒလဆိပ်ကျေးရွာအုပ်စုရှိ သစ်ဖယောင်းတန်းကျေးရွာနှင့် လိန်ပင်ဝဲကျေးရွာ နှစ်ခုကြားရှိ မိုးရာသီစစ်တောင်းမြစ်ရေလျှံသည့် အချိန် လယ်ယာမြေအချို့ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ရေကာတာဆောင်ရွက်ပေးမှု၊ မေ ၁၂ ရက်က ခုတင် (၁၀၀)ဆံ့ ဆေးရုံဝင်းအတွင်း အကျယ်အဝန်း (၆၆×၂၉×၁၄)ပေရှိ ကျပ်သိန်း ၂၅၀ခန့် အကုန်အကျခံတည်ဆောက်ထားသော တစ်ထပ်တိုက် သံဃာ့ဆေးရုံကုသဆောင်၊ ၂၀၁၃ ခုနှစ် မတ် ၂၃ ရက်က ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးတွင် တိကျ၍ ထိရောက် သောကုသမှုများ ပိုမိုဆောင်ရွက်နိုင်ရန် ဂျပန်နိုင်ငံသို့ PROSOUND-2 စက်အမျိုးအစား Ultrasound စက်ကြီးတပ်ဆင်မှု၊ ဇွန် ၂၉ ရက်က ယာဉ်သွားယာဉ်လာရှုပ်ထွေးသော ညဈေးလမ်းဆုံ၌ ခေတ်မီမီးပွိုင့်လေးခု တပ်ဆင်ထားမှု၊ မြို့အတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့နည်းစေရန် ခေတ်မီစက်ယန္တရားကြီးများအသုံးပြုပြီး ရေထုတ်မြောင်းတူးဖော်မှုတို့ကို အားသွန်ခွန်စိုက် ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော်ခဲ့ကြသည်။

အဆိုပါ ရွှေကျင်ဒေသ၏ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူအချို့နှင့် ဒေသခံပြည်သူတို့ကို မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က "အရင်တုန်းကသွားရေးလာရေးအလွန်ခက်ခဲတဲ့ဒေသပေါ့ဗျာ၊ အခုတော့ စစ်တောင်းမြစ်ကို(ရွှေကျင်-မဒေါက်)တံတားကြီးဖြင့် ဖြတ်ကူးပြီး ရွှေကျင်-မဒေါက်-ညောင်လေးပင် ခေါက်တုံ့ခေါက်ပြန်တံတားပေါ်မှ သွားလာနေကြပါပြီ၊ ကုန်ပစ္စည်းတွေကိုလည်း ထော်လာဂျီတို့၊ ဆိုင်ကယ်တို့နှင့်သယ်နေကြပြီလေ။ ယခင်ကလိုခြောက်သွေ့မနေတော့ဘဲ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာမှုနဲ့အတူ စီးပွားရေးဖွံ့ဖြိုးမှု အသီးအပွင့်များ ဒေသခံပြည်သူတွေခံစားနေရပြီပေ့ါ၊ အရင်က တံတားဟောင်းကအိုနေပြီ။ အလေးချိန်များတဲ့ ယာဉ်ကြီးများ ဖြတ်သန်းသွားလာလို့မရ ဖြစ်နေတာရယ်၊ လမ်းကကျဉ်းပြီး တစ်စီးပြီးမှတစ်စီးသွားလာနေရတဲ့ အခက်အခဲတွေကို နိုင်ငံတော်အစိုးရက စေတနာထားကာ မဒေါက်ကလေးဘေလီတံတားဟောင်းဘေးတစ်ဖက်မှာ သံကူကွန်ကရစ်နောက်ထပ် မဒေါက်ကလေးတံတားသစ်ကြီးတစ်စင်း တည်ဆောက်ပေးနေတာ အခုဆိုရင် ၆၅ ရာခိုင်နှုန်းလောက် ပြီးနေပြီလို့ သိရတယ်ခင်ဗျ"ဟု ကျေနပ် ဝမ်းသာဂုဏ်ယူစွာဖြင့် ပြောပြသည်။

ရွှေကျင်ဒေသခံ ဂန့်ဂေါ်ဝိုင်းရပ်ကွက်နေ ဦးလှမြင့်ကလည်း "ကျွန်တော်တို့ ဒေသခံတွေအတွက်တော့ ဖော်မပြနိုင်အောင် ဝမ်းသာနေတာပါ၊ အရင်တုန်းက စစ်တောင်းမြစ်ပိုင်းခြားထားတော့ သွားရေးလာရေး အလွန်ခက်ခဲတဲ့ ဒေသပေါ့၊ လှေတစ်တန်၊ လှည်းတစ်တန်နဲ့ပဲ ကူးလူးသွားလာနေရတာ။ ပြည်သူတွေရဲ့ လိုအပ်ချက် တံတားကြီးတွေကို ဖြည့်ဆည်းပေးတဲ့ နိုင်ငံတော်ရဲ့ စေတနာကို ဘယ်တော့မှ မမေ့ပါဘူး။ ကျွန်တော်တို့ ရွှေကျင်ဒေသခံ ကျေးရွာတွေ မကြာခင်မှာ ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ"ဟု ပြောပြသည်။

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြောင်းလဲတိုးတက်နေသည်ကို မြင်တွေ့ရသလို ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်စီမံမှုဖြင့် ရွှေကျင်မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးနေမှုများအပေါ် ရွှေကျင်ဒေသခံပြည်သူများက အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိပါကြောင်း သိရှိရမှုများကို ကွင်းဆင်း ရေးသားတင်ပြလိုက်ရပါသည်။

ရွှေကျင်မြို့ အခြေခံပညာအထက်တန်းနှစ်ထပ်ကျောင်းဆောင် တည်ဆောက်ထားမှုကို ဤသို့တွေ့မြင်ရသည်။

ပိန်းဇလုပ်-သိန်းညွှန့်

ပြည်ထောင်စုသားတို့ရဲ့.... တိုင်းရင်းသားကျေးရွာ

မြန်မာပြည်တစ်နံ့တစ်လျားက…
တိုင်းရင်းသားမျိုးနွယ်စုတွေ…မိသားစုတွေ…
ရေမြေအလိုက် စုပေါင်းနေထိုင်…
ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို…
တစ်စုတစ်စည်းတည်း ရှုမြင်ခံစားရအောင်…
အပန်းဖြေ…အနားယူရင်း…လေ့လာရအောင်
လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်ချင်တယ်
ပဲခူးမြစ်နဲ့သံလွင်တံတားကြီးနံဘေးက
ပြည်ထောင်စုသားတို့ရဲ့… နှလုံးသားအိမ်
ပြည်ထောင်စုစိတ်ဓာတ်တွေ… မွေးဖွားပေးရာ (ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ)၂
ပြည်ထောင်စုသားတို့ရဲ့… တိုင်းရင်းသားကျေးရွာ

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်ချင်းယှက်၍ ပေါင်းစည်းညီညွတ်သည့်သဘော ဖော်ဆောင်ထားသည်ကို တွေ့ရစဉ်။

လွန်ခဲ့သော ၁၁နှစ်ခန့်က "ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ"အမည်ရသီချင်းလေးတစ်ပုဒ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ဖူးပါသည်။ တေးပြုစာဆို ဟသ်ာတဦးမြင့်ငွေ၊ တေးသံရှင် ရတနာဦး၊ သရုပ်ဆောင်ရတနာခင်တို့ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြားမှကိုထင်လင်းက ရိုက်ကူးပေးလျက် ကိုကျော်ကျော်၊ မသူသူအေးတို့ဇနီးမောင်နှံက တည်းဖြတ်ပေးခြင်းဖြစ်ပါသည်။ ဆရာဦးမြင့်ငွေ၏ ကူညီပေးမှုဖြင့် ဂီတအစည်းအရုံးအောက်ထပ်ရှိ စတူဒီယို၌ အသံသွင်းယူခဲ့သည်။ သီချင်း၏ ဒုတိယအပိုဒ်တွင် ရှေးဗမာကြီးများရဲ့ ရိုးရာအိမ်ဟု သီဆိုရမည်ဖြစ်သော်လည်း မရတနာဦးက ရှေးမြန်မာကြီးများရဲ့ ရိုးရာအိမ်ဟု သီဆိုထားသဖြင့် ပြန်လည်ပြင်ဆင်အသံသွင်းပေးပါရန် အကူအညီတောင်းခံခဲ့ရာ နောက်တစ်ကြိမ် မညည်းမညူလာရောက် သီဆိုပေးသည်ကို ကျေးဇူးတင်စွာအမှတ်ရလျက်ရှိပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ် သန်လျင်တံတားအနီးရှိ မြေဧက ၁၁၁ ဒသမ ၄၁၅ဧကပေါ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးတစ်ရွာဖြစ်ပေါ်လာစေရေးအတွက် ၁၉၉၆ခုနှစ် ဇန်နဝါရီ ၂၃ရက်၌စီမံကိန်းလုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စတင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပီပီပြင်ပြင်ဖြစ်ပေါ်လာနိုင်ခြင်းမရှိဘဲ အဝင်ဂိတ် (Grand Gate)နှင့် တောင်ကုန်းတောင်တန်းအတုများ၊ လက်မှုအနုပညာများပြသရန် ပြခန်းဆောင်များ(စဥ့်ရွာ)ကိုသာ ဆောက်လုပ်ပြသနိုင်ခဲ့ပါသည်။ ၂၀၁၂ခုနှစ်ဆန်းပိုင်းတွင်မှ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် (ယခုသမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်)၏ ကွပ်ကဲကြပ်မတ်မှုဖြင့် တိုင်းရင်းသားရိုးရာအိမ်များနှင့် ဒေသအထိမ်းအမှတ် အဆောက်အအုံများ စတင်ဆောက်လုပ်ခဲ့ပြီး၊ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ နန်းမြင့်မျှော်စင်၊ Food Centre၊ ပြည်ထောင်စုခန်းမကြီး၊ ဂိတ်အဝင်မုခ်ဦးတို့ကို တည်ဆောက်ခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ထောင်ဖွင့်လှစ် ပြသရခြင်းရည်ရွယ်ချက်မှာ "မြန်မာနိုင်ငံအတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစ်စုတစ်စည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေရန် " ဖြစ်သည်။

ကျေးရွာအလိုက် ရိုးရာအိမ်များ ဆောက်လုပ်ရာတွင် ကချင်ရိုးရာအိမ်ပုံစံကို ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ကရယူကာ ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြီးကြပ်ကူညီတည်ဆောက်ပေးခဲ့သည်။ ကယားရိုးရာအိမ်ကို ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လည်းကောင်း၊ ကရင်ရိုးရာအိမ်ကို ဆရာကြီးဒေါက်တာစောဆိုင်မွန်သာ ဦးစီးသည့် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကလည်းကောင်း၊ ဝိုင်းဝန်းကူညီတည်ထောင်ပေးခဲ့သည်။ အလားတူချင်းရိုးရာအိမ်ကို ချင်းပြည်နယ်ယဉ်ကျေးမှုပြတိုက်မှ ပုံစံပေးပို့ပြီး ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့သည်။ ဗမာရိုးရာအိမ်ကိုမူ ရန်ကုန်နည်းပညာတက္ကသိုလ်က ပုံစံထုတ်၍ စည်ပင်သာယာရေးဦးစီးဌာန (ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)မှ အင်ဂျင်နီယာက တာဝန်ယူတည်ဆောက်ခဲ့သည်။ မွန်ရိုးရာအိမ်ကို ဦးစီးဆောက်လုပ်ခဲ့သော အဘနိုင်ဘရှင်ပင်လျှင် ကွယ်လွန်ခဲ့ပေသည်။ အဘနိုင်ဘရှင်သည် ကျောက်စာပညာရှင်တစ်ဦးလည်းဖြစ်ပါသည်။ ရခိုင်ရိုးရာအိမ်ပုံစံကို ရခိုင်ပြည်နယ်ယဉ်ကျေးမှု ပြတိုက်မှ ရယူခဲ့ပြီး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဇံ (ယခုယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပညာရှင်) က ကြီးကြပ်ဆောက်လုပ်ပေးခဲ့သည်။ ရှမ်းရိုးရာအိမ်မှာ မိုင်းမဒေသရိုးရာ အိမ်ပုံစံအတိုင်းဖြစ်ပြီး ရှမ်းယဉ်ကျေးမှုအဖွဲ့မှ ဒေါ်နန်းဝိုးဆိုင်တို့က ကူညီခဲ့ပါသည်။

ကျေးရွာအလိုက် ရိုးရာအိမ်များ ဆောက်လုပ်ခဲ့သည့်နည်းတူ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ နေရာဒေသအလိုက် ထင်ရှားသော သင်္ကေတများ၊ ယဉ်ကျေးမှုအဆောက်အအုံများ၊ သဘာဝအဆောက်အအုံများတည်ဆောက်ပြသပေးခဲ့ရာ ရှမ်းရွာအတွက် အင်းလေးကန်၊ ကယားရွာအနီးတွင် တောင်ကွဲစေတီ၊ ကချင်ရွာ၌ မနောကွင်းနှင့် ခါကာဘိုရာဇီတောင်၊ ချင်းရွာအနီး၌ ရိဒ်ရေကန်၊ ဗမာရွာအတွက် မင်းကွန်းခေါင်းလောင်းကြီး၊ မွန်ရွာ၌ ကျိုက်ထီးရိုးစေတီတော်နှင့်မွန်ရိုးရာ ဆွမ်းလောင်းဇရပ်၊ ရခိုင်ရွာတွင် ထုက္ကန့်သိမ်ပုထိုးတော်၊ ကရင်ရွာ၌ ဇွဲကပင်တောင်နှင့် ဖားစည်ကြီးတို့ကို တည်ဆောက်ပြသထားသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် လာရောက်ကြည့်ရှု လေ့လာသူများကို စိတ်အပန်းပြေစေရုံမျှမက ရိုးရာအိမ်တစ်အိမ်ချင်းစီ၏ အိမ်ဆောက်လုပ်မှုနှင့် ပတ်သက်သော ထုံးတမ်းစဉ်လာများ၊ တိုင်းရင်းသားသွေးချင်းများ၏ မိသားစုနေထိုင်ပုံဓလေ့စရိုက်များ၊ ဆင်ယင်ထုံးဖွဲ့မှုများ၊ ယဉ်ကျေးမှုအနုပညာများ၊ လက်မှုအတတ်ပညာများကို တွေ့မြင်မှတ်သားရမည်ဖြစ်သည်။ အိမ်ခန်းများဖွဲ့စည်းမှုကို ကြည့်လိုက်ရုံဖြင့် တိုင်းရင်းသားများ၏ ဘာသာတရားကိုင်းရှိုင်းမှု၊ လူကြီးမိဘများအပေါ် ရိုသေလေးစားဂါရဝတရားထားရှိမှု၊ မိသားစုအတွင်း စည်းလုံးညီညွတ်စွာနေထိုင်မှုနှင့် အပျိုလူပျိုဆက်ဆံရေး ထုံး ဓလေ့များကိုပါ လေ့လာသိရှိနိုင်မည်ဖြစ်ပေသည်။ ရိုးရာအိမ်များတွင် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အနုပညာတူရိယာပစ္စည်းများကိုလည်း စုဆောင်းပြသထားသည်။ ၎င်းပြင် ပဲခူးမြစ်နံဘေး၌ လမုတောများ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ကို လေ့လာနိုင်ပါသည်။

တိုင်းရင်းသားကျေးရွာအဝင်ဝရှိ မုခ်ဦးကြီးသည် အခြေခံတိုင်ကြီး ရှစ်တိုင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ရာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ပေါင်းစည်းညီညွတ်ခြင်းသဘော၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်စုစည်းယှက်နွယ် နေထိုင်လျက်ရှိကြသည့် သဘောတို့ကို ရည်ညွှန်းဖော်ဆောင်ထားပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွင်း တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်စွာ မှီတင်းနေထိုင်လျက်ရှိကြသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာငယ်လေးများစွာဖြင့် ဖြစ်တည်ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီး တစ်ရွာနှင့်လည်း ပမာတူပါသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ထွန်းကားရာ နေရာတစ်ခုဆိုလျှင်မမှားတန်ရာ။

မြင့်စိုး (နတလ)

မြန်မာနိုင်ငံအတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစုတစည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေရန်ဖြစ်

ကျေးရွာအလိုက် ရိုးရာအိမ်များဆောက်လုပ်ထားရာ ကယားရွာမှ ကယားပျိုမေလေးများကိုတွေ့ရစဉ်။

ရှမ်းပြည်နယ်

ထိရောက်အောင်မြင်လျက်ရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

၂၀၁၂-၂၀၁၃ခုနှစ်တွင် ဘိန်းခင်းစုစုပေါင်း ၇၁၂ ဒသမ ၀၀ ဧကကို ဖျက်ဆီးနိုင်ခဲ့စဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ထိရောက်အောင်မြင်ကြောင်းသိရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၁၁-၂၀၁၂ခုနှစ်တွင်ဘိန်းခင်းစုစုပေါင်း ၂၂၅ ဒသမ ၄၆ ဧကဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဘိန်းခင်း စုစုပေါင်း ၇၁၂. ၀၀ဧက ဖျက်ဆီးခဲ့သည်။ နှိုင်းယှဉ်ကြည့်ပါက ဘိန်းစိုက်ပျိုးမှု လျော့နည်းသွားခြင်းပင်ဖြစ်သည်။ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့်အတူ နယ်မြေအေးချမ်းသာယာ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် ဌာနဆိုင်ရာများက နယ်မြေကွင်းဆင်းနိုင်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကာကွယ်တားဆီးနှိမ်နင်းရေးအနေဖြင့် ၂၀၁၂ ခုနှစ်တွင် (၁၇၃) ကြိမ် ဖမ်းဆီးခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၂၆၇၇၆ ပြား၊ စိတ်ကြွဆေးမှုန့် ၃ ဒသမ ၁၁၅ ကီလိုဂရမ်၊ ဘိန်းညိုမှုန့် ၅ကီလိုဂရမ်၊ အိုက်စ် ၈၁ ဒသမ ၀၂၅၈၈ ကီလိုဂရမ်၊ ဘိန်းစိမ်း ၈ ဒသမ ၆၉၉၈၄ ကီလိုဂရမ်၊ ကဖင်း ၁၄၅၅ ဒသမ ၈၃၅ကီလိုဂရမ်၊ အက်ဖီတမင်းမှုန့် ၂၄၀ ကီလိုဂရမ်၊ ကော်မှုန့်(အဖြူ/အဝါ) ၃၅၃ ကီလိုဂရမ်၊ ဘိန်းဖြူဘလောက်တုံး ၂၈၇ ဒသမ ၈၃၉၆၄၈၈ ကီလိုဂရမ်၊ မျောက်တံဆိပ်အမွှေးရည် ၁၀၀၀စီစီပါ တစ်ပုလင်းစုစုပေါင်းကာလတန်ဖိုးကျပ် ၄၅၀၁၂၀ ဒသမ ၅၄၉၅ သိန်းဖိုး ဖမ်းဆီးရမိခဲ့သည်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၁၅၄ ကြိမ်ဖမ်းဆီးရရှိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၄၁၂၃ပြား၊ စိတ်ကြွဆေးမှုန့် ၂ဒသမ ၀၃၅ ကီလိုဂရမ်၊ ဘိန်းမည်း/ဘိန်းချေး ၈ ဒသမ ၈၅၂၂၆ ကီလိုဂရမ်၊ အိုက်စ် ၃၃ ဒသမ ၅၈၃ ကီလိုဂရမ်၊ ဘိန်းစိမ်း ၆ ဒသမ ၉၃၂ ကီလိုဂရမ်၊ အက်ဖီတမင်း ၁၀၁ ဒသမ ၀၀ ကီလိုဂရမ်၊ ပန်းရောင်ဆိုးဆေးအရည်/အနံ့ ဆေးရည် ၂၀၀၀၄ ဒသမ ၀၁ လီတာ၊ လိမ္မော်ရောင်အမှုန့် ၀ ဒသမ ၀၀၀၅ ဂရမ်၊ Methadone HLC အဝါရောင်ဆေးရည် ၂၅၀ မီလီလီတာ၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၆၃၆၀၀ပြား၊ အိမ်သုံးဆေးဝါးအမျိုးမျိုး ၃၁၄၀၀တောင့်၊ ဘိန်းဆီအရည် ၇၀၀ မီလီမီတာ NASOLIN စာတန်းပါချောင်းဆိုးပျောက်ဆေး ၄၈၀၀၀ပြား၊ စုစုပေါင်းကာလတန်ဖိုး ကျပ် ၈၈၄၆၆ ဒသမ ၀၈၆၅ သိန်းဖိုး ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ့်ဖားလုံဖောင်ဒေးရှင်း စီမံကိန်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ခြောက်နှစ်ကာလ ဆောင်ရွက်လျက်ရှိရာ တာချီလိတ်ခရိုင် လွယ်တော်ခမ်း(၂)အုပ်စုမှ ကျေးရွာ ၁၂ရွာ၊ မိုင်းဆတ်ခရိုင် မိုင်းတွင်းဒေသတွင် ကျေးရွာ ကိုးရွာစတုံးအုပ်စု မယ်ကြုတ်/လွယ်ပါရင်ဒေသတွင် ကျေးရွာခုနစ်ရွာ၊ နားယောင်း "ဝ" ဒေသတွင် ကျေးရွာလေးရွာ စုစုပေါင်း ၃၂ ရွာကို ဆောင်ရွက်ခြင်းဖြင့် ၄င်းဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှု/စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဘိန်းအစားထိုးသီးနှံများအဖြစ် မိုင်းဆတ်ခရိုင် မိုင်းတွင်းအုပ်စု တောင်သူပညာပေးစိုက်ခင်းနှင့် မယ်ကြုတ်-(၂) ကျေးရွာ ယာယီစိုက်ပျိုးခြံတွင် တစ်ရှူးငှက်ပျောပျိုးပင် ၂၀၅၀၀ကို ပျိုးအိတ်အတွင်း စိုက်ပျိုးထားပြီးဖြစ်သည်။ တာချီလိတ်ခရိုင် ဂျောဖကျေးရွာနှင့် ဖလောက်ကျေးရွာအကြားတွင် နာနတ်လေးဧက စမ်းသပ်စိုက်ပျိုးရန် ပျိုးပင် ၁၀၀၀၀အနက် အပင် ၆၀၀နှင့် တစ်ရှူးငှက်ပျောပျိုးပင် ၄၃၃၄၈ ပင်ကို ပျိုးအိတ်အတွင်း စိုက်ပျိုးထားခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးများ ထိရောက်အောင်မြင်လျက်ရှိသကဲ့သို့ ဘိန်းအစားထိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် ကျေးလက်နေတိုင်းရင်းသားပြည်သူများ လူမှု/စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်။

ချင်းပြည်နယ်

ချင်းပြည်နယ်တွင်ဖွံ့ဖြိုးရေးလုပ်ငန်း ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့် စတင်မည်

ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ထောက်ပံ့မှုဖြင့် အောက်တိုဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထုအခြေပြု ဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းသည် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း ကျေးရွာများအတွင်းရှိ ဒေသခံကျေးလက်ပြည်သူများ ကိုယ်တိုင်ရွေးချယ်ထားသည့် အဆောက်အအုံများ၊ လမ်းတံတားနှင့် ကျောင်းများကို ပြုပြင်ခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်းကို ဒေသခံများပါဝင်ထားသည့် ကော်မတီအဖွဲ့များ ကိုယ်တိုင် ငွေကြေးစီမံခန့်ခွဲခြင်း၊ ဆောက်လုပ်ရေးအတွက် ဦးစီးဆောင်ရွက်ပြီး စီမံကိန်းအကောင်အထည်ဖော်မည့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကမ္ဘာ့ဘဏ်အဖွဲ့က စက်တင်ဘာလအတွင်း၌ ကွင်းဆင်းလေ့လာခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းပထမနှစ် ၂၀၁၃- ၂၀၁၄ခုနှစ်တွင် ရှမ်းပြည်နယ် နမ့်ဆန်(မြောက်)မြို့နယ်၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် တနင်္သာရီကျွန်းစုမြို့နယ်တို့တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ရာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတစ်စုလျှင် ပျမ်းမျှတစ်နှစ်လျှင် ကျပ်သိန်း ၂၄၀ ထောက်ပံ့ငွေဖြင့် ကျေးလက်အခြေခံ အဆောက်အအုံများ ဆောက်လုပ်နိုင်မည်ဖြစ်ပြီး သုံးနှစ်ဆက်တိုက် ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်၏အကူအညီ အမေရိကန် ဒေါ်လာ သန်း ၈၀ ဖြင့် ချင်းပြည်နယ်ရှိ ကန်ပက်လက်မြို့နယ်အပါအဝင် တိုင်းဒေသ ကြီး/ ပြည်နယ် ၁၄ခုနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာတိုင်းတွင် လူထုအခြေပြုချဉ်းကပ်မှုဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

နိုင်ငံတကာအားကစား

Date - 6 Octber 2013
Kick-off- 01:15
Venue - San Sire Stadium

INTER MILAN Vs AS ROMA

Team	League	Cup	Italia Super Cup	EuropeanCup	UEFA Cup	Cup Winner's Cup	UEFA Super Cup	Intercontinental Cup	Club World Cup	Total
အင်တာ	၁၈	၇	၅	၃	၃	-	-	၂	၁	၃၉
ရိုမာ	၃	၉	၂	-	-	-	-	-	-	၁၄

PREDICTED TEAM

အင်တာမီလန်သည် ယခုနှစ်၌ ခြေစွမ်းပိုင်းကောင်းမွန်နေသည်။ ခြောက်ပွဲကစားပြီးချိန်တွင် အရှုံးမရှိသေးပေ။ အထူးသဖြင့် အင်တာမီလန်တို့၏ တိုက်စစ်သည် ယခုနှစ်၌ ဂိုးသွင်းမယူနိုင်သော ပွဲဟူ၍ မရှိသေးပေ။

KEY PLAYER

ပလာစီယို(တိုက်စစ်)

ယခုနှစ်စီးရီးအေပွဲကစားမှု	- ၅(၁)ပွဲ
ယခုနှစ်စီးရီးအေသွင်းဂိုး	- ၃ဂိုး
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၁၆၉ဂိုး
စီးရီးအေစုစုပေါင်းသွင်းဂိုး	- ၁၅ဂိုး
အင်တာအတွက် စုစုပေါင်းပွဲကစားမှု	- ၄၄ပွဲ
အင်တာအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး	- ၂၅ဂိုး



PREDICTED TEAM

ရိုးမားသည် ယခုနှစ်၌ အသင်းကို ပြင်ဆင်မှုများစွာ ပြုလုပ်ခဲ့သော်လည်း ကစားသမျှ ခြောက်ပွဲစလုံး အနိုင်ရသည်အထိ ခြေကောင်းနေသည်။ အထူးသဖြင့် ခံစစ်က တစ်ပွဲသာဂိုးပေးရသည်အထိ ကျစ်လျစ်သည်။

KEY PLAYER

ဖလော်ရန်ဇီ(ဗဟိုတိုက်စစ်မှူး)

ယခုနှစ်ရာသီ စီးရီးအေကစားမှု	- ၅(၁)ပွဲ
ယခုနှစ်စီးရီးအေသွင်းဂိုး	- ၃ဂိုး
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၂၅ဂိုး
စီးရီးအေ စုစုပေါင်းသွင်းဂိုး	- ၉ဂိုး
ရိုးမားအတွက် စုစုပေါင်းပွဲကစားမှု	- ၄၃ပွဲ
ရိုးမားအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး	- ၉ဂိုး

Last 5 matches record

D(1-1)	W(2-1)	W(0-7)	D(1-1)	W(0-3)

Last 5 matches record

W(5-0)	W(0-2)	W(2-0)	W(1-3)	W(3-0)

စီးရီးအေ ပွဲစဉ်(၇)

ခီယေဗို	-	အတ္တလန်တာ	ည ၁၀း၃၀	(၅-၁၀-၂၀၁၃)
အင်တာ	-	ရိုးမား	နံနက် ၁း၁၅	(၆-၁၀-၂၀၁၃)
ပါးမား	-	ဆာစူအိုလို	ညနေ ၅း၀၀	(၆-၁၀-၂၀၁၃)
ဘိုလော့ဂ်နာ	-	ဗီရိုနာ	ည ၇း၃၀	(၆-၁၀-၂၀၁၃)
ကာတာနီးယား	-	ဂျီနိုအာ	ည ၇း၃၀	(၆-၁၀-၂၀၁၃)
နာပိုလီ	-	လီဗော်နို	ည ၇း၃၀	(၆-၁၀-၂၀၁၃)
ဆမ်ဒိုးရီးယား	-	တိုရီနို	ည ၇း၃၀	(၆-၁၀-၂၀၁၃)
အူဒီးနီးစ်	-	ကယ်ဂလီယာရီ	ည ၇း၃၀	(၆-၁၀-၂၀၁၃)
ဂျူဗင်တပ်စ်	-	အေစီမီလန်	နံနက် ၁း၁၅	(၇-၁၀-၂၀၁၃)
လာဇီယို	-	ဖီအိုရင်တီးနား	နံနက် ၁း၁၅	(၇-၁၀-၂၀၁၃)

Five classic matches

အင်တာ ၂-၃ ရိုးမား
၁၈-၄-၁၃(ကိုပါအီတာလီယာ)

အင်တာအတွက် ဂျိုနသန်က ၂၂မိနစ်၌ပင် အဖွင့်ဂိုးသွင်းယူခဲ့သော်လည်း ၅၅၊၆၉၊၇၄မိနစ်တို့တွင် ဒက်စ်ထရိုနှင့် တိုရိုစီဒစ်တို့က သုံးဂိုးဆက်တိုက်ပြန်သွင်းနိုင်ခဲ့၍ မိနစ်၈၀တွင် အယ်ဗာရက်ဇ်က ဒုတိယဂိုးသွင်းနိုင်သည့်တိုင် အင်တာမီလန်တို့အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ရဖူးသောပွဲ ဖြစ်ခဲ့သည်။

အင်တာ ၁-၃ ရိုးမား
၃-၉-၁၂ (စီးရီးအေ)

ပွဲအစ ၁၅မိနစ်၌ပင် ဖလော်ရန်ဇီကရိုးမားအတွက် အဖွင့်ဂိုး သွင်းယူသွားမှုကို ပထမပိုင်းပြီးခါနီးတွင် ကာဆာနိုကပြန်ချေပနိုင်ခဲ့သည်။ သို့သော် ၆၇နှင့် ၈၁တို့တွင် အော့ဗယ်ဒိုနှင့် မာကွင်းဟိုတို့က ရိုးမားအတွက် ဂိုးများသွင်းခဲ့၍ အင်တာတို့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အင်တာ ၀-၀ ရိုးမား
၁၈-၉-၁၁ (စီးရီးအေ)

ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ဖော်လန်၊ မီလီတိုတို့၏ အင်တာတိုက်စစ်ကိုရိုးမားခံစစ်ကအကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည်။ ဇာရက်တီ၊ ဂျိုနသန်၊ မွန်တာရီတို့ကို ထပ်မံထည့်သွင်းသေးသည့်တိုင် ရိုးမားခံစစ်ကို မကျော်နိုင်၍ အင်တာတို့ အနိုင်မရခဲ့ပေ။

အင်တာ ၁-၁ ရိုးမား
၁၂-၅-၁၁ကိုပါအီတာလီယာ

အီတိုအပါအဝင် လူစုံသုံးခဲ့သော်လည်း ၅၈မိနစ်ရောက်မှသာ အဖွင့်ဂိုး သွင်းနိုင်ခဲ့သည်။ သို့သော် ဗူချီနစ်ကိုပါ ထည့်သွင်းပြီး တိုက်စစ်မြှင့်လာသည့်ရိုးမားကို မထိန်းနိုင်ဘဲ ၈၅မိနစ်တွင် ဘော်ရီရယ်လိုက ပြန်ချေပခဲ့၍ သရေကျခဲ့ရပြန်သည်။

အင်တာ ၅-၃ ရိုးမား
၇-၂-၁၁ စီးရီးအေ

အကြိတ်အနယ်ရှိလွန်းသည်။ ၆၃မိနစ်တွင် ရိုးမားခံစစ်မှူးဘာဒစ်ဆို အထုတ်ခံရသည့်တိုင် ပွဲပြီးခါနီးအထိ ၄-၃ဖြင့် အင်တာတို့အနိုင်ကို ခက်ခက်ခဲခဲထိန်းနေရသည်။ သို့သော် နောက်ဆုံးမိနစ်တွင် ကမ်ဘီယာဆိုက ဂိုးထပ်သွင်းနိုင်၍ ဂိုးထပ်သွင်းနိုင်၍ ၅-၃ဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းနှင့်ဘောလုံးပြိုင်ပွဲများ

မောင်ရွှေရိုး

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ အာဆီယံ ၁၀ နိုင်ငံအပြင် တီမောလက်စ်တေနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှသိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပြိုင်ပွဲများကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆီးဂိမ်းဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ဒီဇင်ဘာ ၁၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်းအမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ် တစ်ပွဲနှင့် အကြိုဗိုလ်လုပွဲနှစ်ပွဲ၊ ဗိုလ်လုပွဲကိုတော့ နေပြည်တော်ရှိ ဇေယျာသီရိဘောလုံးကွင်းကြီး၌ ကျင်းပသွားရန် စီစဉ်ထားသည်။ ယင်းအကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို ဇေယျာသီရိဘောလုံးကွင်း၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပရိသတ် ၃၀၀၀၀ ဝင်ဆံ့သည့် ဇေယျာသီရိဘောလုံးကွင်း၌ အမျိုးသားအုပ်စုတစ်ပွဲနှင့် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲသာ ကစားမည်ဖြစ်ကြောင်းသိရသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲများကိုတော့ အထက်မြန်မာပြည်မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ *စာမျက်နှာ ၂ သို့*

ဇေယျာသီရိဘောလုံးကွင်း